မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က စတည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၈၇)

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

ထူးခြားသည့် ညအပူချိန်များ

၂၅-၁၂-၂၀၁၂

ပင်လောင်းမြို့	၀ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
ခန္တီးမြို့	၁ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၂ ဒီဂရီစင်တီဂရိတ်

တိမ်အသင့်အတင့်

၂၆-၁၂-၂၀၁၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း China North Industries Corporation ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် China North Industries Corporation ဥက္ကဋ္ဌ Mr. Zhang Guoqing ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ သူရဦးအောင်ကို၊ ဦးလွန်းသီ၊ ဦးဝင်းစိန်၊ ဦးမောင်တိုးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် Mr. Zhang Guoqing ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျင်းဟွာလည်း တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း China North Industries Corporation ဥက္ကဋ္ဌ Mr. Zhang Guoqing ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

သဘာဝအလှအပများနှင့် စုဝေးနေသည့် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်း

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်မာတ်ပုံ-သန္တာစိုး

ဝေါ့. . . ဝေါ့. . . နှင့် ကြားနေရသည့် ရေလှိုင်းသံတို့က သာယာနာပျော်ဖွယ် ကောင်းလှသဖြင့် ပင်လယ်ကမ်းခြေ အိပ်ခန်းတံခါးကို အသာလေးဖွင့်ကြည့်လိုက်မိသည်။ တွေ့ရသည်က ပင်လယ်ပြာကြီး တစ်ခု. . . ။ ပြီးတော့ ဟို. . . ခပ်ဝေးဝေးကမ်းပေါ်မှာ စိမ်းညို့ညို့ အုန်းပင်တန်း၊ တလိပ်လိပ် တက်လာနေသည့် လှိုင်းခေါင်းဖြူ အိုအိုကလေး၊ နောက်. . . ရေလှိုင်းဖွေးဖွေးနှင့်ပါလာသည့် ခရုခွံလေး၊ နေရောင်ခြည်နုနုအောက်မှာ တလက်လက်နှင့် လင်းလက်တောက်ပနေသည့် သဲဖြူဖြူမွမွလေးများ. . . ထိုအရာများအားလုံးသည် ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်း၏ သင်္ကေတ အမှတ်တရအလှများ ဖြစ်သည်။

"ငွေဆောင်"။ သဘာဝအလှ အပများ စုဝေးတည်ရှိရာ ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်း၌ တည်ရှိပြီး ရန်ကုန်မြို့နှင့် ၁၄၄ မိုင် အကွာ၌ ရှိသည့် ပင်လယ်ကမ်းခြေတစ်ခုဖြစ်သည်။ ကမ်းခြေအလှ မိုင်အရှည်မှာ ကိုးမိုင်ရှည်ပြီး ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက ပင်လယ်ကမ်းခြေအပန်းဖြေစခန်း တစ်ခုအဖြစ် သတ်မှတ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ကမ်းခြေတွင် တည်းခိုခန်း ရှစ်ခု၊ ဟိုတယ် ၁၉ လုံးရှိပြီး အခန်းပေါင်း ၈၆၀ ကျော်ရှိသဖြင့် တစ်ပြိုင်တည်း ဧည့်သည် ၃၅၀၀ ခန့် တည်းခိုနိုင်သည်ဟု သိရသည်။

ငွေဆောင်ရွာမှ ဟိုတယ်များအထိ လေးမိုင်ခွဲကို နှစ်လမ်းသွား ကွန်ကရစ်လမ်းအဖြစ် ဟိုတယ်ဇုန်အသင်းက ခင်းထားသဖြင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့လျက်ရှိသည်။ ထို့ကြောင့် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသို့ ယမန်နှစ်က ဧည့်သည်ငါးသောင်းခန့်

စာမျက်နှာ ၁၀ ကော်လံ ၁ ▲

ရေလှိုင်းကြကြအုန်းပင်တန်း အလှတို့ဖြင့် သာယာလျက်ရှိသော ငွေဆောင်ကမ်းခြေကို ဤသို့တွေ့ရစဉ်။

ယနေ့ မာတိကာ

မည်သည့် အရာမဆို သင်ခန်းစာယူတတ်ခြင်းဖြင့် ဘဝတိုးတက်ကြောင်း လမ်းကောင်းကို ရောက်စေနိုင် ခေါင်းကြီး စာ-၂

အမေရိကန် တွင် ဆီးနှင်းများ ထုသုံးပေအထိ မြင့်တက် စာ-၄

နလုံးတွင်း အရက်ပြန်ထိုးသွင်းကာ အရေးပေါ်လူနာ၏ အသက်ကို ကယ်တင် စာ-၅

လွတ် လပ် ခြင်း ၏ အနှစ်သာရနှင့် ပြည့်ဝသော ဒီမိုကရေစီ တည် ဆောက် ရေး လမ်းကြောင်းများ စာ-၉

ဘရာဇီး ကွင်းလယ်ကစားသမား မန်စီးတီး ခေါ်မည် စာ-၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဇာဘ်

ယူတတ်လျှင်သင်ခန်းစာ

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် နေ့စဉ်မြင်တွေ့ရသော အကြောင်းအရာတို့အပေါ် လေ့လာဆန်းစစ်ကြည့်လျှင်အကောင်းတွေလည်း တွေ့ရသည်။ အဆိုးတွေလည်း တွေ့ရသည်။ အဆိုးလည်းမဟုတ်၊ အကောင်းလည်းမဟုတ် မဆိုးမကောင်းများလည်း ရှိချေသေး၏။ ဤ လောကကြီးကိုက အကောင်းချည်းသက်သက်၊ အဆိုးချည်းသက် သက်ရှိသော ကမ္ဘာမဟုတ်။ အကောင်းအဆိုးတို့ ဒွန်တွဲလျက်ရှိသော ကမ္ဘာကြီးပင်ဖြစ်၏။

မည်မျှပင်အကောင်းအဆိုးတို့ ဒွန်တွဲနေစေကာမူ အဆိုးထဲက အကောင်းကို ရှာနိုင်ရမည်။ အကောင်းကို ရယူတတ်ရပေမည်။ စကားတစ်ခွန်းမှတ်သားဖူး၏။ သစ်ဝါးတို့ကိုရယူရာတွင် အဆိုးများကိုပယ်ပြီး အကောင်းကိုရယူရမည်ဟူ၍ ရှေးရှေးပညာရှိတို့က ဆိုခဲ့လေသည်။ ဤစကားနှင့်ညီစွာပင် လူတို့မှာလည်း မကောင်းသောအဖြစ်အပျက်၊ အပြောအဆို၊ အမူအကျင့်တို့ကို ပယ်မည်။ ကောင်းသောအဖြစ်အပျက်၊ အမူအကျင့်တို့ကို အတုယူအပ်၏။ သင်ခန်းစာယူသင့်၏။ ယူတတ်လျှင် သင်ခန်းစာဖြစ်၏။

အတုယူခြင်းနှင့် သင်ခန်းစာယူခြင်းကား အနည်းငယ်ကွဲပြား၏။ အတုယူခြင်းသည် မိမိပတ်ဝန်းကျင်တွင် မြင်တွေ့နေရသော အရာတို့အပေါ် ထိုကဲ့သို့ လိုက်နာကျင့်သုံးခြင်းဖြစ်၏။ သင်ခန်းစာယူခြင်းကား ဖြစ်ပြီးသမျှ အကြောင်းအရာအဖြစ်အပျက်တို့အပေါ် ဆင်ခြင်တုံတရားဖြင့် သုံးသပ်ခြင်းဖြစ်၏။ မကောင်းသောလမ်း၊ မကောင်းသောအပြုအမူတို့အပေါ် နောင်တ တစ်ဖန်မဖြစ်ရလေအောင် ရှောင်ကြဉ်ခြင်းပင်ဖြစ်၏။

ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲနေသည့် ခေတ်ကြီးဖြစ်သည့်အလျောက် အတုယူဖွယ်၊ သင်ခန်းစာယူဖွယ်တို့ မြားမြောင်လှပေစွ။ ကောင်းသော အတုယူခြင်းနှင့်ကောင်းသော သင်ခန်းစာယူခြင်းဖြစ်ရန်သာ အရေးကြီးပေ၏။ အထူးသဖြင့် လူငယ်လူရွယ်တို့အနေဖြင့် အတုယူမမှားမိစေရန် အရေးကြီး၏။ မှားယွင်းသော အတုယူခြင်းသည် ဘဝတစ်လျှောက်လုံး ညစ်နွမ်းသွားစေနိုင်၏။ ထိုညစ်နွမ်းမှုသည် လျှော်ဖွပ်ရန်ခက်ခဲ၏။ ပြင်ဆင်ရန်ခက်၏။

ဤသို့မဖြစ်စေရန် သင်ခန်းစာယူတတ်ကြရ၏။ မိမိပတ်ဝန်းကျင်တွင် နေ့စဉ်နှင့်အမျှ အကြောင်းအရာမျိုးစုံတို့ဖြစ်ပျက်နေ၏။ မည်သူတို့သည် မည်သည့်အမှုကိစ္စတို့ကို လွဲမှားစွာ လုပ်ကိုင်ဖြောဆိုမိ၍ မည်သို့ဖြစ်ရလေသနည်း။ ထိုကဲ့သို့ မဖြစ်စေရန် မည်သို့ဆင်ခြင်ကြမည်နည်း။ မည်သည့်အရာမဆို ယူတတ်လျှင် သင်ခန်းစာဖြစ်၏။ သင်ခန်းစာယူတတ်ခြင်းသည် မကောင်းသောဘေး၊ မကောင်းသောအန္တရာယ်မှ ရှောင်ကွင်းနိုင်၏။ ဘဝတိုးတက်ရေးလမ်းကောင်းလမ်းမှန်ကို ရောက်စေနိုင်၏။ ထို့ကြောင့် မည်သည့်အရာမဆို သင်ခန်းစာယူတတ်ခြင်းဖြင့် ဘဝတိုးတက်ကြောင်း လမ်းကောင်းကို ရောက်စေနိုင်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နိုင်ငံတော်ရန်ပုံငွေဖြင့် အခမဲ့ဆေးဝါးစောင့်ရှောက်မှုအသိပေးရှုင်းလင်း

နေပြည်တော် ဒီဇင်ဘာ ၂၅

နိုင်ငံတော်ရန်ပုံငွေဖြင့် လူနာများအား အခမဲ့ဆေးဝါးကုသ စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရန် အသိပေးခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာစုစုထွေးက မြစ်ကြီးနား အထွေထွေရောဂါကု ဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံယူကြမည့် လူနာများအား နိုင်ငံတော်ရန်ပုံငွေဖြင့် ဆေးဝါးအခမဲ့ကုသပေးမည့် အစီအစဉ်များ၊ ဆေးဝါးစီမံခန့်ခွဲရေးကော်မတီနှင့် တင်ဒါခေါ်ယူရေး ကော်မတီများဖွဲ့စည်း ဆောင်ရွက်မှုကို လည်းကောင်း၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးက ဆေးရုံကြီး အကြီးစားပြင်ဆင်မွမ်းမံမှုလုပ်ငန်းများနှင့် မနောရောဆောက်လုပ်ရေး ကုမ္ပဏီမှတာဝန်ခံက လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးလျွန်ငန်ဆိုင်းက နယ်မြေလုံခြုံရေး အရ ခေတ္တပြောင်းရွှေ့ ရောက်ရှိလာသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူတို့အား ဆေးဝါးကုသစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရမှ လျှပ်ဒါန်းသော မြစ်ကြီးနားဆေးရုံကြီးအတွက် ငွေကျပ် ၂၁ သိန်းကျော်နှင့် ဗန်းမော်ဆေးရုံကြီး အတွက် ငွေကျပ် ၂၂ သိန်း ၉ သောင်း ကျော်တို့ကို တာဝန်ရှိသူတို့ထံ ပေးအပ်ပြီး ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအား အားပေးစကားပြောကြားကာ ခြံထည်စောင့်နှင့် ထောက်ပံ့ငွေများ ပေးအပ်၍ ဆေးရုံကြီး အကြီးစားပြန်လည် ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည်မြစ်ကြီးနားမြို့အမှတ်(၁)တပ်မတော် ခုတင် ၃၀၀ ဆံ့ ဆေးရုံသို့ သွားရောက်၍ ဆေးရုံသုံးပစ္စည်းများ ဝယ်ယူနိုင်ရန် ငွေကျပ်သိန်း ၄၀ နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးရုံးဝမ်းကျော် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပေးအပ်လျှပ်ဒါန်းသော ခြံထည်စောင့် ၇၀ တို့ကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ် ထွန်းထွန်းနောင်ထံ ပေးအပ်လျှပ်ဒါန်းကြပြီး ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့လေဆိပ် ခရီးသည်နားနေဆောင် တည်ဆောက်နေမှုနှင့် လေယာဉ်ပြေးလမ်းများ တိုးချဲ့ဆောင်ရွက်နေမှု၊ ပြည်နယ် မီးသတ်ဦးစီးဌာန၌ မီးသတ်ယာဉ်များ ကြိုခိုင်မှုနှင့် အမျိုးသမီး မီးသတ်တပ်ဖွဲ့များမှ မီးသတ်စွမ်းရည်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် ကက်သလစ်ဘုရားကျောင်းဝင်းအတွင်းရှိ အဆောက်အအုံမီးလောင်မှုဖြစ်ပွားစဉ်က စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့သည့် အရန်မီးသတ်တပ်ဖွဲ့ဝင် တပ်ကြပ်မြင့်ဝင်းအား ဂုဏ်ပြုထောက်ပံ့ငွေများခီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည် / စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ Hitachi Plant Technologies Ltd. ဥက္ကဋ္ဌနှင့်အမှုတို့တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့အား ဂျပန်နိုင်ငံ Hitachi Plant Technologies Ltd. ဥက္ကဋ္ဌ Mr. Masaharu Sumikawa ဦးဆောင်သော အဖွဲ့ဝင်ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်၌ လာရောက်၍ Hitachi ၏ ထွက်ကုန်များဖြစ်သော လျှပ်စစ်ပစ္စည်းများ၊ အင်ဂျင်နီယာသုံးပစ္စည်းများသည် မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာကပင် အကျွမ်းဝင်လျက်ရှိသည့်ကိစ္စ၊ ဂျပန်လုပ်ငန်း ရှင်များ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရေး ယခုနှစ်ပိုင်းအတွင်း များစွာလာရောက် လျက်ရှိသည့်ကိစ္စ၊ ရန်ကုန်မြို့ သီလဝါအထူး စီးပွားရေးဇုန် ဖော်ဆောင်ရေး အတွက် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက် နေမှုများ၊ Hitachi ရန်ကုန်ရုံးကို မကြာမီ ဖွင့်လှစ်၍ စီးပွားရေးတိုးမြှင့်ဆောင်ရွက် မည့်ကိစ္စ၊ အာရှဒေသတွင်း Hitachi လုပ်ငန်းများ ရင်းနှီးမြှုပ်နှံထားရှိမှု အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဒေါက်တာမောင်မောင်လေးတို့အား ပြင်သစ်အခြေစိုက် Rhone-Alpes Int'l Co.,Ltd. ၏ ဗီယက်နမ်ရုံးခွဲတာဝန်ခံ Mr. Aymeric Pons နှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Dominique Causse တို့သည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီခွဲတွင် အသင်းချုပ်ရုံး၌တွေ့ဆုံ၍ မြန်မာ-ပြင်သစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ ကုန်စည်ပြပွဲများ ကျင်းပနေသည့် အခြေအနေများဆိုင်ရာကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်းကမ်းလေးရှိစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ စည်ပင်သာယာမြို့မဈေးရှေ့ကား လမ်းမကြီးနှင့်ယှဉ်လျက် ဈေးခင်းရောင်းချနေခြင်းများ၊ ခရီးသွားပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်သူများအတွက် အခိုင်မလွှဲ ယာဉ်အန္တရာယ်နှင့် ကြုံတွေ့နေရပါသဖြင့် သက်ဆိုင်ရာမှ ဤသို့ကား လမ်းမကြီးဘေး၌ စည်ကမ်းမဲ့စွာ ရောင်းချနေမှုကို ထိန်းသိမ်းပေးနိုင်ရန် တင်ပြလိုက်ပါသည်။

(ဝဂ္ဂ)

ရှမ်းတောင်အအေးပို ရေပူစမ်းတွင် လူစည်ကား

တောင်ကြီး ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ယခုရက်ပိုင်းအတွင်း အအေးပိုလာပြီး အချို့နေရာများတွင် ရေခဲမှတ်အောက်သို့ပင် ရောက်ခဲ့ကြောင်းနှင့် မြို့တော် တောင်ကြီးတွင်လည်း ဒီဇင်ဘာ ၁၈ ရက်တွင် ၆ဒသမ၆ ဒီဂရီအထိ ရောက်ခဲ့သဖြင့် ယမန်နှစ်ကထက် အအေးပိုခဲ့သည်။ ပင်လောင်း၊ ဟဲဟိုး၊ နမ့်စန်၊ လွိုင်လင်မြို့တို့တွင် ဒီဇင်ဘာ ၂၀၊ ၂၂၊ ၂၃ ရက်များတွင် ၁ဒီဂရီမှ အနုတ် ၁ဒီဂရီအထိ ရောက်ခဲ့ကြောင်း၊ ညအပူချိန်ထုတ်ပြန်ချက်များ အရသိရသည်။

အပူချိန်များ လျော့နည်းလာမှုကြောင့် ခေါင်တိုင်ရေပူစမ်း၊ တောင်လေးလုံးရေပူစမ်းရေချိုးခန်းနှင့် ရေနွေးရွာရေပူစမ်း ရေချိုးခန်းများတွင် ယခုရက်ပိုင်းအတွင်း ရေချိုးလာသူများနှင့် အထူးပင် စည်ကားလှုပ်ရှားကြောင်း သိရသည်။ ရေပူစမ်းရေသည် ကန့်ဓာတ်ပါဝင်မှုကြောင့် နံနက် စောစောချိုးခြင်းဖြင့် အညောင်းအညာ ပြေပြီး ကျန်းမာရေးအတွက် ကောင်းမွန်မှုကြောင့် ထိုကဲ့သို့ ရေချိုးသူများပြားရခြင်းဖြစ်ကြောင်း၊ အလုံပိတ်အခန်းများတွင်မူ ကန့်ဓာတ်အငွေ့များကြောင့် နှလုံးရောဂါရှိသူများ၊ ပန်းနာရင်ကျပ် ရောဂါရှိသူများ ဆင်ခြင်သတိပြုရန်လိုကြောင်းနှင့် ကန့်ဓာတ်နှင့်မတည့်ပါက ယားယံခြင်းဝေဒနာများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

စာအုပ်စာပေ လူမှုစိတ်ဆွေ

မြဝတီရုပ်မြင်သံကြား

၂၆-၁၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်
၇း၁၆ ဓမ္မပူဇာတေး
၇း၂၁ မျိုးချစ်တပ်မတော်

ညပိုင်း

၄း၁၅ လျှပ်တစ်ပြက်
၄း၄၄ ရွေးကောင်းသုတ
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

အမှေအပြုံး
(အပိုင်း-၆၇)

၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ဆံမြိတ်မပြေပန်းမကြွေ
(အပိုင်း-၃)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ဒို့တာဝန်အရေးသုံးပါး
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရယ်စရာပျော်စရာဟာသကမ္ဘာ
ဥဿာမင်း၊ မာရိန၁၊ ခင်လှိုင်၊ ဝင်းနိုင်၊ ဝက်မ၊ မိုးတိမ်၊ တက္ကသိုလ်ဝင်းပုံ၊ မျိုးမျိုးခိုင်နှင့် သရုပ်ဆောင်များ
ဒါရိုက်တာ-စိန်လင်း
(ပုံရိပ်ရွှေမြေ)
- မြဝတီရုပ်မြင်သံကြားသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

မိုးအောက်မြေပြင်(အပိုင်း-၁၈)

ပြည်တွင်းသတင်း

မြေယာစာရင်းကောက်ယူရေးလုပ်ငန်းသည် ဒေသခံပြည်သူလူထု၏ စားဝတ်နေမှုနှင့် လူမှုဘဝလုံခြုံရေးကို အာမခံချက်ပေးသည့် မြေအသုံးချ မူဝါဒများ၊ ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၅

မြေသယံဇာတနှင့် ရာသီဥတုသည် သဘာဝက အကန့်အသတ်ဖြင့် ပေးအပ်ထားသောအခြေခံကျသော အရင်းအမြစ်များဖြစ်ကြောင်း၊ အဆိုပါ ကန့်သတ်ချက်ရှိသည့် မြေသယံဇာတကို စနစ်တကျနှင့် ထိရောက်စွာ အသုံးပြုနိုင်ရေးသာမက ရာသီဥတုမျှတရေးအတွက် ရည်ရွယ်ထိန်းညှိပေးမည့် သဘာဝတောတောင်ရေမြေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားသုံးသပ်စိစစ်ဖော်ထုတ်ရန် လိုအပ်ကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များဖြင့် ရှေ့ပြေးစာရင်းကောက်လုပ်ငန်းကို ကနဦး အစီအစဉ်တစ်ရပ်အနေဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်းဖြင့် ဒီဇင်ဘာ ၂၄ ရက်နံနက် ၈ နာရီခွဲတွင် နေပြည်တော်သစ်တောဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည့် မြေအသုံးချမူဝါဒချမှတ်နိုင်ရေးနှင့် မြေယာအုပ်ချုပ်လုပ်ကိုင် စီမံချက်ရေးဆွဲရေးအတွက် ပထမခြေလှမ်းတစ်ရပ်ဖြစ်သော တောင်ငူမြို့နယ်တွင် မြေအသုံးချမှုဆိုင်ရာ မြေပြင် အချက်အလက်များ ရှေ့ပြေးကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ၌ မြေယာခွဲဝေအသုံးချမူစိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားခဲ့သည်။ **(အပေါ်ယာဝှဲ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုရှေ့ပြေးနမူနာ စာရင်းကောက်အဖွဲ့များ ဆောင်ရွက်ရမည့် လုပ်ငန်းသည် ပြုပြင်ပြောင်းလဲ တည်ဆောက်လျက်ရှိသော နိုင်ငံတော်အတွက် အထူးအရေးပါသည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည်ကို အလေးအနက် သိရှိခံယူမှတ်သားလိုက်နာကြရမည်ဖြစ်ကြောင်း။

နိုင်ငံအတွင်းရှိ မြေများကို အသုံးပြုရာတွင် မြေ၏စွမ်းရည် (Land Capability) ထက်ကျော်လွန်၍ သုံးစွဲခြင်းဖြင့် မြေ၏အရည်အသွေးများ ကျဆင်းပြီး ထုတ်လုပ်မှုစွမ်းအား လျော့ကျလာကာ တိုးပွားလာသော လူဦးရေအတွက် လိုအပ်သည့် စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေနိုင်ကြောင်း။

တောင်ငူမြို့နယ်တွင် ဆောင်ရွက်မည့် ရှေ့ပြေးနမူနာ ကွင်းဆင်းစာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြချက်အပေါ် နိုင်ငံတော်သမ္မတကြီးက "သစ်တောဖြစ်ထွန်းပေါက်ရောက်ပြီး ထိန်းသိမ်းထားရမည့်မြေအမျိုးအစား၊ သစ်တောသစ်ပင် ပေါက်ရောက်ရန် ခက်ခဲပြီး မြေဆီမြေဩဇာနည်းပါးသည့် မြေအမျိုးအစား၊ အခြားစိုက်ခင်းများ ထူထောင်ဖြစ်ထွန်းမည့် မြေအမျိုးအစား၊ လယ်ယာစိုက်ပျိုးမှုပြုလုပ်ရန် မြေဆီမြေဩဇာကောင်းသည့် မြေအမျိုးအစား စသည်ဖြင့် ခွဲခြားသတ်မှတ်ခြင်း၊ မြေအတန်းအစားခွဲ၍ တန်ဖိုးခန့်မှန်း အကဲဖြတ်ခြင်း" တို့ကို ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ မြေ၏ အသုံးပြုနိုင်စွမ်းကိုသိပါမှ မြေအရည်အသွေးအလိုက် မြေအသုံးချမှုကို သတ်မှတ် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ကုန်ထုတ်လုပ်မှုဖြင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

စာရင်းကောက်ယူရာတွင် ဒေသခံပြည်သူလူထု၏ လိုလားချက် ဆန္ဒများ၊ ၎င်းတို့၏ ဓလေ့ထုံးစံများ၊ ယုံကြည်ချက်များကို လေးစားလိုက်နာရန်၊ ၎င်းတို့၏ တင်ပြချက်များကို တလေးတစား နားထောင်ပေးရန်၊ အကောင်းမြင်စိတ်ဖြင့် တုံ့ပြန်ရန်၊ ၎င်းတို့၏ရင်းနှီးမှု၊ ယုံကြည်မှုရယူရန်၊ ဆွေးနွေးမေးမြန်းရာတွင် ပို့ခန့်မှန်းခြင်း၊ လိုခန့်မှန်းခြင်းများ မဖြစ်ပေါ်စေရန်အတွက် အတင်းအဓမ္မမေးမြန်းခြင်း၊ နိမိတ်ပြမေးခွန်းများဖြင့် မေးမြန်းခြင်းများ ရှောင်ရှားရန် လိုအပ်မည်ဖြစ်ကြောင်း။

လက်တွေ့ လုပ်ဆောင်ရာတွင် ဒေသခံပြည်သူတို့၏ စေတနာဖြင့် ပူးပေါင်းပါဝင်မှုများ ကြုံတွေ့ရနိုင်သကဲ့သို့ နားလည်မှုလွဲမှားသောအပြုအမူကိုလည်း ရင်ဆိုင်ရနိုင်ကြောင်း၊ စိတ်ရှည်သည်းခံပြီး ဒေသခံပြည်သူတို့ နားလည်သဘောပေါက်အောင် ရှင်းလင်းပြောဆို၍ မိမိတို့ရည်မှန်းချက် ပေါက်မြောက်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏ မိဘများသဖွယ်ဖြစ်သော ဒေသခံပြည်သူတို့၏ အကျိုးကိုဆောင်ရွက်ရခြင်းဖြစ်၍ အလွန်မွန်မြတ်ပြီး ထူးမြတ်သည့် ကုသိုလ်တစ်ရပ်ဟု ယူဆနိုင်ကြောင်း၊ နိုင်ငံအသီးသီးအနေဖြင့် ယခုကဲ့သို့ ခက်ခဲသိမ်မွေ့နက်နဲသော အခြေအနေကို ကျော်ဖြတ်ရမြဖြစ်ကြောင်း၊ ဤလုပ်ငန်းအောင်မြင်ပါမှ ပြည်သူ၏ အကျိုးဖြစ်ထွန်းအောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိဂုံးမှ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းစဉ်များအနက် မြေယာအသုံးချမှု ရှေ့ပြေးနမူနာ စာရင်းကောက်ယူရေးလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်တွင် စတင်စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး သူရဦးသက်ဦးမောင်ကခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၆

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သူရဦးသက်ဦးမောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကိုင်ရှိမြို့၌ အီဂျစ်အာရပ်သမ္မတနိုင်ငံသမ္မတ မစ္စတာမိုဟာမက်မော်စီထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့် အိုက်စလန်နိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် ဒီဇင်ဘာ ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အိုက်စလန်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြိုးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အပေါ် အခြေခံလျက် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်လိုသည့် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ရန် သဘောတူကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ အိုက်စလန် အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အိုက်စလန်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၁၀ နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ကရစ်ဇလီဖားများအား သတ်မှတ်အရေအတွက် ပြည့်မီအောင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၅

ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် မုတ္တမမြို့ရှိ မြန်မာ့မီးရထား ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား သတ်မှတ်လျာထားချက်နှင့်အညီ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန်၊ ကုန်ကြမ်းပစ္စည်းများ အခိုန်မီရရှိရေး၊ အလေအလွင့်မရှိစေရေး ဆောင်ရွက်ရန်၊ ကွန်ကရစ်ဇလီဖားများအား သတ်မှတ်အရေအတွက် ပြည့်မီအောင် စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ ဝန်ထမ်းအဆင့်အလိုက် လုပ်ငန်းအပေါ် တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိရန်၊ စက်ပစ္စည်းများကြိမ်ခိုင်မှုရှိစေရေး အလေးထားဆောင်ရွက်ရန် တို့ကို မှာကြားကာ ကွန်ကရစ်ဇလီဖား အရည်အသွေး စစ်ဆေးသည့် စမ်းသပ်ခန်း၌ ကွန်ကရစ်ဇလီဖားများ အရည်အသွေးပြည့်မီရေး စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီးဦးခင်မောင်အေးအား ဗီယက်နမ်ဒုတိယဝန်ကြီး တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Nguyen Thai Xuan Thu နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး Mr. Chu Cong Phung တို့ ဦးဆောင်သော အဖွဲ့ဝင် ၁၀ ဦးပါအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံအကြား သားငါးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာရေးထိုးထားမှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများတွင် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံတွင် သားငါးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံကြား သားငါးထွက်ကုန်များ ကုန်သွယ်မှုတိုးမြှင့်ရန် ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သစ်တော သစ်ပင် ဒို့ချစ်ခင်
နှစ်ခြည် ခိုက်ပျိုး အလှတိုး

နိုင်ငံတကာသတင်း

အမေရိကန်တွင် ဆီးနှင်းများ ထုသုံးပေအထိမြင့်တက်

နယူးယောက် ဒီဇင်ဘာ ၂၅

အမေရိကန်နိုင်ငံ၏ ကမ်းရိုးတန်း ဒေသနှစ်ခုလုံး၌ ယခုသီတင်းပတ် အတွင်း ပုံမှန်မဟုတ်သော ရာသီဥတု ထူးခြားပြောင်းလဲနေမှုများကို ကြုံတွေ့ ရင်ဆိုင်နေရလျက်ရှိစဉ် နိုင်ငံသား ၉၃ သန်းခန့်က ခရစ္စမတ် အားလပ်ရက်တွင် နေအိမ်မှ ပိုင် ၅၀ ကျော်အထိ အပန်း ဖြေခရီးထွက်နိုင်ရန် မျှော်လင့်ထားကြ သည်။ သို့သော် အမေရိကန်နိုင်ငံ၏ တောင်တန်းများ၊ တောင်ပေါ်ဒေသများ ရှိ နေရာအချို့တွင်မူ ကျဆင်းလျက်ရှိ သော ဆီးနှင်းထုမှာ မြေပြင်အထက် သုံးပေ ပမာဏအထိ ရောက်ရှိနေသည်။ လေဆင်နှာမောင်း ဝင်ရောက်နိုင်ခြေရှိ နေပြီး ဆီးနှင်းများလည်း ပိုမိုထူထပ်သိပ် သည်းစွာ ကျဆင်းလာနိုင်သည့် ရာသီ ဥတုမျိုးဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါ ရာသီဥတုတွင် ခရီးထွက်မည့်သူများ အတွက် ထိတ်လန့်ဖွယ်ရာအတွေ့ အကြုံများ ကြုံတွေ့ရနိုင်သည့်အခရီး တစ်ခုဖြစ်ရန် များစွာအလားအလာရှိ နေပေသည်။ တိုက်ခတ်လျက်ရှိသည့် လေပြင်းမုန်တိုင်းသည် အလွန်လျင်မြန် သောနှုန်းဖြင့် အရှေ့အရပ်သို့ ဦးတည် ကာ ရွေ့လျားနေသဖြင့် လေယာဉ်ဖြင့် ခရီးထွက်မည့်သူများအဖို့ ပို၍ အန္တရာယ် များနိုင်ခြေရှိသည်။ လူဝီစီယားနား နှင့် မစ္စစ္စပီမြို့များ၌ ယင်းလေပြင်း မုန်တိုင်းကြောင့် လေဆင်နှာမောင်း ဝင်ရောက်ခြင်း၊ တစ်နာရီ ၇၅မိတာ နှုန်းရှိ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီး များကြွေကျခြင်းနှင့် မိုးကြိုးပစ်ခြင်း များကိုလည်း ရင်ဆိုင်ကြုံတွေ့ရ ကြောင်း အမျိုးသားမိုးလေဝသဌာန ကပြောကြားသည်။ **(အေပီ)**

ကွန်ဂို၌ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ကလေးရာပေါင်းများစွာ မိဘများနှင့်ကွဲကွာနေ

ကွန်ဂို ဒီဇင်ဘာ ၂၅

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏အရှေ့ပိုင်းတွင် မကြာမီက ဖြစ်ပွားခဲ့ သောတိုက်ပွဲများကြောင့် လူတစ်သန်း နီးပါးကွဲကွာခဲ့ရပြီးနောက် ကလေးရာ ပေါင်းများစွာ ယင်းတို့၏မိဘများနှင့် ကွဲကွာလျက်ရှိကြောင်း ကုလသမဂ္ဂ အေဂျင်စီက ဒီဇင်ဘာ ၂၅ ရက်တွင်ပြော ကြားသည်။

ကွဲကွာလျက်ရှိ

ကွန်ဂိုအစိုးရတပ်များနှင့် အမ်-၂၃ သူပုန်အဖွဲ့တို့သည် ဂိုမာမြို့အရှေ့ပိုင်း၌တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လူတစ်သန်း နီးပါးနေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြ ရသည်။ယင်းတို့အထဲတွင် ကလေးများ လည်းပါဝင်သည်။ ယင်းတို့၏ မိဘများ နှင့်ခွဲ၍ ခြေဦးတည့်ရာ ထွက်ပြေးခဲ့ကြရ သည်။ ယခုအခါ အသက်ခြောက်လမှ ၁၄ နှစ်အတွင်းရှိ ကလေး ၇၇၆ ဦး မိဘများနှင့် ကွဲကွာလျက်ရှိကြောင်း၊ ယင်းတို့တွင် မိန်းကလေး ၄၂၉ ဦးပါ ဝင်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဆောင်ရွက်ပေး

ကုလသမဂ္ဂအေဂျင်စီအနေဖြင့် ဂို မာမြို့ဝန်းကျင်ရှိ ပြန်လည်နေရာချထား ရေးစခန်းများ၌ ကလေးငယ်များ၏ ဓာတ်ပုံများ လှည့်လည်ပြသပေးခြင်းဖြင့် ကလေးနှင့်မိဘ ပေါင်းစည်းရေးဆောင် ရွက်ပေးနေကြောင်း ကွန်ဂိုအရှေ့ပိုင်း ယူနီဆက်ညှိနှိုင်းရေးမှူး ဂျင်းမီတင်းနီး ယားက ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

ဂျပန်အနိုင်ရပါတီနှစ်ခု ညွှန့်ပေါင်းအစိုးရဖွဲ့မည်

တိုကျို ဒီဇင်ဘာ ၂၅

အနိုင်ရ ဂျပန်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပို)နှင့် ၎င်း၏ အဓိက မဟာမိတ်ပါတီဖြစ်သည့် နယူးကိုမိတိုပါတီတို့သည် ဒီဇင်ဘာ ၂၅ ရက် ညွှန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဂျပန်ကျိုဒိုသတင်း အေဂျင်စီက သတင်းဖော်ပြသည်။

အဆိုပါ သဘောတူညီချက်ကို အယ်လ်ဒီပီပါတီခေါင်းဆောင် ရှင်ဇိုအာဘေးနှင့် နယူးကိုမိတိုပါတီခေါင်းဆောင် နာဆူအိုယာမာကူချိတို့က ထို့နေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးအပြီး သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

ရှင်ဇိုအာဘေးသည် ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပမည့် ဒိုင်းယက်လွတ်တော်တွင် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဟု မျှော်လင့်ရပြီး ၎င်းအနေဖြင့် အစိုးရအဖွဲ့ ကိုလည်း ချက်ချင်းဖွဲ့စည်းလိမ့်မည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

အာဖဂန်ရဲတပေ ဒေတိုးအကြီးပေးပုဂ္ဂိုလ်အား ပစ်သတ်

ကဘူးလ် ဒီဇင်ဘာ ၂၅

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်တွင် နေတိုးရဲတပ်ဖွဲ့အကြီးပေး ပုဂ္ဂိုလ်တစ်ဦး အာဖဂန်ရဲတပ်ဖွဲ့ ယူနီဖောင်းဝတ်ဆင်ထားသည့် အမျိုးသမီး တစ်ဦး၏ ပစ်ခတ်မှုကြောင့် ဒီဇင်ဘာ ၂၄ ရက် နံနက်က သေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာ တိုလိုရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။

အာဖဂန်ရဲတပ်ဖွဲ့ ယူနီဖောင်း ဝတ်ဆင်ထားသည့် အဆိုပါ အမျိုးသမီး တစ်ဦးသည် ပြည်ပရဲတပ်ဖွဲ့အကြီးပေး ပုဂ္ဂိုလ်တစ်ဦးကို ဒီဇင်ဘာ ၂၄ ရက် နံနက်က ကဘူးလ်မြို့ ရဲဌာနအဆောက် အအုံအတွင်း၌ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအကြီးပေးအရာရှိမှာ သေဆုံးသွား ခဲ့ခြင်းဖြစ်ကြောင်း တိုလိုရုပ်မြင်သံကြား၏ ကြေညာချက်တွင် ပါရှိသည်။

သေဆုံးသွားသည့် အကြီးပေးပုဂ္ဂိုလ် သည် အမေရိကန်နိုင်ငံသားတစ်ဦးဖြစ် ပြီး ကဘူးလ်ရဲတပ်ဖွဲ့ဝင် မဖြစ်နိုင်ဟု ထင်မြင်သုံးသပ်ထားသည်။ **(ဆင်ဟွာ)**

အာဖရိကနိုင်ငံ ၃၅ နိုင်ငံသို့ ကန်တပ်ဖွဲ့ဝင်များ စေလွှတ်မည်

ဝါရှင်တန် ဒီဇင်ဘာ ၂၅

အာဖရိကနိုင်ငံများတွင် လာမည့်နှစ်၌ တပ်ဖွဲ့ဝင်ဒါဇင်ပေါင်းများစွာ စေလွှတ်တပ်ခွဲထားရန် အမေရိကန်စစ်တပ်က ပြင်ဆင်လျက်ရှိကြောင်း ပရက်စ်တီဗွီသတင်းတွင် ဒီဇင်ဘာ ၂၄ ရက်က ဖော်ပြသည်။ **(အောက်ပို့)**

အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်မည့် အာဖရိကနိုင်ငံများတွင် လစ်ဗျား၊ ဆူဒန်၊ အယ်ဂျီးရီးယားနှင့် နိုင်ဂျာစသည့်နိုင်ငံများ ပါဝင်ကြောင်း သိရသည်။ ထိုအာဖရိကနိုင်ငံများရှိ အစွန်းရောက်တပ်ဖွဲ့များကို ချေမှုန်းတိုက်ခိုက်နိုင်ရန် လေ့ကျင့်သင်တန်းပေးရေး အတွက် ယခုကဲ့သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရခြင်းဖြစ်ကြောင်း ပင်တဂွန်က ပြောကြားသည်။

သင်တန်းပေးမည်

ယခုအစီအစဉ်တွင် အာဖရိကရှိနိုင်ငံ ၃၅ နိုင်ငံသို့ တပ်ဖွဲ့ဝင်ယောက်များစေလွှတ်မည်ဖြစ်သည်။ ယင်းအမေရိကန် တပ်ဖွဲ့ဝင် များသည် အာဖရိကတစ်ဝန်းတွင် လေ့ကျင့်ရေးအစီအစဉ်တစ်ရာနီးပါးကို လေ့ကျင့်သင်တန်းပေးမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

နီပေါနိုင်ငံ၌ ဆင်ပွဲတော်ကျင်းပမည် ဆင်ဘောလုံးပွဲနှင့် အပြေးပြိုင်ပွဲများပါဝင်

ခတ္တမန္တူ ဒီဇင်ဘာ ၂၅

နီပေါနိုင်ငံ၏ ခရီးသွားလုပ်ငန်း မဏ္ဍိုင်ဖြစ်သည့် ချစ်ဝမ်တွင် ဒီဇင်ဘာ ၂၆ရက်၌ စတင်မည့်နဝမအကြိမ်မြောက် နိုင်ငံတကာဆင်ပြိုင်ပွဲအတွက်နောက်ဆုံး ပြင်ဆင်မှုများပြီးစီးသွားပြီဖြစ်ကြောင်း ပြိုင်ပွဲစီစဉ်သူများက ပြောကြားသည်။

အဆိုပါဆင်ပြိုင်ပွဲကို ပိုမိုစိတ်ဝင် စားမှုရှိအောင်နှင့် ပိုမိုတိုးတက်ကောင်း မွန်အောင် မိမိတို့ ကြိုးစားလုပ်ဆောင် ထားပါကြောင်း ဒေသဆိုင်ရာ ဟိုတယ် အဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် ပြိုင်ပွဲစီစဉ်ရေး အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆူမန်ဂီမိရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကမ္ဘာလုည်ခရီးသွား အများစုက ချစ်ဝမ်ဆင်ပွဲတော်ဟု အသိများသည့် သုံးရက်တာဆင်ခွဲမည့် ယင်းပွဲတော်တွင် ဆင်အပြေးပြိုင်ပွဲ၊ ဆင်ဘောလုံးကန် ပြိုင်ပွဲ၊ ဆင်အလှပြိုင်ပွဲနှင့် အခြားသော ယဉ်ကျေးမှုဆိုင်ရာပြပွဲများ ပါဝင်မည် ဖြစ်သည်။

အပြေးပြိုင်ပွဲတွင် ဆင်အကောင် ရေ ၂၄ ကောင်၊ ဘောလုံးပြိုင်ပွဲတွင် ဆင်အကောင်ရေ ရှစ်ကောင်နှင့် အလှ ပြိုင်ပွဲတွင် ဆင်အကောင်ရေ ငါးကောင် တို့ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဂိမိရီက ဆက်လက်ပြောကြားသည်။

နီပေါနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ဆင်ပွဲတော်၌ အလှပြဖျဉ်ပြိုင်နေသည့် ဆင်တစ်ကောင်ကို တွေ့ရစဉ်။

အဆိုပါဆင်ပွဲတော်အတွက် ကမ္ဘာ လှည့်ခရီးသည်အများအပြားသည် ချစ် ဝမ်သို့ စုပြုံရောက်ရှိနေပြီဖြစ်သည်။

" ဒီနိုင်ငံတကာ ဆင်ပြိုင်ပွဲကြီးက ပိုမိုကောင်းမွန်တဲ့ ပြိုင်ပွဲဖြစ်လာမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဆင်တွေဟာ ထူးခြားအံ့သြဖွယ်ကောင်းတဲ့ သတ္တဝါ တွေပါ" ဟု ဩစတြေးလျမှ နီဗလီ နေးလ်က ဆင်ဟွာသို့ ပြောကြား သည်။ **(ဆင်ဟွာ)**

ဆိုင်ငံတကာသတင်း

နှလုံးတွင်း အရက်ပြန်ထိုးသွင်းကာ အရေးပေါ်လူနာ၏ အသက်ကိုကယ်တင်

ဘရစ္စတို ဒီဇင်ဘာ ၂၅

အရေးပေါ်လူနာတစ်ဦးအသက်ကို အရက်ပြန်သန့်သန့် သွေးလွှတ်ကြောများမှတစ်ဆင့် နှလုံးတွင်းထိုးသွင်းကာ သမားရိုးကျမဟုတ်သည့် ကုထုံးတစ်ရပ်ဖြင့် ဇြတ်နိန်ဆရာဝန်များက ကယ်တင်လိုက်ကြောင်း ဘီဘီစီသတင်းတွင် ဒီဇင်ဘာ ၂၄ ရက်က ဖော်ပြသည်။

ဝင်ထရီကူလာတက်စီချဒီရားဟူခေါ်သော မူမမှန်နှလုံးခုန်မှုဝေဒနာခံစားနေရသူ အသက် ၇၇ နှစ်အရွယ်ရှိ ရိုနယ်အဲလ်ဒွမ်ဆိုသူကို ယခုကဲ့သို့ကုသ၍ အသက်ကယ်ခဲ့ခြင်းဖြစ်သည်။ အကယ်၍ ၎င်း၏နှလုံးခုန်ချက် ဖောက်လွဲဖောက်ပြန်ဖြစ်နေသည့် အခြေအနေကို မထိန်းနိုင်ပါက အသက်ဘေးကြုံတွေ့ရနိုင်သည်ဟုဆိုသည်။

ထိုးသွင်းကုသ

ဘရစ္စတိုမြို့အနီး နေထိုင်သူ အဘိုးအို ရိုနယ်အား ကယ်တင်နိုင်ရေးအတွက် အစပထမပိုင်းတွင် ရှိရင်းစွဲကုထုံးများဖြင့် ကြိုးစားသော်လည်း အောင်မြင်မှုမရခဲ့ပေ။ နောက်ဆုံး ဆရာဝန်များက ရောဂါအခြေအနေကို ထိန်းနိုင်ရန် ရိုနယ်၏နှလုံးရှိလှုပ်ရှားမှုဖောက်ပြန်နေသည့် ကြွက်သားအချို့တွင် အရက်ပြန်သန့်သန့်ထိုးသွင်း ကုသသည့်အခါမှ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

ထိုးသွင်းဖျက်ဆီး

ယင်းကုသမှုတွင် ခွဲစိတ်ခန်းသုံးအထူးပြွန်ငယ်ဖြင့် ဝေဒနာဖြစ်စေသည့် နှလုံးနေရာကို ဦးစွာရှာဖွေပြီး အရက်ပြန်ကို ယင်းနေရာရှိ ကြွက်သားများကို ထိုးသွင်းဖျက်ဆီးစေခြင်းဖြစ်သည်။

စည်းချက်မမှန် နှလုံးခုန်မှုဖောက်ပြန်နေသည့် ယင်းနေရာရှိ ဘေးအန္တရာယ်ရှိသောကြွက်သားကို အရက်ပြန်ဖြင့် ဖျက်ဆီးလိုက်နိုင်သည့်အခါမှ ရိုနယ်၏နှလုံးခုန်သံ ပုံမှန်ပြန်ဖြစ်သွားခဲ့ကြောင်း သိရသည်။

အောင်မြင်စွာကုသ

ဘရစ္စတိုနှလုံးဆိုင်ရာဆေးသိပ္ပံကျောင်းတွင် ယင်းရှားတောင့်ရှားပါးကုထုံးကို အခြံနှစ်အနည်းငယ်ဖြင့် အောင်မြင်စွာ ကုသမှုပေးခဲ့ခြင်းဖြစ်ကာ ဦးစီးဆောင်ရွက်ခဲ့သူ နှလုံးရောဂါကု ဆရာဝန် တွမ်ဂျွန်ဆင်က ရိုနယ်၏ကျန်းမာရေးအခြေအနေမှာ များစွာကောင်းမွန်ခဲ့ပြီး ဆေးရုံမှပင်ဆင်းသွားနိုင်ခဲ့ပြီဟုပြောကြားသည်။

(ဘီဘီစီ)

မောင်သံဆင့် ရေးသားသည်

နာဆာ ဒီဇင်ဘာ ၂၅

အာကာသသိပ္ပံခရီးစဉ်တွင် ကြီးစွာသောပြောင်းလဲမှုတစ်ရပ်အဖြစ် ပြန်လည်အသုံးပြုနိုင်သည့် အာကာသယာဉ်များလွှတ်တင်နိုင်ရေးစီမံကိန်းကို အာကာသစူးစမ်းရေးနည်းပညာကော်ပိုရေးရှင်း စပေ့အိတ်ခ်က စွမ်းဆောင်လျက်ရှိရာ အောင်မြင်မှုခြေလှမ်းတစ်ရပ် စတင်နိုင်ခဲ့ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဒီဇင်ဘာ ၂၄ ရက်က ဖော်ပြသည်။ **(အပေါ်ပုံ)**

စပေ့အိတ်ခ်ကုမ္ပဏီက တီထွင်ထားသော ဂရတ်စ်ဟော့ပါဟု အမည်ပေးထားသည့် ပြန်လည်အသုံးပြုနိုင်သည့် ဒုံးပျံကို အောင်မြင်စွာပစ်လွှတ်ခဲ့ပြီး မြေပြင်ဒုံးပစ်စင်ပေါ်သို့ ချောမွေ့စွာ ဆင်းသက်လာနိုင်ခဲ့သည့် ဗီဒီယိုမှတ်တမ်းကို ဒီဇင်ဘာ ၂၄ ရက်က စပေ့အိတ်ခ်ကုမ္ပဏီက ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဒုံးပျံယာဉ်စမ်းသပ်ပစ်လွှတ်မှုကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အတွင်း ဒီဇင်ဘာ ၁၇ ရက်က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယခုမှ မှတ်တမ်းဗီဒီယိုကို ထုတ်လွှင့်ခြင်းဖြစ်သည်။

ဂရတ်စ်ဟော့ပါဒုံးပျံယာဉ်သည် အမြင့် ၁၃၁ ပေအထိထိုးတက်သွားခဲ့ပြီးနောက် ပျံဝဲနေစဉ်တွင်းကန်အားကို ဖြတ်တောက်၍ လီဗာထိန်းချုပ်မှုဖြင့် ဒုံးလွှတ်စင်ပေါ်သို့ ချောချောမောမော ပြန်လည်ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။ စမ်းသပ်မှုတစ်ခုလုံး၏ ကြာချိန်မှာ ၂၉ စက္ကန့်သာကြာခဲ့သည်။

ဒုံးပျံယာဉ်များ လွှတ်တင်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်ရေးအတွက် စပေ့အိတ်ခ်ကုမ္ပဏီသည် မြေပြင်သို့ ဆင်းသက်နိုင်ပြီး ပြန်လည်အသုံးပြုနိုင်သည့် ဒုံးပျံယာဉ်ကို တီထွင်ကြံဆောင်နေခြင်းဖြစ်သည်။ ၎င်းတို့ရည်မှန်းရာ ပန်းတိုင်ကိုရောက်ဖို့ရန် အတော်အလှမ်းဝေးသေးသည်ဟု ဆိုသည်။

ယခုဒုံးပျံယာဉ်ကို တီထွင်ရခြင်းမှာ စပေ့အိတ်ခ်တည်ထောင်သူ အီလွန်မတ်ခ်၏ အင်္ဂါဂြိုဟ်ပေါ်တွင် နယ်မြေသစ်တည်ဆောက်မည့်စိတ်ကူးအိပ်မက်အတွက် အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ၎င်း၏စိတ်ကူးမှာ အင်္ဂါဂြိုဟ်ပေါ်တွင် နေထိုင်မည့်သူများနှင့် ကမ္ဘာမြေသို့ပြန်လာမည့်သူများကို ဒုံးယာဉ်တစ်စင်းတည်းဖြင့် လွန်းပြန်သယ်ပို့နိုင်ရေးဖြစ်သည်။

ထိုသို့သော ဒုံးပျံယာဉ်များလွှတ်တင်မှုကို စပေ့အိတ်ခ်ကုမ္ပဏီက ယခင်ကလည်း စမ်းသပ်ခဲ့သည်။ နိုဝင်ဘာလအတွင်းက စမ်းသပ်မှုတွင် ၁၇ ဒသမ ၇ ပေအမြင့်သို့ ဒုံးပျံယာဉ်ရောက်ရှိသည်။ အစောဆုံးစမ်းသပ်မှုဖြစ်သည့် စက်တင်ဘာလအတွင်းက ပစ်လွှတ်မှုတွင် ဒုံးပျံယာဉ်သည် ခြောက်ပေအမြင့်သာ ရောက်ရှိခဲ့သည်။

(အင်တာနက်)

ဟီလာရီကလင်တန်နေရာ ဂျွန်ကယ်ရီဖြင့် အစားထိုးမည်

အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီအား အိုဘားမားက ၎င်း၏နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နေရာကို ဆက်ခံလိမ့်မည်ဖြစ်ကြောင်း အမည်စာရင်း တင်သွင်းခဲ့သည်။ မစ္စတာကယ်ရီသည် ၂၀၀၄ ခုနှစ်က ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဆီးနိတ်နိုင်ငံခြားဆက်ဆံရေး ဥက္ကဋ္ဌလည်းဖြစ်သည်။ အသက် ၆၉ နှစ်ရှိ မစ္စတာကယ်ရီသည် မစ္စတာအိုဘားမား၏အစိုးရသစ်တွင် ပထမဆုံးဝန်ကြီးအဖွဲ့အမည်စာရင်းတင်သွင်း ရွေးချယ်ခံရသူဖြစ်သည်။

ဆီးရီးယားသို့ လက်နက်များပေးပို့သည်ဆိုမှု ရုရှားငြင်းဆို

ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားအစိုးရသို့ တိုက်ခိုက်ရေးလက်နက်များ ထောက်ပံ့ပေးနေခြင်းမရှိကြောင်း ရုရှားစစ်ဘက်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားလိုက်သည်။ ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံအား တိုက်ခိုက်ရေးလက် နက်များထောက်ပံ့ပေးနေခြင်းမရှိကြောင်း ရုရှားဒုတိယကာကွယ် ရေးဝန်ကြီး အနာတိုလိုဒင်တိုနေက သတင်းထောက်များအား ပြောကြားသည်။ ဆီးရီးယားသို့ လေကြောင်းကာကွယ်ရေးဒုံးခွင်း ဒုံးများပေးပို့ထားသည်ဟု မီဒီယာများ၏ ထုတ်ပြန်ချက်ကို ၎င်းကငြင်းဆိုခဲ့သည်။

မီးငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များအား သေနတ်သမားက ပစ်ခတ်သတ်ဖြတ်

အမေရိကန်နိုင်ငံ နယူးယောက်မြို့ဝက်စတားအရပ်၌ နေအိမ်တစ်အိမ်မီးလောင်မှုကို မီးငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များအား သေနတ်သမားတစ်ဦးက ပစ်ခတ်သဖြင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာပြင်းထန်စွာရရှိသွားခဲ့ကြောင်း ဒီဇင်ဘာ ၂၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အမေရိကန်နိုင်ငံတစ်ဝန်း လွန်ခဲ့သောသီတင်းပတ်များတွင် သေနတ်ပစ်ခတ်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ နိုင်ငံအတွင်းသေနတ်ထိန်းချုပ်မှုမရှိခြင်းကြောင့် ပြည်သူများစိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်လာသည်။

တူရကီနိုင်ငံတောင်ပိုင်းတွင် လေယာဉ်ပျက်ကျ

တူရကီနိုင်ငံတောင်ပိုင်း အင်တဲလ်ယားပြည်နယ်တွင် ဒီဇင်ဘာ ၂၄ ရက်က စိုက်ပျိုးရေးဆေးဖျန်းလေယာဉ်တစ်စင်း ပျက်ကျပြီးနောက် နစ်မြုပ်သေဆုံးခဲ့ကြောင်း တူဒေးဇာမန်းသတင်းစာက ၎င်း၏ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်သည်။အဆိုပါ လေယာဉ်သည် အင်တဲလ်ယားပြည်နယ် လာရာကွန်ဒူဒေသရှိ သစ်တောတစ်ခုအတွင်း၌ပျက်ကျပြီးနောက် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်ပျက်ကျမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း အင်တဲလ်ယားပြည်နယ် ကျန်းမာရေးအဖွဲ့ခေါင်းဆောင် အဒမ်ဘီလ်ဂင်က ပြောကြားသည်။ အဆိုပါမတော်တဆမှုကြောင့် လေယာဉ်ပေါ်လိုက်ပါသူ အသက် ၅၅ နှစ်အရွယ် လေယာဉ်မှူးယူဆပ်ကာအိုဂလူနှင့်အသက် ၅၀ အရွယ် ဂျာမနီနိုင်ငံသားမတ်ပါရစ်တို့ သေဆုံးခဲ့ကြောင်း၊ ဒိုဂန်ပုဂ္ဂလိကပိုင် သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မြင့်မောင်စိုး - စုစည်းသည်

ပါရီမြို့ရှိ အနုပညာပြတိုက် ခရီးသည်လာရောက်မှု စံချိန်တင်

ပါရီ ဒီဇင်ဘာ ၂၅

ကမ္ဘာပေါ်ရှိ အကြီးဆုံးနှင့် ကျော်ကြားသည့်အနုပညာလက်ရာများ ခင်းကျင်းထားရာ ပြတိုက်များတွင်တစ်ခုအပါအဝင်ဖြစ်သည့် ပြင်သစ်နိုင်ငံပါရီမြို့ရှိ လုရီးပြတိုက်ကြီးတွင် ၂၀၁၁ ခုနှစ်က လာရောက်ကြည့်ရှုသူ ၈ ဒသမ ၈ သန်းဖြင့် စံချိန်တင်ခဲ့သည်။ **(ဝဲပုံ)**

ယင်းပြတိုက်ကြီးတွင် ပြသထားသည့် အနုလက်ရာများစွာတွင် ကမ္ဘာကျော် မိုနာလီဇာပန်းချီကားလည်း အပါအဝင်ဖြစ်ရာ ပါရီမြို့တော်၏ ကျက်သရေဆောင် အဖြစ်ရှိနေသည်။

၂၀၁၁ ခုနှစ်၏ ဧည့်သည်ဝင်ရောက်မှုစာရင်းသည် ၂၀၁၀ ခုနှစ်ကစာရင်းထက် ငါးရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ အမေရိကမှ လာရောက်သူဧည့်သည်အရေအတွက်မှာ အများဆုံးဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဧည့်သည်များများစားစားရောက်ရှိ၍လည်း စံချိန်တင်ခဲ့ရခြင်းဖြစ်ကြောင်း ပြတိုက်တာဝန်ခံများကဆိုသည်။

ပြတိုက်သို့ လာရောက်သူအရေအတွက်၏ သုံးပုံနှစ်ပုံနီးပါးမှာ နိုင်ငံခြားသား ခရီးသွားများဖြစ်ပြီး ဘရာဇီးမှ လာရောက်သူများသည် အီတလီ၊ စပိန်၊ ရုရှားနှင့် ဩစတြေးလျ ဧည့်သည်များထက်ပိုများသည်ဟုဆိုသည်။ တရုတ်ခရီးသည် အရေအတွက်လည်း တိုးပွားလာခဲ့သည်ဟု ၎င်းတို့ကပင်ပြောကြားသည်။

ပြင်သစ်တွင် ဒုတိယမြောက်ဧည့်သည် အများဆုံးလာရောက်လည်ပတ်သည့်နေရာမှာ ဗာဆိုင်းနန်းတော်ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် လာရောက်လည်ပတ်သူ နိုင်ငံခြားသားခရီးသည် ခြောက်သန်းကျော်ခဲ့သည်။

(အေအက်ဖ်ပီ)

ရောင်းမည်

၁။ မြောက်ဒဂုံစက်မှုဇုန်၊ ဦးဝိစာရလမ်းပေါ်၊(ဂိုဒေါင်၊ ရေ၊ ဖုန်း၊ ပါဝါမီတာ)၊ မြောက်ဒဂုံ။

၂။ တောင်ဒဂုံစက်မှုဇုန်(၁)၊ ယောက်ကော်လမ်းထောင့်၊ (ဂိုဒေါင်၊ ရေ၊ ဖုန်း၊ ပါဝါမီတာ)၊ တောင်ဒဂုံ။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၄၀၂၃၈ (ရုံးချိန်အတွင်း)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ဗဟန်း၊ ရွှေတောင်ကြားလမ်းမတန်း ၈၅၀၀ Sq.ft (၄)သိန်းနှုန်း

၂။ မင်္ဂလာရိပ်သာလမ်း (၈၀ရ၊ သဃ်နန်းကျွန်း၊ ကျပ်သိန်း ၃၀၀၀)
နှစ်ခန်းတွဲ၊ သုံးထပ်တိုက် (တစ်ထပ် ၂၀၀၀ Sq.ft ရှိ)
ဖုန်း-၀၉-၇၃၅၀၆၇၆၁၊ ၀၉-၅၀၂၆၅၆၃
(နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်းသာ)

ပြည်တွင်းသတင်းနှင့်ဂျာနယ်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ

ရန်ကုန် ဒီဇင်ဘာ ၂၅

မကြာမီကာလအတွင်း ပြည်သူအများ စိတ်ဝင်စားနေသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ပေးပွဲကြီး ကျင်းပတော့မည်။ မည်သည့်ဇာတ်ကား၊ မည်သည့်သရုပ်ဆောင်တွေ ဆုတွေ ဆွတ်ခူးကြဦးမည်နည်း။ စိတ်ဝင်စားစရာပင်။ ထို့ထက် မြန်မာ့ရုပ်ရှင်သမိုင်းကလည်း စိတ်ဝင်စားစရာပင်ဖြစ်၏။

မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောကအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် စစ်ကြို ခေတ်ကာလအတွင်းမှာလည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှု အကြိုကာလ တစ်လျှောက်လုံးမှာလည်းကောင်း၊ နယ်ချဲ့နှင့် ဖက်ဆစ်ကိုတော်လှန်သည့် လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှာလည်းကောင်း၊ လွတ်လပ်ရေးကို ထိန်းသိမ်းခဲ့သည့်ကာလများမှာလည်းကောင်း တက်တက် ကြွကြွ ပါဝင်ခဲ့ကြပေသည်။ ထို့ကြောင့်လည်း အစိုးရအဆက်ဆက်က ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်လာခဲ့သည်မှာ ယနေ့ခေတ်အထိတိုင်ပင်ဖြစ်သည်။

နှစ်စဉ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ချီးမြှင့်နိုင်ရန်အတွက် ၁၉၅၂ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် ရုပ်ရှင်ထူးချွန်ဆု သုံးမျိုးသာသတ်မှတ်ချီးမြှင့်ခဲ့ပါသည်။ ထိုကာလက ရုပ်ရှင်ဇာတ်ကားဆုကို ပထမ၊ ဒုတိယနှင့် တတိယဆုဟူ၍ သတ်မှတ်ချီးမြှင့်ခဲ့သည်။ ထိုကာလအတွင်း အကောင်းဆုံးအမျိုးသား ပညာသည်ဆုနှင့် အကောင်းဆုံး အမျိုးသမီးပညာသည်ဆုဟူ၍ ဆုအမျိုးအစားသုံးမျိုး ချီးမြှင့်ခဲ့ပါသည်။

၁၉၅၂ ခုနှစ်က ပထမအကောင်းဆုံးဇာတ်ကားဆုကို ရွှေကိန္နရီရုပ် ဆုချီးမြှင့်ပါသည်။ ထိုပထမဆုကို အေဝမ်းရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးတင်ဆက်သည့် ချစ်သက်ဝေဇာတ်ကားက ဆွတ်ခူးရရှိခဲ့ပါသည်။ ၎င်းဇာတ်ကားဖြင့် ရုပ်ရှင်မင်းသမီး ဒေါ်ကြည်ကြည်ဌေးက အမျိုးသမီးပညာသည်ဆု ဆွတ်ခူးရရှိခဲ့ပါသည်။ ထိုစဉ်က အမျိုးသား၊ အမျိုးသမီး ပညာသည်ဆု ချီးမြှင့်ရာတွင် ယခုခေတ်ကဲ့သို့ အကယ်ဒမီရွှေစင်ရုပ်ဆုမဟုတ်ပါ။ ရွှေရင်ထိုးတံဆိပ်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ ရုပ်ရှင်မင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေးသည် ပထမဆုံးသော အမျိုးသမီးသရုပ်ဆောင်ဆု ဆွတ်ခူးနိုင်ခဲ့သူဖြစ်ခဲ့ပါသည်။

ထိုနှစ်က ဒုတိယအကောင်းဆုံးဇာတ်ကားဆုကို အောင်ဇေယျရုပ်ရှင် ထုတ်လုပ်ရေးကရိုက်ကူးသည့် "မယားနဲ့ လူပျို" ဇာတ်ကားမှ ဆွတ်ခူးခဲ့ပြီး ဒုတိယဆုအတွက် ငွေဒေါင်းရုပ်ရရှိခဲ့ပါသည်။ တတိယအကောင်းဆုံးဇာတ်ကားဆုကို ကြေးခြေသေ့ရုပ်ဆုချီးမြှင့်ပြီး ဗြိတိသျှဘားမားရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် "ချစ်၍ခေါ်ရာ"ဇာတ်ကားမှ ဆွတ်ခူးနိုင်ခဲ့ပါသည်။ ထို ၁၉၅၂ ခုနှစ်က ရုပ်ရှင်သရုပ်ဆောင် ကျော်ဝင်းက "မာလာရီ"ဇာတ်ကားဖြင့် အမျိုးသားပညာသည်ဆု ဆွတ်ခူးနိုင်ခဲ့ပါသည်။

၁၉၅၄ ခုနှစ်မှာတော့ ဒါရိုက်တာဆုကိုပါ ချီးမြှင့်ပါသည်။ ထိုနှစ်က ဒါရိုက်တာ ဦးသုခက "ညော်မိန်းမ" ဇာတ်ကားဖြင့် ပထမဆုံးသော ဒါရိုက်တာဆုကို ဆွတ်ခူးနိုင်ခဲ့ပါသည်။ ညော် မိန်းမဇာတ်ကားသည် ဒါရိုက်တာဆုအပြင် ဇာတ်ကားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ပါသည်။ ၁၉၅၅ ခုနှစ်မှာတော့ ဇာတ်ကားဆုကို ပထမ၊ ဒုတိယ၊ တတိယ မခွဲခြားတော့ဘဲ အကောင်းဆုံးဇာတ်ကား တစ်ကားတည်းကိုသာ ရွှေကိန္နရီရုပ် ချီးမြှင့်ခဲ့ပါသည်။ ထိုနှစ်က ဇာတ်ကားဆုကို ရွှေဝယ်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် "ဖိုးပြုံးချို"ဇာတ်ကားက ဆွတ်ခူးရရှိခဲ့ပါသည်။ ထိုဇာတ်ကားဖြင့်ပင် သရုပ်ဆောင် ဖိုးပါကြီးက အမျိုးသားပညာသည်ဆု ဆွတ်ခူးနိုင်ခဲ့ပါသည်။

၁၉၅၆ ခုနှစ်မှာတော့ ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုတစ်ဆုကိုပါ ထပ်မံချီးမြှင့်ခဲ့ပါသည်။ ထိုနှစ်က ပထမဆုံးသော ရုပ်ရှင်ဓာတ်ပုံဆုကို ဦးချစ်ဖွယ်က "ယမ်းငွေ့တဝေဝေ" ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့ပါသည်။ ထိုနှစ်က ဒါရိုက်တာ ဦးသုခက "ဘဝသံသရာ"ဇာတ်ကားဖြင့် ဇာတ်ကားဆုနှင့် ဒါရိုက်တာဆုဆွတ်ခူးနိုင်ခဲ့ပါသည်။

ဖြင့်ဖေဇင်စိုး - ရေးသားသည်

၁၉၅၇ ခုနှစ်မှာတော့ ဆုပုံသဏ္ဌာန်ကို ရွှေရင်ထိုးတံဆိပ်မှ တစ်ပြေးညီ ရွှေကိန္နရီရွှေစင်ရုပ်ဆုသို့ စတင်ပြောင်းလဲချီးမြှင့်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်မှစပြီး အမျိုးသားပညာသည်ဆုနှင့် အမျိုးသမီး ပညာသည်ဆုများကို အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆုဟူ၍ ထပ်မံခွဲခြားကာ ထူးချွန်ဆု အရေအတွက် တိုးမြှင့်ချီးမြှင့်ခဲ့ပါသည်။ ထိုနှစ်က သရုပ်ဆောင်ဦးကျောက်လုံးက "အတွေ့" ဇာတ်ကားဖြင့် ဇာတ်ပို့ဆုရပြီး ဒေါ်မေနွဲ့က "ရွှေရင်သိမ်းသစ်" ဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ပို့ဆု ဆွတ်ခူးနိုင်ခဲ့သည်။

၁၉၉၀ပြည့်နှစ်မှစ၍ ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတထူးချွန်ဆု၊ ရုပ်ရှင်အသံထူးချွန်ဆုတို့ကိုပါ ထပ်မံတိုးမြှင့်သတ်မှတ်ချီးမြှင့်ခဲ့ရာ စုစုပေါင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအထိ ချီးမြှင့်ရန် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ထိုနှစ်က တိုးမြှင့်သတ်မှတ်ခဲ့သည့်ဆုများ ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိဘဲ ၁၉၉၁ ခုနှစ် ရောက်မှ ဂီတလုလင်မောင်ကိုကိုက "မယ်သီတာလိုမိန်းကလေး"ဆေးရောင်စုံဇာတ်ကားဖြင့် ရုပ်ရှင်တေးဂီတဆုကို ဆွတ်ခူးနိုင်ခဲ့ပါသည်။ အသံထူးချွန်ဆုကိုတော့ ၁၉၉၄ ခုနှစ်ရောက်မှ ဦးခင်ဦးက "သရဖူ" ဇာတ်ကားဖြင့် ပထမဆုံး ဆွတ်ခူးနိုင်ခဲ့ပါသည်။ ရုပ်ရှင်ဇာတ်ညွှန်းဆုကိုတော့ ၁၉၉၅ ခုနှစ်တွင် အောင်ကျည်ထွဏ်းက "တိုက်ပွဲခေါ်သံ" ဇာတ်ကားဖြင့် ပထမဆုံးဆွတ်ခူးနိုင်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်မှစပြီး ရုပ်ရှင်တည်းဖြတ်ဆုကို ချီးမြှင့်ခဲ့ရာ စုစုပေါင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၁ မျိုးအထိ ချီးမြှင့်ရန် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ၎င်းတည်းဖြတ်ဆုကိုတော့ ၁၉၉၇ ခုနှစ် ရောက်မှ ဦးမြင့်ခိုင် မော်ကွန်းရုပ်ရှင်က "သူကွန်မခံပြီ" ဇာတ်ကားဖြင့် ပထမဆုံး ဆွတ်ခူးနိုင်ခဲ့ပါသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ကို ယခုအခါဆုပေါင်း ၁၁မျိုးအထိ ချီးမြှင့်ပေးလျက်ရှိနေပြီဖြစ်ရာ ယခုနှစ်တွင်လည်း ၂၀၁၁ ခုနှစ်အတွက် မည်သည့် ရုပ်ရှင်ထူးချွန်ဆုများဆွတ်ခူးနိုင်ကြဦးမလဲ ဆိုတာ ရုပ်ရှင်ချစ်ပရိသတ်ကြီးက စောင့်မျှော်ကြည့်ရှုကြရဦးမည်ဖြစ်ပါသည်။ ။

နေပြည်တော် ပျဉ်းမနား အထက(၂) မြတ်ဆရာပူဇော်ပွဲ

ပျဉ်းမနား ဒီဇင်ဘာ ၂၅

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူအားလုံးတို့က အမှတ် (၂) အထကတွင် တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ပူဇော်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် မြတ်ဆရာပူဇော်ကန်တော့ပွဲတွင် အသက် ၈၀ နှင့်အထက် ဆရာ ဆရာမကြီးများ၊ အသက် ၇၀နှစ်အထက် ဆရာ ဆရာမကြီးများ၊ အသက် ၆၀နှင့်အထက် ဆရာ ဆရာမကြီးများ၊ ဂုဏ်ပြုခံဆရာ ဆရာမကြီးများ စုစုပေါင်း တစ်ရာကျော်တို့အား ပူဇော်ကန်တော့မည်ဖြစ်သည်။

ဆက်သွယ်လျှောက်ထားနိုင်

၁၉၅၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အထက(၂)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူများ စုံလင်စွာ တက်ရောက်ကြရန်နှင့် ပူဇော်ပွဲအတွက် လှူဒါန်းလိုသူများအနေနှင့် ဦးစောမြင့် (ဘာဏ္ဍာရာဇာ-ကွန်ပျူတာ) ဖုန်း- ၀၆၇-၂၁၁၀၆၊ ဦးစိုးတင်(စိုးလွှမ်းစစ်) ၀၉-၅၁၀၂၅၂၇၊ ဦးကြည်ဝေ (ပွဲရုံ) ၀၉-၅၁၃၂၂၆၊ ဒေါ်မြင့်မြင့်ကြည်(ကောင်းလိုက်-ရွှေဆိုင်) ၀၆၇-၂၁၆၂၇၊ ဦးသိန်းဝင်း (အောင်သရဖူ)၀၉-၄၃၀၁၆၄၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီထံမှ နှိုးဆော်ထားကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ပင်လယ်ဖျံပြပွဲ ပြသဖော်ဖြေ

နေပြည်တော် ဒီဇင်ဘာ ၂၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်း တောရိုင်းတိရစ္ဆာန်ဥယျာဉ်တို့ အကြား တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ် အရ ရောက်ရှိလာသော ပင်လယ်ဖျံအထီး အမနှစ်စုံ(လေးကောင်)အား နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ရှိ အသစ်တည်ဆောက်ထားသော အဆောက်အအုံအတွင်း ရေသန့်ကန်တွင် တစ်ကောင်စီထားပြီး စနစ်တကျထိန်းသိမ်းစောင့်ရှောက်လေ့ကျင့်ပေးခဲ့ရာ နေပြည်တော်နေ ဝန်ထမ်းများနှင့် ပြည်သူများအား ဒီဇင်ဘာ ၂၃ရက်က ပြပွဲကျင်းပပေးခဲ့သည်။

(ယာပုံ)

ပင်လယ်ဖျံများသည် လက်ခုပ်တီးခြင်း၊ အလေးပြခြင်း၊ လက်ထောက်ရပ်ခြင်း၊ နှုတ်သီးပေါ်ဘောလုံးတင်၍ လက်ထောက်လမ်းလျှောက်ခြင်း၊ လက်တစ်ဖက် ထောက်ကင်းမြီးကောက်ထောင်ခြင်း၊ ကြိမ်ကွင်းစွပ်ဖမ်းခြင်း၊ ဘတ်စကက်ဘောကစားခြင်း၊ နှုတ်သီးပေါ်ဘောလုံးတင်၍ လှိမ့်ခြင်း၊ ဘောလုံးနှစ်လုံးဖြင့်ကစားခြင်း၊ တွားသွားခြင်း၊ လက်ထောက်ပတ်ချာလှည့်ခြင်း၊ ခေါင်းယမ်းခြင်း၊ သီချင်းဆိုခြင်း၊ လက်တွဲနှုတ်ဆက်ခြင်း စသည်ပြကွက်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြသခဲ့ရာ၌လည်း ပရိသတ်များ ကျေနပ်နှစ်ခြိုက်စွာ အားပေးကြသည်ကိုလည်း တွေ့ရသည်။

ယခု တိရစ္ဆာန်ဥယျာဉ် နေပြည်တော်တွင် ထားရှိပြသသည့် South Amercian Sea Lion များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ရှန်ဟိုင်း Wild Animal Park နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့၏ Animal Exchange အရ နားလည်မှုစာချွန်လွှာ ရေးထိုးလဲလှယ်ရယူခဲ့ခြင်းဖြစ်သည်။

စာချွန်လွှာအရ တရုတ်ပြည်ဘက်မှ Sea Lion အထီးနှစ်ကောင်၊ အမနှစ်ကောင်၊ ပေါင်းလေးကောင်နှင့် မြန်မာနိုင်ငံဘက်မှ ဆင်ထီးတစ်ကောင်၊ အမတစ်ကောင်၊ ပေါင်းနှစ်ကောင်လဲလှယ်ခြင်းဖြစ်သည်။

လဲလှယ်ရရှိသော ပင်လယ်ဖျံများမှာ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ အောက်တိုဘာ ၁၀ရက်က ရောက်ရှိခဲ့သည်။ ရောက်ရှိစတွင် ဥယျာဉ်ရှိတိရစ္ဆာန်များနှင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လည်းကောင်း ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဆောင်ရွက်ရသည်။ ထို့အပြင် ၄င်းတို့တတ်ကျွမ်းပြီးဖြစ်သည့် ပြကွက်များကို ဥယျာဉ်ရှိ တိရစ္ဆာန်များမှ ဆက်လက်လေ့ကျင့်သင်ကြားခြင်းဖြင့် ပြကွက်များ အဆင်ပြေ ပြသနိုင်စေရန်၊ လိုက်နာလုပ်ဆောင်စေရန် လေ့ကျင့်ပေးခဲ့ရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ပင်လယ်ဖျံပြကွက်များကို ပြည်သူလူထုအား စနေ၊ တနင်္ဂနွေနှင့် အခါကြီးနေ့ရက်များတွင် တစ်ရက်လေးကြိမ်နှင့် ကျန်ကြားရက်များတွင် တစ်ရက်နှစ်ကြိမ် ပြသဖော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၀၇)

အမြို့မြို့အနယ်နယ်ဖျံသည့်သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

စက်မှုတက္ကသိုလ်/ နည်းပညာတက္ကသိုလ် ကျောင်းသူ ကျောင်းသားဟောင်းများ၏
ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ - ရန်ကုန် ၂၀၁၂ အခမ်းအနား သို့
ကန်တော့ခံရန်ကြွရောက်လာကြသော ဆရာ ဆရာမများအားလုံးနှင့်
ပါဝင်ဆင်နွှဲကြမည့် ကျောင်းသူ ကျောင်းသားဟောင်းများအားလုံးအား
လှိုက်လှဲပျူငှာစွာဖြင့် ကြိုဆိုနှုတ်ခွန်းဆက်အပ်ပါသည်
ဆရာ၊ တပည့်အားလုံး ပျော်ရွှင်ကြည်နူးစွာ ပြန်လည်ဆုံစည်းကြပါစို့.-

ဆရာပူဇော်ပွဲအခမ်းအနား

၃၀-၁၂-၂၀၁၂ ရက် နံနက် ၈း၃၀ နာရီ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြိုကုန်း

ပြန်လည်တွေ့ဆုံခြင်းအထိမ်းအမှတ် ညစာစားပွဲအခမ်းအနား

၃၀-၁၂-၂၀၁၂ရက် ညနေ ၆း၀၀ နာရီ MCC ခန်းမ မြက်ခင်းပြင်၊ မင်းခမွေလမ်း၊ ရန်ကုန်

ကိုယ့်အသိစိတ်ဓာတ်နှင့် ကိုယ်စီတာဝန်

မျိုးသော်ခန့်

ဒီမိုကရေစီကို အဓိပ္ပာယ်အမျိုးမျိုး ဖော်ဆောင်ကြသည်။ အချို့က "ကိုယ်လုပ်ချင်တာ လုပ်ရတာဒီမိုကရေစီ" ဟု ပြောကြသည်။ စည်းကမ်းမဲ့ခြင်းနှင့် ဥပဒေကို မလေးစားမလိုက်နာခြင်းသည် ဒီမိုကရေစီလွတ်လပ်ခွင့်ဟု တလွဲတွေးတတ်ကြသည်။ အပန်းဖြေရန် ပြုလုပ်ထားသော ပန်းခြံတွင် ပန်းချိုးကြသည်။ လမ်းတွင် ကွမ်းတံတွေးထွေးချင်ရာထွေးသည်။ အဆောက်အအုံနံရံများတွင် စည်းကမ်းမဲ့စွာ တံတွေးထွေးကြသည်။ ဆေးလိပ်တိုကို တွေ့ရာပစ်သည်။ အဆိုးဆုံးမှာ ပြည်သူများအတွက် အပန်း ဖြေစေရန်၊ မျက်စိပသာဒရှိရန်၊ စိတ်ရွှင်လန်းရန်ထားရှိသော ပန်းခြံများမှ စည်းရိုးများကို အကြောင်းမဲ့ ဟိုတစ်ချောင်း၊ ဒီတစ်ချောင်းဖြုတ်ကြသည်။

သူတို့စိတ်တွင် ရည်ရွယ်ချက်မရှိ၊ အပျော်သဘောမျိုးဖြစ်သည်။ ကြာတော့ ပန်းခြံမှာ စည်းရိုးမဲ့ဖြစ်ရသည်။ မည်သူ့အတွက်မျှ အကျိုးမရှိ၊ အလှအပများသာ ပျက်စီးဆုံးရှုံးရသည်။ ဆိုင်းဘုတ်အချို့ကိုနောက်ရင်း ပြောင်ရင်းဖြုတ်ကြသည်။ ဖျက်ကြသည်။ အနီးစပ်ဆုံးဆိုရလျှင် "ဒီမိုကရေစီဆိုတာ စည်းနဲ့ကမ်းနဲ့ ကိုယ့်တာဝန် ကိုယ်ကျေပွန်တာ" ဟုသာဆိုရပါမည်။

ကားလမ်းဆုံတွင် မီးပွိုင့်ရှိသည်။ ယာဉ်ထိန်းရဲရှိသည်။ သိလျက်နှင့် မီးဝါမီးနီကို အတင်းဖြတ်ကြတော့သည်။ ကွေ့ကြသည်။ စည်းကမ်းမဲ့မှုကြောင့် ထိခိုက်မှုတွေဖြစ်ကြရသည်။ စည်းကမ်းမဲ့သူများက စည်းကမ်းထိန်းသိမ်းပေးသူများကို မကျေနပ်ချင်ကြပါ။ ကားသည် ကားစည်းကမ်း၊ ဆိုင်ကယ်သည် ဆိုင်ကယ်စည်းကမ်း၊ စက်ဘီးသည် စက်ဘီးစည်းကမ်း၊ ခြေကျင်လျှောက်သူ၊ လမ်းဖြတ်ကူးသူသည် လမ်းစည်းကမ်းအသီးသီးလိုက်နာကြလျှင် ယာဉ်ထိန်းရဲပင်မလိုပါ။ ဤသည်ပင်လျှင် ကိုယ့်အလုပ်ကိုယ်လုပ်ကြခြင်း၊ ကိုယ့်တာဝန်ကို ကျေပွန်ကြခြင်းဖြစ်သည်။ မိမိလိုက်နာရမည်၊ စောင့်ထိန်းရမည်များကို လိုက်နာကြ စောင့်ထိန်းကြရမည်။ အခြားသူကို အပြစ်တင်ရန်မဟုတ်။ ဤသို့ဆိုလျှင် အားလုံးအဆင်ပြေသည်။

စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းသည်။ မြို့ကိုသန့်ရှင်းလှပစေသည်။ မြို့နေသူတို့က စည်းကမ်းမဲ့စွာ အမှိုက်ပစ်ကြသည်။ လူတိုင်းက စည်းကမ်းမဲ့အမှိုက်ပစ်နေလျှင် ဘယ်အဖွဲ့မှ သန့်ရှင်းရေးနိုင်အောင်လုပ်နိုင် မည်မဟုတ်ပါ။ စည်ပင်အလုပ်ကို စည်ပင်ကလုပ်နေလျှင် ပြည်သူများကလည်း အမှိုက်ကိုစနစ်တကျ စွန့်ပစ်ရမည်။ ကိုယ့်အလုပ် ကိုယ်လုပ်ခြင်းဖြစ်သည်။

ဌာနဆိုင်ရာအချို့တွင်လည်း မကျေလည်မှုများရှိကြသည်ကို ဌာနတွင်း မဖြေရှင်းဘဲ ပစ်စာ၊ တိုင်စာပို့ကြသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ကိုယ်တိုင်ရလျှင်ပြီးရောလုပ်နေ ကြသည်။ သေချာစိစစ်လိုက်လျှင် တိုင်သူက ဘာရည်ရွယ်ချက်မှန်း မသိရ။ သူ့အမည်၊ သူ့လက်မှတ်မဟုတ်ဘဲ အခြားသူတစ်ဦး၏ အမည်၊ မှတ်ပုံတင်(အလွဲ)ဖြင့် ပစ်စာ သဘောပို့သည်ကို တွေ့ရသည်။ သေချာစစ်ဆေးလိုက်လျှင် တိုင်စာတွင် အမည်ပါသူသည် ဤအကြောင်းနှင့် ဆက်စပ်မှုမရှိ၊ ၎င်းဌာနခွဲနှင့် ရင်းနှီးထိတွေ့မှုမရှိပါ။ အတွင်းရေးကိစ္စများပါရှိ၍ ၎င်းမသိသည်မှာ ထင်ရှားသည်။ အတွင်းရေး ပေါက်ကြားမှုမှာ အံ့သြစရာကောင်းသည်။

ဌာနအတွင်း ဝန်ထမ်းအချို့၏ ဝန်ထမ်းကျင့်ဝတ်ချိုးဖောက်မှုဖြစ်သည်။ မိမိပါဟု ဝန်ခံလိုခြင်းမရှိကြ။ ဌာနလည်းနာမည်ပျက်၊ အမည်တူအသုံးချ ခံရသူမှာလည်း အထင်အမြင်လွဲမှားမှု ခံရဖြစ်တော့သည်။

ယခုအခါ မိမိတို့နိုင်ငံတော်ကြီးကို ခေတ်မီတိုးတက်အောင် ပြည်သူကို ဗဟိုပြု၍ ဖော်ဆောင်နေသည်။ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းနေကြသည်။ ရှေ့သို့တက်လှမ်းနေချိန်တွင် နောက်ပြန်ဆွဲသော ဖြစ်ရပ်များမဖြစ်သင့်ပါ။ နောက်သို့ပြန်လှည့်နေရလျှင် ရှေ့သို့ အချိန်မီတက်လှမ်းရန် အဟန့်အတားဖြစ်စေသည်။

အရှေ့တောင်အာရှ နိုင်ငံများတွင် အတိုးတက်ဆုံးဖြစ်သော စင်ကာပူကို မိမိတို့ နမူနာယူကြသည်။ စင်ကာပူသားတို့၏ ဥပဒေစည်းကမ်းလေးစားလိုက်နာမှု၊ ကြိုးစားမှုတို့က နမူနာယူလောက်စေရာ ဖြစ်သည်။

သူတို့သည် စည်းကမ်းဖောက်လျှင် တိကျစွာ အရေးယူသည်။ သို့ရာတွင် အရေးယူသည်၊ မယူသည်က အဓိက မဟုတ်ပါ။ အားလုံးမိမိစောင့်ထိန်းရမည့် စည်းကမ်းကို စောင့်ထိန်းကြခြင်း၊ မည်သူမှ မသိဟုမယူဆဘဲ ကိုယ့်အသိစိတ်ဖြင့် စည်းကမ်းစောင့်ထိန်းကြခြင်း၊ စည်းကမ်း ချိုးဖောက်ရမည်ကို ရှက်ရွံ့ကြခြင်းသည်သာ အဓိကဖြစ်သည်။ ထို့ကြောင့် တိုးတက်သွားသည်မှာ အဆန်းတကျယ်မဟုတ်ပါ။ စည်းကမ်းရှိမှု၊ ကြိုးစားမှု၊ မိမိကိုယ် မိမိတာဝန်ယူမှု၏ ရလဒ်ကောင်းပင်ဖြစ်ပါသည်။

မည်သည့်နေရာ၊ မည်သည့်ဒေသတွင်မဆို၊ မိမိလုပ်ရမည်ကို လုပ်ဆောင်ကြလျှင် အားလုံးအတွက် အဆင်ပြေသည်။ တာဝန်ရှိခြင်းနှင့်တာဝန်သိခြင်းဟု နှစ်မျိုးရှိသည်။ တာဝန်ရှိ၍ လုပ်ခြင်းမှာ သူ့တာဝန် သူကျေပွန်ခြင်း ဖြစ်သည်။ တာဝန်မရှိသော်လည်း တာဝန်သိပြီး လုပ်သောသူက ပိုချီးကျူးစရာဖြစ်သည်။ ၎င်းအတွက်လည်း ဂုဏ်ယူသင့်ပါသည်။ လူတိုင်းသည် တစ်စုံတစ်ဦးက တာဝန်ပေးခြင်း၊ စေခိုင်းခြင်းကြောင့် ပြုလုပ်ရခြင်းထက် မိမိအသိစိတ်ဖြင့် တာဝန်သိသိလုပ်ဆောင်နိုင်ကြရမည်။ ဤသို့ဆိုလျှင် အနာဂတ်ကာလ၌ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့ ဂုဏ်ယူဝံ့ကြွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

မည်သည့်နေရာ၊ မည်သည့်ဒေသတွင်မဆို၊ မိမိလုပ်ရမည်ကို လုပ်ဆောင်ကြလျှင် အားလုံးအတွက် အဆင်ပြေသည်။ တာဝန်ရှိခြင်းနှင့် တာဝန်သိခြင်းဟု နှစ်မျိုးရှိသည်။ တာဝန်ရှိ၍ လုပ်ခြင်းမှာ သူ့တာဝန် သူကျေပွန်ခြင်း ဖြစ်သည်။ တာဝန်မရှိသော်လည်း တာဝန်သိပြီး လုပ်သောသူက ပိုချီးကျူးစရာဖြစ်သည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျေးရွာသစ်စီမံကိန်းအပေါ် ရှင်းလင်းတင်ပြခြင်းအခမ်းအနား သမဝါယမတက္ကသိုလ် (သန်လျင်) ၌ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

ကိုရီးယား သမ္မတနိုင်ငံမှကြီးမှူး၍ ကျေးရွာသစ်စီမံကိန်း အသစ်အပေါ် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး သန်လျင် မြို့နယ်ရှိ သမဝါယမတက္ကသိုလ် (သန်လျင်) ၌ကျင်းပရာ ကိုရီးယား သမ္မတနိုင်ငံ Seamaul Project မှ Mr. song Jung Gun က ကျေးရွာသစ် စီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း၊ သမဝါယမတက္ကသိုလ်သန်လျင် ဘောဂဗေဒဘာသာရပ်ဌာနမှ ကထိက ဒေါ်လဲ့မွန်သိန်းက ကျေးရွာသစ်စီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ KOICA မှ Mr. Shin Man Shik က ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက လိုအပ်သည်များကို အကြံပြုဖြည့်စွက် ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် သနပွင်ကျေးရွာ၌ကျင်းပသည့် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တံတားကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် တရားရုံးများသို့ သွားရောက်စစ်ဆေးကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးနှင့် ခရမ်းမြို့နယ်တရားရုံး၊ သုံးခွမြို့နယ်တရားရုံးများသို့ သွားရောက်၍ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ ကြည့်ရှုစစ်ဆေးပြီးနောက် သက်ဆိုင်ရာတရားရုံးများမှ တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျေညက်စွာ လေ့လာမှတ်သားဆည်းပူးထားရန်၊ အမှုများကို လာဘ်ပေး လာဘ်ယူကင်းရှင်းစွာဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်မြန်မြန် စစ်ဆေးစီရင်ဆုံးဖြတ်ကြရန်၊ အမှုသည်များ၊ ရှေ့နေများနှင့်တာဝန်အရ ပြောဆိုဆက်ဆံရာတွင် သိမ်မွေ့စွာ ပြောဆိုဆက်ဆံရန်၊ ဝန်ထမ်းစည်းမျည်း စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၅) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ပြန်လည်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၁၉ ရက် ည ၇ နာရီက ရပ်ကွက်အတွင်းရှိ ၁၂ လမ်းအမှတ် ၉၇ မြေညီထပ်တွင် ကျင်းပသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် အဆိုပြုသူ ပုဂ္ဂိုလ် နှစ်ဦးအား ရွေးချယ်ပွဲတက်ရောက်သူ ဆယ်အိမ်မှူး ၆၂ ဦးက ဆန္ဒမဲပေးပြီးနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့ ရပ်မိရပ်ဖများမှ ဆန္ဒမဲရေတွက်စစ်ဆေးပြီး မဲအများဆုံးရရှိသော အုပ်ချုပ်ရေးမှူး ဆန္ဒပြုသူ၏ အမည်ကို ထုတ်ပြန် ကြေညာသည်။

လမ်းမတော်မြို့နယ်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ရာတွင် ဒီဇင်ဘာ တတိယအပတ်တွင် ရပ်ကွက်တိုင်း ပြီးစီးမည်ဟုသိရသည်။ **(ခင်ဆိုင်)**

မွန်ပြည်နယ်တရားလွှတ်တော်ပညာရည်ချွန်ဆုပေးပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် တရားလွှတ်တော်မှ ကြီးမှူးကျင်းပသည့် မွန်ပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားရေးဦးစီးမှူးရုံး ခရိုင်များနှင့်မြို့နယ်တရားရုံးများမှ ဝန်ထမ်းများ၏ မိသားစုများ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ငါးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးတို့အား မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး (ဝဲပုံ)နှင့် တရားသူကြီးများက ဆုများချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲကို ယင်းခန်းမ၌ ကျင်းပရာ ပြည်နယ်အတွင်းမှ ခရိုင်နှင့်မြို့နယ်တရားသူကြီးများတက်ရောက်ကြပြီး ကြန့်ကြာနေသော တရားမှုများနှင့် ဇာရီမှုများ အမြန်ပြီးပြတ်ရေးစာတမ်းကို မော်လမြိုင်ခရိုင်တရားရုံးမှ လည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုများ မှန်ကန်မြန်ဆန်စွာ ပြီးပြတ်ရေးနှင့် သက်သေခံပစ္စည်းများ စီမံခန့်ခွဲရေး နည်းလမ်းများစာတမ်းကို သထုံခရိုင် တရားရုံးမှ လည်းကောင်း ဖတ်ကြားတင်သွင်း ဆွေးနွေးကြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်(ပုံ)က ယင်းစာတမ်းများအပေါ် ထပ်မံဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

သာကေတမြို့နယ်၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ
HTET OO MARITIME TRAINING INSTITUTE
တွင်ဝါရင့်ရေယာဉ်မှူးအရာရှိအရာခံနှင့် ဆရာများကိုယ်တိုင်ကြီးကြပ်လျက်
၁။ Basic Safety Training Course (BST)
၂။ Pre-sea Course
၃။ Advanced Fire Fighting Course (AFF)
၄။ O.O.W Mate (Deck Class 3 & 2) Course
တို့တွင် အမှတ်(၁)မှ (၃)အထိကို (၇)ရက်နေ့ဇန်နဝါရီလ(၂၀၁၃)တွင် လည်းကောင်း၊ အမှတ်(၄)ကို မကြာမီစတင်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် စုံစမ်းမေးမြန်းနိုင်ပါသည်။ သင်တန်းသား ဦးရေအတန့်အသတ်ရှိပါသဖြင့် လျင်မြန်စွာ စာရင်းပေးသွင်းနိုင်ပါသည်။ သင်္ဘောသား သင်တန်းဆင်းပြီးပါက အလုပ်အကိုင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးမည်။
ဆက်သွယ်ရန်လိပ်စာ
သာကေတမြို့နယ်၊ရွှေဝင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောဆိပ်ကမ်း ဝင်းအတွင်းရှိ HTET OO MARITIME TRAINING INSTITUTE
Ph/Fax : 01-544562 , Ph : 09 421154222 , Email : htetoo.maritime@gmail.com
FUN HOLIDAY
အမှတ် - ၄၄၊ ကိုင်းတန်းလမ်း(အောက်) လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01 226996 , 01 2301272

MASTER
Ph:01-371118
ထွက်းခမ်
SUNG TIN PAR
LAY CLUB
D IGMI
MYINT ZAW
disc
26.12.2012

ပြည်တွင်းသတင်း

မှန်ကန်သောစေတနာကို နားလည်သဘောပေါက်ပြီး လက်တွဲဆောင်ရွက်သင့်

အောင်သိဃ်

ဒီဇင်ဘာ ၂၁ ရက် နံနက် ၁ နာရီ ၂၅ မိနစ်တွင် နန်းမားဘူတာ၏မြောက်ဘက် နှစ်မိုင်ခန့်အကွာ မီးရထားလမ်း မိုင်တိုင်အမှတ် (၆၄၃/၂၂-၂၃) ကြား၌ မိုင်းပေါက်ကွဲခြင်းခံရသည့် မီးရထားစက်ခေါင်းကို တွေ့ရစဉ်။

ဒီဇင်ဘာ ၂၁ ရက် နံနက် ၁ နာရီ ၂၅ မိနစ်တွင် နန်းမား ဘူတာ၏ မြောက်ဘက် နှစ်မိုင် ခန့်အကွာ ခန့်မှန်း မပည (KH ၄၃၃၅၆၆) မီးရထားလမ်း မိုင်တိုင်အမှတ် (၆၄၃/ ၂၂-၂၃) ကြား၌ မိုင်းပေါက်ကွဲ ခြင်း ကြောင့် မီးရထား တွဲများ တိမ်းမှောက်ပျက်စီး သွားသည်ကို တွေ့ရစဉ်။

ဒီဇင်ဘာ ၂၁ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် မန္တလေး-မြစ်ကြီးနား လမ်းပိုင်း နန်းမားနှင့် မြို့သစ်ကလေး ဘူတာအကြား မိုင်အမှတ်(၆၄၃/၂၂) အနီး၌ မန္တလေး-မြစ်ကြီးနား အမှတ် (၉၃၇) အဆန် ကုန်ရထားအား ကေအိုင်အေအဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် ရထားသံလမ်းပေ ၇၀ ခန့် ပြုတ်ထွက်ပျက်စီးခဲ့ပြီး ကုန်တွဲ လေးတွဲတိမ်းမှောက်ကာ ကုန်တွဲတစ်တွဲတိမ်းစောင်းသွားခဲ့သည်။ ထို့အပြင် မြန်မာ့မီးရထားမှ ဝန်ထမ်းသုံးဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းခွဲတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသောလမ်းပိုင်းအား မြန်မာ့မီးရထားမှ ဝန်ထမ်းများက အမြန်ဆုံး ပြုပြင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် တိမ်းမှောက်ရထားတွဲများကို ရှင်းလင်းနိုင်ခဲ့ပြီး လမ်းပျက်စီးမှုကိုလည်း ပြုပြင်ပြီးစီးခဲ့သဖြင့် ထိုအချိန်မှစ၍ လမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ရထားများ ပုံမှန်ပြေးဆွဲနေပြီဖြစ်သည်။

မိုင်းခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ ကေအိုင်အေအဖွဲ့က ယင်းရထားမှာ စစ်ရထားဖြစ်ပြီး လက်နက်ခဲယမ်းများ သယ်ဆောင်လာသဖြင့် မိုင်းခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရသည်။ ထို့ကြောင့် ဖြစ်စဉ်အမှန်ကို သိရှိနိုင်ရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်စုံစမ်းကြည့်ရာ ရထားမှာ ကုန်စည်ပို့ဆောင်သည့်ကုန်ရထားသာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

မိုင်းခွဲတိုက်ခိုက်ခံရသည့် ကုန်ရထားတွင် မန္တလေးမြို့ မြို့ဟောင်းဘူတာမှ မြစ်ကြီးနားမြို့သို့ပေးပို့သော ကုန်မျိုးစုံပါ ကုန်တွဲခုနစ်တွဲနှင့် ကြက်စာတင်ကုန်တွဲ နှစ်တွဲ၊ စက်ခေါင်းမောင်းနားနေတွဲ တစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲတို့ပါဝင်သည်။ ရထားတွဲအားလုံးမှာ ကချင်ပြည်နယ်ရှိဒေသခံပြည်သူများအတွက် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် ကြက်စာများကို တင်ဆောင်လာသော ရထားတွဲများဖြစ်သည်။

တွဲတစ်တွဲချင်းအလိုက် ကုန်ပစ္စည်းတင်ဆောင်လာမှုကို ဖော်ပြရလျှင် တွဲအမှတ်(၄၀၈၀၅)တွင် ကုန်သည်ဦးဌေးလှိုင်တင်ပို့သော အလှကုန်ပစ္စည်းများ၊ ရွှေဝါဆပ်ပြာများ၊ အလှဆီများ၊ ကော်ဖီမစ်၊ တီးမစ်နှင့် နို့မှုန့်များ၊ အချိုရည်သံဘူးများ၊ စနိုးတာဝါ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်၊ နို့ဆီဘူး၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ဂျုံ၊ စက္ကူဝါးတူ၊ လက်ဖက်၊ ပဲမှုန့်၊ သီဟိုစေ့၊ အသားတု၊ ကြာဆံ၊ မြေပဲနှင့် ပဲမျိုးစုံ၊ ပဲကြော်၊ စပျစ်ခြောက်၊ ကောက်ညှင်း၊ ကြက်သွန်စသည့် စားသောက်ကုန် နှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း အလေးချိန် ၁၆၀၉၆ ပိဿာကို တင်ဆောင်ထားသည်။

ထို့အတူတွဲအမှတ်(၄၀၈၁၅)တွင် ကုန်သည်ဦးမိုးစည်သူ တင်ပို့သော ကြက်စာနှင့် ကြက်ဆေးများ စုစုပေါင်း ၁၈၆၃၅ ပိဿာ၊ တွဲအမှတ်(၄၀၈၃၈) တွင် ကုန်သည် ဦးဇော်မင်းတင်ပို့သော ဆန်၊ သွပ်၊ အထပ်သား၊ အိမ်သုတ်ဆေး၊ သံတူရွင်းနှင့် မြေဖြူ မှုန့်များ စုစုပေါင်း ၁၈၄၁၂ ပိဿာ၊ တွဲအမှတ်(၄၀၈၃၉) တွင် ကုန်သည်ဒေါ်ရိုစီတင်ပို့သော သွပ်၊ နေအိမ်အလှဆင်ဖော်မီကာ၊ ကြွေပြား၊ စတီးလ်တိုင်ကီနှင့် ဖိုင်ဘာပြားများ စုစုပေါင်း ၁၈၀၁၉ ပိဿာ၊ တွဲအမှတ်(၄၀၈၄၀) တွင် ကုန်သည် ဦးဆွေလင်းမောင်တင်ပို့သော ကြက်စာနှင့်ပဲဖတ်များ စုစုပေါင်း ၁၈၆၂၀ ပိဿာ၊ တွဲအမှတ်(၄၀၈၄၃)တွင် ကုန်သည်ဦးမောင်ကို တင်ပို့သော ကြက်စာအိတ်များ စုစုပေါင်း ၁၈၄၄၅ ပိဿာ၊ တွဲအမှတ် (၄၀၈၅၂) တွင် ကုန်သည်ဦးဝင်းလှိုင် တင်ပို့သော ဝက်အူချောင်း၊ ကော်ဖီမစ်၊ တီးမစ်၊ စားသုံးဆီ၊ ကြွေတိုင်ကီ၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ မြေပဲဆန်၊ ပြက္ခဒိန်၊ အင်္ကျီ၊ ကုလားပဲခြမ်း၊ ဘီစကစ်၊ ခေါက်ဆွဲခြောက်၊ သွပ်၊ ဖိနပ်၊ မတ်ပဲ၊ ဒယ်အိုး၊ မုန့်ချဆန်ကာ၊ ဒန်ဇလုံ၊ ပဲလှော်၊ ကြာညို့ စသည့်ကုန်ပစ္စည်းများ စုစုပေါင်း ၁၆၁၁၅ ပိဿာကိုတင်ဆောင်ထားသည်။

အလားတူ တွဲအမှတ်(၄၀၈၇၆) တွင် ကုန်သည် ဒေါ်အေးအေးလွင် တင်ပို့သော စားသုံးဆီ၊ ထုံးအိတ်၊ ဖယောင်းတိုင်၊ ထန်းလျက်၊ သကြား၊ ဂျုံ၊ ပဲမှုန့်၊ စာအုပ်၊ လက်ဖက်ခြောက်၊ ပလတ်စတစ်၊ တာယာ၊ ကားဘီးခွေ၊ နှမ်းလှော်၊ ကွမ်းသီး၊ ဆေးသကြား စသည့်ကုန်ပစ္စည်းများ စုစုပေါင်း ၁၇၉၀၅ ပိဿာ၊ တွဲအမှတ်(၄၀၈၈၀) တွင် ကုန်သည် ဦးစိုးဝင်းအောင် တင်ပို့သော စက်ပစ္စည်း၊ အိမ်သုတ်ဆေး၊ ပိုက်၊ မီးစက်၊ လေး၊ မီးခံသေတ္တာ၊ မီးစက်၊ တီဗွီ၊ ကြိတ်ဆုံ၊ လောင်စာတောင့်၊ ခြွေလှေ့စက်၊ သံပိုက်၊ မုန့်မျိုးစုံ၊ ကော်ဖီမစ်၊ အဖျော်ယမကာ၊ အိမ်ရိုက်သံ၊ လက်ဖက်ခြောက်၊ ပီနံအိတ်ခွံ၊ ဂျုံ၊ စက္ကူစသည့်ကုန်ပစ္စည်းများ စုစုပေါင်း ၆၉၈၄ ပိဿာ၊ တွဲအမှတ် (၄၇၈၀၁) တွင် ကုန်သည် ဦးရာဘီကူးမား တင်ပို့သော ဘိလပ်မြေနှင့် ရေတိုင်ကီများ စုစုပေါင်း ၁၁၁၇၀ ပိဿာတို့ကို တင်ဆောင်ထားကြောင်း သိရှိရသည်။

ကချင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်မှုခက်ခဲသော ပြည်နယ်တစ်ခုဖြစ်ပြီး မန္တလေး၊ ရန်ကုန်စသည့် မြို့ကြီးများနှင့်ဆက်သွယ်သွားလာရာတွင် ပြည်သူအများစုမှာ ရထားဖြင့်သာ သွားလာရသည်။ လေယာဉ်ခရီးစဉ်များရှိသော်လည်း ရထားဖြင့်သွားလာခြင်းက ကုန်ကျစရိတ်များစွာ သက်သာသဖြင့် ရထားခရီးစဉ်ကို အမှီပြုသွားလာနေရခြင်းဖြစ်သည်။ မန္တလေး - ရွှေဘို - မြစ်ကြီးနား မော်တော်ကားလမ်းမှာလည်း ပွင့်လင်းရာသီတွင်သာ တောက်လျှောက်သွားလာနိုင်သော လမ်းအဆင့်သာ ရှိနေသည်။ ယခု ပွင့်လင်းရာသီတွင်မူ ယင်းလမ်းမကြီးကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်နေပြီဖြစ်ရာ ပြီးစီးပါက ယင်းလမ်းမကြီးမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သွားလာနိုင်တော့မည် ဖြစ်သည်။

ထို့အပြင် ကချင်ပြည်နယ်သည် ဆန်၊ ဆီ၊ ဆားအပါအဝင် စားသောက်ကုန်များ၊ ဆပ်ပြာ၊ ပန်းကန်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဒန်အိုးစသည့် လူသုံးကုန်ပစ္စည်းများကို ဒေသတွင်း ဖူလုံအောင် ထုတ်လုပ်နိုင်မှုမရှိသေးပေ။ ယုတ်စွအဆုံး ကြက်မွေးမြူရေးသမားများအတွက် ကြက်စာကိုပင် ထုတ်လုပ်နိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် ယင်းကုန်ပစ္စည်းများအပါအဝင်ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယာဉ်ယန္တရားများကို မန္တလေး၊ ရန်ကုန် စသည့်မြို့များမှမှာယူ၍ အများအားဖြင့် ကုန်ရထားများဖြင့်သာ ပို့ဆောင်နေရသည်။ သို့ဖြစ်ရာ ဤမန္တလေး-မြစ်ကြီးနား ရထားလမ်းကြီးမှာ ကချင်ပြည်နယ်မှပြည်သူများ အပြည့်အဝ မှီခိုအားထားရသည့် အဓိကအသက်သွေးကြောကြီးပင်ဖြစ်သည်။ ရထားလမ်းတွဲချော်လျှင်လည်းကောင်း၊ မိုင်းခွဲတိုက်ခိုက်ခံရလျှင်သော်လည်းကောင်း၊ ရာသီဥတုကြောင့် လည်းကောင်း အကြောင်းတစ်ခုခုကြောင့် လမ်းပိုင်းပိတ်လိုက်ရပါက မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင်၊ ဖားကန့်စသည့် ဒေသများတွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများဈေးနှုန်းမှာ တမုဟုတ်ချင်း အဆမတန်ဈေးတက်သွားလေ့ရှိသည်။ ကချင်ပြည်နယ်မှ ပြည်သူများအတွက် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသောကုန်ရထားကို ယခုကဲ့သို့ ကေအိုင်အေအဖွဲ့က မိုင်းခွဲတိုက်ခိုက်ခြင်းကြောင့် မြစ်ကြီးနားမြို့နှင့် ဝန်းကျင်ဒေသများမှ ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို များစွာ ထိခိုက်နစ်နာစေခဲ့သည်။

ကေအိုင်အေ အဖွဲ့အနေဖြင့် ရထားလမ်းများအား မိုင်းခွဲတိုက်ခိုက်ခဲ့သည်မှာ ယခုတစ်ကြိမ်သာ မဟုတ်ပေ။ ၂၀၁၁ ခုနှစ် ဇွန်လ ၁၅ ရက်မှ စတင်တိုက်ခိုက်ခဲ့ရာ ယခုအချိန်အထိ ရထားလမ်းကို မိုင်းခွဲတိုက်ခိုက်မှုပေါင်း (၅၁)ကြိမ်ရှိပြီဖြစ်သည်။ တိတိကျကျဆိုရလျှင် ကချင်ပြည်နယ်အတွင်းရှိ မန္တလေး-မြစ်ကြီးနားလမ်းကို (၄၉) ကြိမ်၊ ရှမ်းပြည်နယ်အတွင်းရှိ မန္တလေး- လားရှိုးလမ်းကို နှစ်ကြိမ် မိုင်းခွဲတိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ခံရမှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်သေဆုံးခဲ့ပြီး အချို့မှာ ဒဏ်ရာများရရှိခဲ့သည်။ ဇလီဖားများနှင့် သံလမ်းပိုင်း ၃၆ ခု၊ တံတား ၁၀ စင်း ထိခိုက်ပျက်စီးခဲ့သည်။ ရထားလမ်းချော်ပြုတ်ကျမှု သုံးကြိမ်ဖြစ်ပွားခဲ့ရသည်။ အဆိုးဆုံးမှာ လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့သွားမှုကြောင့် ကုန်ဈေးနှုန်း မတန်တဆကြီး မြင့်လာမှုဒဏ်ကို ဒေသခံပြည်သူများအလူးအလဲ ခံစားခဲ့ရခြင်းဖြစ်သည်။

ထိုမျှသာမက ကေအိုင်အေအဖွဲ့အနေဖြင့် မော်တော်ကားလမ်းရှိ တံတားများ၊ လမ်း၊ တံတားဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်စက်ယန္တရားများကိုလည်း တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ၂၀၁၁ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ဝိုင်းမော်မြို့နယ်အတွင်း မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်းပေါ်ရှိ နမ့်မြစ်ခတံတားကို မိုင်းခွဲဖျက်ဆီးမှုမှအစပြု၍ ယခုလ ၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်အတွင်း ကာမိုင်း-မအူပင်(၆)မိုင်ဖြတ်လမ်းပေါ်ရှိ တံတားအမှတ်(၁/၁)ကို မိုင်းခွဲ ဖျက်ဆီးသည်အထိ ကချင်ပြည်နယ်အတွင်း ကေအိုင်အေအဖွဲ့က မိုင်းခွဲတိုက်ခိုက်ဖျက်ဆီးမှု ပေါင်း (၁၀၁)ကြိမ်ရှိပြီဖြစ်သည်။ ၎င်းတို့ မိုင်းခွဲမီးရှို့ဖျက်ဆီးခဲ့သည့်တံတားအများစုမှာ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ မန္တလေး-တကောင်း-ဗန်းမော်လမ်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းစသည့် အဓိက လမ်းမကြီးများ၊ မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တီးလမ်း၊ မိုးကောင်း-ကာမိုင်းလမ်း၊ မြစ်ကြီးနား- တနိုင်း-ပန်ဆောင်လမ်း၊ ရှင်ဗွေယန်-နန်းယွန်း (လီဒိုလမ်းမကြီး) စသည့် ဒေသတွင်းအရေးပါသောလမ်းများပေါ်ရှိ တံတားများဖြစ်သည်။ ယင်းသို့ဖျက်ဆီးမှုကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၆၅၇၄ ဒသမ ၈၁၈ သန်း ဆုံးရှုံးခဲ့ရပြီး ယင်းလမ်းများကို အမှီပြုသွားလာနေရသော ဒေသခံပြည်သူများအတွက်လည်း သွားလာမှုနှောင့်နှေးခဲ့ရသည်။ ထို့အတူ ကုန်စည်စီးဆင်းမှုရပ်တန့်သွားသည်နှင့်အမျှ မြင့်မားလာသော ကုန်ဈေးနှုန်း၏ ဖိစီးနှိပ်စက်မှုကိုလည်း မလွှဲမရှောင်သာ ခါးစည်းခံခဲ့ရသည်။

နောက်ဆုံးရရှိသည့် သတင်းအရ ကေအိုင်အေအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးညှင်းမြို့နယ်အတွင်း ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၁၉၈/၇)ရှိ နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအမှတ် (၄/၁၉၉)ကိုလည်း ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ တံတား၏မိုးညှင်းဘက်ခြမ်း ကမ်းကပ်ခုံနှင့် တံတားကြမ်းခင်း စတုရန်းပေ ၃၀ ခန့်ပျက်စီးသွားခဲ့သည်ဟု သိရှိရသည်။

ထို့အပြင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းစခန်းများ ဖြစ်သည့် အင်ကောမစခန်း၊ ဆူယန်စခန်း၊ ဆွတ်ခါးစခန်း၊ ကဝပန်စခန်း၊ နန့်ခမ်းခရွာစခန်းနှင့် ခဂရန်းယန်စခန်းတို့ကိုလည်း ဝင်ရောက်ဗုံးခွဲဖျက်ဆီးခဲ့သဖြင့် Loader၊ Grader၊ Roller၊ Dozer၊ Excavator၊ Tipper စသည့် နိုင်ငံပိုင်စက်ယာဉ်ယန္တရား ၂၂ စီး ပျက်စီးခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ်သန်းပေါင်း ၆၆၃ ဒသမ ၃၅၀ သန်း အလဟဿဆုံးရှုံးနစ်နာခဲ့ရသည်။

ကေအိုင်အေအဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းသာမက ရှမ်းပြည်နယ် မြောက်ပိုင်းရှိ တံတားများကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ၂၀၁၁ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်အတွင်း ကွတ်ခိုင်-တာမိုးညဲ-မုံစီး-တာပါးလမ်းပေါ်ရှိ တံတားအမှတ်(၂/၃၇)ကို ဖောက်ခွဲဖျက်ဆီးသည်မှအစပြုကာ ယခုနှစ်အထိ ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်း တံတားအစင်းပေါင်း ၁၀ စင်းကျော်ကို ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။ ဖျက်ဆီးခံရသည့် တံတားများတွင် ပြည်ထောင်စုလမ်းမကြီးများ ဖြစ်သည့် မန္တလေး-လားရှိုး-မူဆယ်လမ်းနှင့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားများလည်းပါဝင်သည်။

ကေအိုင်အေအဖွဲ့ကမူ ၎င်းတို့အနေဖြင့် စစ်ဘက်ဆိုင်ရာများကိုသာ ရွေးချယ်တိုက်ခိုက်နေသည်ဟု အသံကောင်းဟစ်နေသော်လည်း ပြည်နယ်နှင့်ဆက်သွယ်သည့် ရထားလမ်းနှင့် ရထားတို့ကို တိုက်ခိုက်ခြင်း၊ ပြည်ထောင်စုလမ်းမကြီးများနှင့် ဒေသတွင်းဆက်သွယ်သည့်လမ်းများပေါ်ရှိ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို အကြိမ်ပေါင်းများစွာ ဆက်တိုက်ကျူးလွန်နေသည်ကို ဤဖြစ်စဉ်များက မီးမောင်းထိုးပြနေပေသည်။

ယင်းသို့ တိုက်ခိုက်နေမှုများကြောင့် အဓိကဆုံးရှုံးနစ်နာနေသူများမှာလည်း ကချင်တိုင်းရင်းသားများအပါအဝင် ဖြစ်သည့် ကချင်ပြည်နယ်မှ ဒေသခံပြည်သူများသာလျှင်ဖြစ်သည်။ ထို့အတူ ပြည်သူတို့၏အခွန်ဘဏ္ဍာဖြင့် တည်ဆောက်ထားရသည့် ရထားလမ်းများ၊ ကားလမ်း/ရထားလမ်းတံတားများ၊ ဝယ်ယူတပ်ဆင်ထားရသည့် ရထားတွဲများ၊ စက်ယာဉ်ယန္တရားများမှာလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ သို့ဖြစ်ရာ အများပြည်သူ မှီခိုအားထားသွားလာနေရသည့်ရထားလမ်းများ၊ ကားလမ်း/ရထားလမ်းတံတားများကို တိုက်ခိုက်ဖျက်ဆီးနေခြင်းကို အမြန်ဆုံးရပ်တန့်သင့်ပေပြီ။

ထို့အတူ မလွှဲမရှောင်သာ ထိတွေ့ရင်ဆိုင်ခဲ့ရမှုများကြောင့် ကေအိုင်အေတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပါက မြန်မာနိုင်ငံသားတစ်ဦး ဆုံးရှုံးရခြင်းဖြစ်သကဲ့သို့ တပ်မတော်သားတစ်ဦး သေဆုံးပါကလည်း မြန်မာနိုင်ငံသားတစ်ဦး အကျိုးမဲ့ဆုံးရှုံးရခြင်းပင် ဖြစ်သည်။ မည်သည့်ဘက်က ထိခိုက်ဆုံးရှုံးသည်ဖြစ်စေ မြန်မာတစ်နိုင်ငံလုံးအတွက် ကြီးစွာသော ဆုံးရှုံးမှုသာလျှင် ဖြစ်ပေသည်။

ပို၍ဆိုးသည်မှာ မြေစာပင်ဖြစ်နေရသည့် ကချင်ပြည်နယ်မှ ပြည်သူများပင်။ ဒေသမတည်ငြိမ်မှုကြောင့် မိမိရပ်ရွာ၊ မိမိအလုပ်အကိုင်ကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ တိမ်းရှောင်နေရသည်။ ဒုက္ခသည်စခန်းများအပေါ် မှီခို၍သာ အသက်ဆက်လက် ရှင်သန်နေရသည်။ မိမိတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးအောင်၊ မိသားစုကြီးပွားချမ်းသာအောင် ဆောင်ရွက်နိုင်ရေးမဆိုထားနှင့်။ မိမိဝမ်းစာကိုပင် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ခြင်း

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Chalern Yoobanrung နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံသို့ သွားရောက်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၅

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး၏ ဖိတ်ခေါ်မှုအရ ဒီဇင်ဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိပြီး ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး Mr. Phadermchai Sasomsub ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် ဗန်ကောက်မြို့ရှိ Millinium Hilton Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအားလုံးအတွက် လက်ရှိဆောင်ရွက်နေသော ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ ယာယီနိုင်ငံကူးလက်မှတ် သက်တမ်းတိုးပေးခြင်း၊ ယာယီနိုင်ငံကူးလက်မှတ်ပျောက်ဆုံးပျက်စီး၍ ပြန်လည်ထုတ်ပေးခြင်းလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ထိုင်းနိုင်ငံအတွင်းရှိ လက်ရှိစခန်း ငါးခုကို သုံးလထပ်မံသက်တမ်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ရန် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးနှင့် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၂၄ ရက်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Chalern Yoobanrung နှင့် တွေ့ဆုံ၍ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများနှင့်ပတ်သက်သည့်ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးချေးငွေပေးအပ်

ညောင်ရွှေ ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၆ ရက်က ငွေစုငွေချေး သမဝါယမအသင်းများသို့ မတည်ရင်းနှီးငွေ၊ အသေးစားချေးငွေ ထုတ်ပေးသည့် အခမ်းအနားကျင်းပရာတွင် ရှေးဦးစွာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းဦး၊ ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်မှ အုပ်ချုပ်မှုဒါရိုက်တာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက မတည်ရင်းနှီးငွေ၊ အသေးစားချေးငွေများကို ပေးအပ်ကြရာ အသင်းအမှုဆောင်များက လက်ခံယူကြသည်။ **(မြတ်သူ)**

မရှိတော့ပေ။ ယင်းသို့မလုပ်ကိုင်နိုင်ခြင်းကြောင့် မိသားစုတစ်စုချင်းစီ၏ ဝင်ငွေမရရှိနိုင်တော့သည့်နည်းတူ နိုင်ငံဖွံ့ဖြိုးရေးအတွက်လည်းလုပ်အားများ အချည်းအနှီးဆုံးရှုံးနေရသည်။ ၎င်းတို့၏ ရင်သွေးငယ်များမှာလည်း ပုံမှန်ပညာသင်ကြားခွင့်မရရှိတော့သဖြင့် အနာဂတ်၏ လူ့စွမ်းအား အရင်းအမြစ်များ လေလွင့်ပျက်စီးရမည့် အခြေအနေရောက်နေသည်။ ဒုက္ခသည်ပြည်သူများ၏ ကုစားရန် ခက်ခဲသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကိုကား စာဖွဲ့၍ပင် မီမည်မထင်တော့ပေ။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားမှုဒဏ်ကို နှစ်ပေါင်း (၆၀)ကျော် ရင်မချိအောင်ခံစားခဲ့ရသည်။ ထို့ကြောင့် အစိုးရသစ်လက်ထက်တွင် အဆိုပါပဋိပက္ခများချုပ်ငြိမ်းပြီး နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေးပန်းများ ပွင့်လန်းဝေဆာအောင် ကြိုးပမ်းစွမ်းဆောင်လာခဲ့သည်။ ယင်းသို့ဆောင်ရွက်မှုကြောင့် နိုင်ငံအတွင်း လက်နက်ကိုင်အဖွဲ့(၁၁)ဖွဲ့ရှိသည့်အနက် (၁၀)ဖွဲ့နှင့် သဘောတူညီချက်များ ရရှိခဲ့ပြီးပေပြီ။ ထိုဒေသများတွင် သေနတ်သံများချုပ်ငြိမ်းပြီး ဒေသခံ ပြည်သူများမှာလည်း ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်ရပ်ရွာတွင် ကိုယ့်လုပ်ငန်း၊ ကိုယ့်မိသားစုနှင့်အတူ အတူတကွ အေးချမ်းပျော်ရွှင်စွာနေထိုင်လုပ်ကိုင်လာနိုင်ပေပြီ။ နိုင်ငံတော်အစိုးရကလည်း ယင်းဒေသဖွံ့ဖြိုးရေးအတွက် ကျောင်း၊ ဆေးခန်း၊ လမ်း၊ တံတား စသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလာနိုင်ခဲ့ပေပြီ။

မငြိမ်းချမ်းသေးသည့် နေရာကား ကချင်ပြည်နယ်တစ်ခုသာလျှင် ကျန်ရှိတော့သည်။ ကေအိုင်အေအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသော်လည်း ငြိမ်းချမ်းရေးကား အလှမ်းဝေးလျက်ရှိနေဆဲပင်။ သို့ဖြစ်ရာ စစ်မှန်သောထာဝရငြိမ်းချမ်းရေးကို အမှန်တကယ် ကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောစေတနာကို နားလည်သဘောပေါက်ပြီး ဒေသခံပြည်သူများ အေးချမ်းသာယာစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် လက်တွဲဆောင်ရွက်သင့်ပြီဟု ထင်မြင်မိပါသည်။ ။

လွတ်လပ်ခြင်း၏အနှစ်သာရနှင့် ပြည့်ဝသော ဒီမိုကရေစီတည်ဆောက်ရေးလမ်း

အေးချမ်းသူ

လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်တည်တိုးတက်မှု(သို့တည်းမဟုတ်)ဆုတ်ယုတ်ပျက်ယွင်းမှု၏ အဓိကအကြောင်းရင်းကို လေ့လာဆန်းစစ်ရာတွင် အဆိုပါ လူ့အဖွဲ့အစည်းတွင် ချမှတ်ကျင့်သုံးနေသော မူဝါဒများ၊ လုပ်ငန်းစဉ်များ၏ ဆီလျော်ကောင်းမွန်မှု (သို့မဟုတ်) ချွတ်ချော်မှားယွင်းမှုကြောင့်ပင်ဖြစ်ကြောင်း တွေ့ရှိရပေသည်။ သို့ဆိုလျှင် မူဝါဒများ၊ လုပ်ငန်းစဉ်များသည် လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်နေသော ပဓာန သတ်မှတ်ချက်ဖြစ်ပေသည်။ "မူဝါဒ"ဟူသည်လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်မှုမပြုမီ အခြေခံသတ်မှတ်ထားရှိရမည့် လမ်းစဉ် (သို့မဟုတ်) ချမှတ်ရမည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ မည်သည့်အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်တွင်ဖြစ်စေ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အဖွဲ့အစည်းများတွင်ဖြစ်စေ မူဝါဒချမှတ်ခြင်းသည် ပထမဦးစွာ မလွဲမသွေ လုပ်ဆောင်ရမည့်ဖြစ်စဉ်တစ်ရပ်ဖြစ်ပေရာ မူဝါဒချမှတ်၍ စနစ်တကျလုပ်ငန်းစဉ်များကို ဆောင်ရွက်မှသာ ရည်မှန်းရာပန်းတိုင် မလွဲမသွေရောက်ရှိနိုင်မည်ဖြစ်ကြောင်းကိုလည်း မှတ်သားရပါသည်။

မူဝါဒချမှတ်ရာတွင် အဓိကပါဝင်ရမည့်အချက်များမှာ (၁) ရည်မှန်းချက်များ (goals)ချမှတ်ခြင်း၊ (၂) လျာထားချက်များ (targets) သတ်မှတ်ခြင်းနှင့် (၃) ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ (Program & Performances)များ ရေးဆွဲခြင်းတို့ဖြစ်ပါသည်။ မူဝါဒချမှတ်ခြင်းနှင့်ဆက်စပ်၍ သတိပြုရမည့် လုပ်ငန်းရပ်များမှာ နိုင်ငံ၏သယံဇာတများ ထိန်းချုပ်ခြင်း (Controlling)၊ ဦးဆောင်မှုပေးနိုင်ခြင်း (leading)၊ ပူးပေါင်းဆောင်ရွက်ခြင်း (organization) တို့ဖြစ်ပြီး ၄င်းတို့မှာ စက်ဝန်းသဖွယ် အပြန်အလှန်ဆက်စပ်အကျုံးဝင်လျက်ရှိကြောင်း ဆန်းစစ်တွေ့ရှိရပါသည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်" အဖြစ် ကြိုးပမ်းတည်ဆောက်ကြရာဝယ် လွတ်လပ်ရေး၏ အနှစ်သာရကို ပြည်သူတစ်ဦးချင်းစီအား ခံစားခွင့်ရရှိနိုင်ရေး အသွင်သဏ္ဌာန်ကို တွေ့ရှိရပါသည်။ ထို့ပြင် နိုင်ငံရေး၏ အဓိကပင်မအချက်ကြီး(၅)ချက် ဖြစ်သည့် မိမိတို့နိုင်ငံ၏အရင်းအမြစ်များကို မှန်ကန်စွာ စီမံခန့်ခွဲခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ အချက်များထည့်သွင်းစဉ်းစားထားခြင်း၊ ရပ်ပိုင်းဆိုင်ရာဝန်းကျင်နှင့် ဆီလျော်ကိုက်ညီမှုရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုအတွက် ပိုမိုမြင့်မားကောင်းမွန်စေခြင်း၊ ငြိမ်းချမ်းရေးနှင့်သင့်လျော်မှုရှိခြင်းတို့ပြည့်စုံခြင်းကိုလည်း သိသာစွာ တွေ့မြင်နိုင်ပါသည်။

ယနေ့ကာလ လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များအရ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် နေထိုင်ရေးသည် အရေးပါလှသော အချက်ဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးသည် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ကြသည့် သာဓကများစွာရှိခဲ့သည်။ ကိုလိုနီလက်အောက်ခံအဖြစ်မှ လွတ်မြောက်ရေးနှင့် ပြည်ပရန်စွယ် အသွယ်သွယ်ကို အတူတကွ လက်တွဲတွန်းလှန်နိုင်ခဲ့သဖြင့် လွတ်လပ်ရေးအောင်ပန်းကို ပြန်လည်ရရှိခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တည်းဟူသော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ယနေ့တိုင်တင့်တယ်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နိုင်ငံတော်ကြီးကို ထူထောင်ခဲ့သောကာလများ၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်နေသည်ကို အထင်အရှား တွေ့မြင်နိုင်ပေသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း (၁၀၀) ကျော်ရှိပြီး ၎င်းသွေးချင်းမောင်နှမများ အားလုံးသည် တိုင်းပြည်၏ နယ်နိမိတ် အဝန်းအဝိုင်းတစ်ခုတည်းအောက်တွင် အတူနေထိုင်ကြသူများ ဖြစ်ကြပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို တန်းတူရည်တူ ရရှိကြမည့်အပြင် ထပ်တူညီမျှသည့် တာဝန်များကိုလည်း အတူတကွ ထမ်းရွက်ကြရမှာဖြစ်ပေသည်။ **ယခုအခါ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်အကောင်အထည်ဖော်ရာတွင်လည်း လွတ်လပ်သော တိုင်းရင်းသားပြည်သူများ၏ စိတ်ဆန္ဒ၊ သဘောထားကို အလေးပေးဗဟိုပြု၍ တိုင်းရင်းသားပြည်သူလူထုတစ်ဦးချင်း အကျိုးခံစားနိုင်စေရန် ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိပါသည်။** သန်း ၆၀ ကျော်မျှသော ပြည်သူလူထု၏ ထပ်တူညီမျှသော ဆန္ဒသဘောထားမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးပင်ဖြစ်ပေရာ အဆိုပါ ရည်မှန်းချက်ဆန္ဒများပြည့်ဝရေး အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပူးပေါင်းမှု ပြုလုပ်လျက် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အလယ်တွင် မျှတသော ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းစေရေး၊ ပို့ကုန်များ အခွန်ပေးဆောင်မှုဖြေလျှော့ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများ ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်လျက် အနာဂတ်နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အခွင့်အလမ်းများပေါ်ထွက်လာစေရေးကို အခြေခံအတိုင်းအတာတစ်ရပ်အထိ ဆောင်ကျဉ်းပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ယနေ့ မျက်မှောက်ကာလသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုသားတို့၏ ကိုယ်ခံစွမ်းအား တောင့်တင်းခိုင်မာရန် အရေးကြီးလှသောကာလဟုဆိုချင်ပါသည်။ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို သားစဉ်မြေးဆက် နှလုံးသွင်းကြမည်ဆိုပါက နိုင်ငံတော်ကို ထိပါးနှောင့်ယှက်လာမည့် မည်သည့်အန္တရာယ်နှင့် စိန်ခေါ်မှုကိုမဆို ရင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုဖွားညီနောင်များ၏ အမျိုးသားရေးပန်းတိုင်ဖြစ်သော စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးတွင် လွတ်လပ်ခြင်း၊ ညီမျှခြင်းအခွင့်အရေးများကို တန်းတူညီမျှခံစားကြရသကဲ့သို့ ဒွန်တွဲတည်ရှိနေသည့် တူညီသည့် အဓိကတာဝန်မှာ ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဖြစ်ပါသည်။ **ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ပင်မအဓိက တာဝန်ကြီး (၃)ရပ်သည် နိုင်ငံသားတိုင်း အစဉ်ထာဝရသယ်ပိုးထမ်းဆောင်ကြရမည့် တူညီသော တာဝန်ဖြစ်ပေရာ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်း ထမ်းဆောင်သွားကြရမည်ဖြစ်ပေသည်။**

နိုင်ငံတော် တစ်ရပ်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ယုံကြည်ရည်မှန်းရာ နိုင်ငံရေးပန်းတိုင်သို့ ဖြောင့်မှန်စွာရောက်ရှိစေရေးတို့အတွက် ကြိုးပမ်းဖော်ဆောင်ရာ လမ်းကြောင်းတစ်လျှောက်ဝယ် မဖြစ်မနေ ဆောင်ရွက်ရမည့်အချက်ကြီးနှစ်ချက်ရှိပါသည်။ ပထမလိုအပ်ချက်များမှာ "နိုင်ငံတော်အတွင်း နိုင်ငံရေးတည်ငြိမ်အေးချမ်းမှု" ဖြစ်ပြီး ဒုတိယလိုအပ်ချက်များ "စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"ပင်ဖြစ်ပါသည်။

လွတ်လပ်ရေးနေ့၏ တတိယအမျိုးသားရေးဦးတည်ချက်အရ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့်စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ နိုင်ငံတွင်း၌ တိုင်းရင်းသားလူမျိုးလက်နက်ကိုင်ပဋိပက္ခမှာ လွန်ခဲ့သောနှစ်ပေါင်း (၆၀)ကျော်ကတည်းက စတင်ပေါ်ပေါက်ခဲ့ပြီး ယင်းပဋိပက္ခများကြောင့် တိုင်းရင်းသားတို့၏ ဒေသအသီးသီးတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရခြင်းဖြစ်ကြောင်းကိုလည်း ထင်ရှားစွာ သိမြင်နိုင်ပေသည်။ ထိုလက်နက်ကိုင်ပဋိပက္ခများရှိနေသရွေ့ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှုကို မရရှိနိုင်သကဲ့သို့ နိုင်ငံရေးတည်ငြိမ်မှု မဖော်ဆောင်နိုင်သရွေ့ စီးပွားရေးတိုးတက်မှုအတွက်လည်း ကြီးမားသော အဟန့်အတားတစ်ရပ်ဖြစ်နေမည်သာတည်း၊ တိုင်းရင်းသားလူမျိုးများနှင့် ပဋိပက္ခများရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းမှု တည်ဆောက်ရေးအတွက် ပထမအဆင့် အပစ်အခတ်ရပ်စဲအောင် ဆောင်ရွက်ပြီး ဆက်လက်၍ နိုင်ငံရေးနည်းလမ်းအရ ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ပြည်နယ်အဆင့်သာမက ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအဆင့်အထိ ဆောင်ရွက်နိုင်ပြီဖြစ်ပေရာ လူမျိုးစုလက်နက်ကိုင် (၁၁)ဖွဲ့ ရှိသည့်အနက် (၁၀)ဖွဲ့နှင့် သဘောတူညီမှုများ ရရှိခဲ့ပြီးဖြစ်သည်။ KIO/KIA ကချင်လက်နက်ကိုင် အဖွဲ့အစည်းနှင့်လည်း ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိပေရာ နိုင်ငံတော်၏ စိတ်စေတနာနှင့်သဘောထားအမှန်ကို သိမြင်နားလည်လာပြီး မကြာမီ ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိလာနိုင်တော့မည်ဟု ယုံကြည်မိပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွား ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဖော်ဆောင်ပေးရေး၊ ဆင်းရဲမှုနှုန်း လျှော့နည်းကျဆင်းရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးမဏ္ဍိုင်များ တိကျမှန်ကန်ဖြောင့်မတ်ရေးတို့အတွက် မဆုတ်မနစ် ကြိုးပမ်းဖော်ဆောင်ရေးတို့အတွက် လိုအပ်သော အချက်များကို ရှေ့သို့သာ စိတ်အားသန်သန်ဖြင့် ရှေးရှုဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေနှင့်မူဝါဒများအား မတုံ့မဆိုင်းဘဲ ပြုပြင်ပြောင်းလဲပေးလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ(၉)ရက်နေ့တွင် ပထမအကြိမ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးများ စတင်ကျင်းပသွားမည်ဖြစ်ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း၊ အခွန်ဥပဒေများနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးဖြစ်ထွန်းစေမည့် ဥပဒေသစ်များ အမြန်ပေါ်ထွက်ရေးနှင့် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် အသစ်ပြဋ္ဌာန်းရန်ရှိသည့် ဥပဒေများထဲမှ ဦးစားပေးဆောင်ရွက်သင့်သည့် ဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံတော်သားများ၏ အကျိုးအတွက် အလျင်အမြန် ပေါ်ထွက်လာစေရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။

မိမိနိုင်ငံ၏ မူလသယံဇာတရေမြေသဘာဝ အမျိုးသားရေး ဓလေ့စရိုက်လက္ခဏာအခြေခံစီးပွားရေးကဏ္ဍများ၏ အခြေအနေတို့ကို အဓိကအလေးပေး၍ အနာဂတ်အလားအလာများကိုသုံးသပ်ပြီး၊ နိုင်ငံတော်နှင့် နိုင်ငံတော်သားတို့၏ စစ်မှန်သော ကောင်းကျိုးချမ်းသာအတွက် စီးပွားရေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ဤသို့ နိုင်ငံရေးဆိုင်ရာ တည်ငြိမ်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် အတူစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဦးကျထုတ်လုပ်မှု၊ ဝင်ငွေ၊ စားသုံးမှု၊ စုဆောင်းမှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်မားလာစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ထုတ်လုပ်မှုအင်အားစုများ၏ အရေအတွက်နှင့် အရည်အသွေး မြင့်မားတိုးတက်ရေး၊ မိမိနိုင်ငံတွင် သဘာဝ အရင်းအမြစ်များနှင့်အတူ ပေါင်းစပ်ရမည့် အရင်းအနှီး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနည်းပါးသေး၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေခြင်းအတွက် နည်းလမ်းရှာဖွေခြင်းကိုလည်း တွေ့ရှိရပါသည်။ နိုင်ငံတော်၏ ပထဝီအနေအထားအရ ကြီးမားသော ဈေးကွက်ကြီးရှိနေသည့်အပြင် အာဆီယံမှသည် အရှေ့အလယ်ပိုင်းအထိ ဆက်သွယ်ကူးလူးနိုင်သည့်အတွက် တောင်အာရှနှင့် အရှေ့အာရှတို့ကို ဆက်သွယ်ပေးသည့် အချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။ ယင်းမှာ ထူးမြတ်လှသော မွေးရာပါအခွင့်အလမ်းတစ်ရပ်ဖြစ်၍ အကျိုးရှိစွာအသုံးပြုရေးလုပ်ငန်းစဉ်များကိုလည်း ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်ရေး၊ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် ပဓာနကျသော အခြေခံအဆောက်အအုံ

များစွာကို စီ
လျက်ရှိပါသ
နိုင်ငံတေ
နှင့်စီးပွားရေး
အကြောင်း
ကြသည်ဖြစ်
အနေဖြင့် နိုင်
နှင့်အတူ စီး
များကိုပါ ပြေ
လျက်ရှိပါသ
ချီတက်၍ နေ
စေရန်အစိုးရ
လျက်ရှိပြီး
စိန်ခေါ်မှုအခ
ကို ရင်ဆိုင်
ရှိပါသည်။
နိုင်ငံစီးပွ
အရင်းအနှီး
အရင်းအမြစ်
များဖွံ့ဖြိုးစေ
တစ်ဖက်မှလ
ဥပဒေလိုအပ်
နိုင်ငံခြားရင်း
Law)ကိုလည်
နိုင်ငံတေ
နွမ်းပါးမှု ၂၆
ခုနှစ်တွင် ကမ္ဘာ
ရည်မှန်းချက်
အထိ လျှော့ကျ
မည်ဖြစ်သည်
ယခုအခါ
စီးပွားရေးဖွံ့ဖြ
မူဝါဒနှင့်လုပ်
၏ အရှိန်အဟ
သို့ ဦးတည်နေ
မူဝါဒနှင့် လုပ်
များကိုယ်တိုင်
ဆောင်ရွက်ကြ
ရေးအရ လုပ်
အဟန့်အတား
လည်း ဖြေ
ကြိုးစားကြရန်
**ယနေ့က
အတွက် အားမ
ရောင်နီပေါ်ထွ
သကဲ့သို့ နိုင်
ရှိပြီး ဆင်ခြင်
ဟုလည်း ဆိုနိ**
**သို့ဖြစ်ရာ
ရေးအနှစ်သာ
ကရေစီလမ်းေ
ပြည်သူလူထု
ပြည်ထောင်စု
စည်းလုံးနေထို
သုံးပါးအား
လက်နက်ကိုင်
စစ်မှန်သောငြိ
ဆောင်ရွက်ခြင်
သော ဒီမိုက
ဆောက်ရာတွ
ချက်များ အေ
ဆောင်ရွက်ခြ
အားရှိသမျှ
တိုက်တွန်း**

ပြည်တွင်းသတင်း

ခရစ္စမတ်ဆုမွန်ကောင်းတောင်းပွဲများ နိုင်ငံတစ်ဝန်းကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

နှစ်စဉ် နှစ်တိုင်း ဒီဇင်ဘာ ၂၅ ရက်တွင် ကမ္ဘာမြေတစ်လွှား ပျော်ရွှင်ဖွယ်ရာများနှင့် အေးချမ်းသာယာငြိမ်းချမ်းစေသည်မှာ ဘုရားသားတော် ကယ်တင်ရှင်ခရစ်တော်၏ မွေးနေ့မင်္ဂလာရက်မြတ် အခါသမယကြောင့်ပင် ဖြစ်သည်။ ခရစ္စမတ်တေးသံများ၊ ခရစ္စမတ်နှုတ်ဆက်သံများ၊ ခရစ္စမတ် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ၊ အပြင်အဆင်များ၊ အေးချမ်းရာသီနှင့်အတူနေရာတိုင်း၌ တွေ့ရ၊ မြင်ရ၊ ခရစ်တော်ကို သိသူ၊ မသိသူလူသားအားလုံးတို့ ခံစားကြရ၊ ပျော်ရွှင်ကြရစသည်တို့သည် ခရစ္စမတ်ပွဲတော်၏ ထူးခြားမှုများဖြစ်သည်။

ခရစ္စမတ်ဆိုသည်မှာ ဘုရားသားတော်ယေရှုခရစ်တော်ရှင်၏ မွေးနေ့ပွဲတော်ပင်ဖြစ်သည်။

ယနေ့နံနက်၉နာရီတွင် နေပြည်တော်ပျဉ်းမနားရှိ မြန်မာနှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ခရစ္စမတ်ခရစ်တော်မွေးနေ့ဝတ်ပြုကိုးကွယ်ခြင်း အခမ်းအနားကို ကျင်းပရာ အသင်းတော်မှ သင်းအုပ်ဆရာ ဒေါက်တာတင်မောင်အေးနှင့် နှစ်ခြင်းခရစ်ယာန်ဘာသာဝင်များ တက်ရောက်ဝတ်ပြု ကိုးကွယ်ကြသည်။ ဝတ်ပြုကိုးကွယ်ခြင်း အခမ်းအနား၌ အဖွင့်ဆုတောင်းဆက်ကပ်ခြင်း၊ ဓမ္မသံစုံတေးသီချင်းများ သီကျူးခြင်း၊ အထူးဆုတောင်းမင်္ဂလာ ချီးမြှင့်ခြင်းများပြုလုပ်ပြီး မြန်မာနှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း သင်းအုပ် ဆရာဒေါက်တာတင်မောင်အေးက ခရစ်တော်မွေးနေ့ တရားတော်ဟောကြားကာ ကောင်းချီးမင်္ဂလာ ဆုမွန်ကောင်းတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ခရစ်တော်မွေးနေ့အကြို ဓမ္မသီချင်းများ သီဆိုခြင်းနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားများကို ယမန်နေ့ညပိုင်းက ယင်းဘုရားရှိခိုးကျောင်းတွင် ကျင်းပခဲ့သည်။

အလားတူ ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနားစိန့်မိုက်ကယ်ကတ်သလစ်ဘုရားကျောင်းတွင် ခရစ်တော်မွေးနေ့ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားကို ကျင်းပရာ ခရစ္စမတ်တေးသံသာများ၊ ခရစ္စမတ်နှုတ်ဆက်သံများ၊ အထူးဆုတောင်းမင်္ဂလာချီးမြှင့်ခြင်းများ ပြုလုပ်ကြသည်။

ယမန်နေ့ ညပိုင်းကလည်း ယင်းဘုရားကျောင်း၌ ခရစ်တော်မွေးနေ့တော်သန်းခေါင်ယံ မစ္ဆားဝတ်ပြုဆုတောင်းပွဲတော် အခမ်းအနားကို ကျင်းပရာ ခရစ်ယာန်ဘာသာဝင်များ တက်ရောက်ခဲ့ကြသည်။ ပွဲတော်အခမ်းအနားတွင် ကောင်းချီးမင်္ဂလာအဖွင့် ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဓမ္မသံစုံသီချင်း (ကွာယာ)သီဆိုခြင်း၊ ခရစ်တော်မွေးဖွားခြင်း မင်္ဂလာသတင်းအကြောင်း ဟောပြောခြင်းတို့ ပြုလုပ်ခဲ့သည်။

ဒီဇင်ဘာလသည် ခရစ်ယာန်ဘာသာဝင်အားလုံးအတွက် ထူးခြားမြင့်မြတ်လှသော လတစ်လဖြစ်ပြီး လူသားအားလုံးကို ကယ်တင်နိုင်ရန်အတွက် ကယ်တင်ရှင် မွေးဖွားလာသော အချိန်အခါသမယလည်းဖြစ်၍ ကယ်တင်ရှင်ခရစ်တော်မွေးဖွားလာမည့် အချိန်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့၌လည်း အမှတ် ၃၇၂ အမှတ် ၁၀ ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ်ရှိ စိန့်မေရီကသီဒြယ် ဘုရားရှိခိုးကျောင်း၌ ယနေ့နံနက်ပိုင်းက ခရစ်တော်မွေးနေ့ ဝတ်ပြုကိုးကွယ်ခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလေးသူငယ်များက သခင်ယေရှု ဘဝပုံရိပ်များကို သရုပ်ဖော်တင်ဆက်ကြသည်။ ထို့အပြင် ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကလည်း ညသန်းခေါင်မစ္ဆားပူဇော်ခြင်း၊ (Mass) အခမ်းအနားနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကာ ဆုတောင်းမင်္ဂလာပြုခြင်းများ ဆောင်ရွက်ပေးသည်။

ခရစ္စမတ်ခရစ်တော် မွေးနေ့အကြို ဓမ္မသီချင်းများသီဆိုခြင်းနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများကို ယမန်နေ့ညပိုင်းက ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ပန်းခြံလမ်းထောင့်ရှိ ဇမာနွေလဘုရားကျောင်းတော်၌ ကျင်းပခဲ့ပြီး ယနေ့တွင်လည်း ဇမာနွေလ ဘုရားကျောင်းတော်တွင် သိက္ခာတော်ရ ဆရာတော်ကြီး ဒေါက်တာပေါလ်အက်(စ်)ဂွန်က ကျေးဇူးတော် ချီးမွမ်းဆုတောင်းပေးခဲ့သည်။

အလားတူ လမ်းမတော်မြို့နယ်ရှိ ဦးနောနှစ်ခြင်း ခရစ်ယာန်ကျောင်းတွင် အကြိုဝတ်ပြု ဆုတောင်းပွဲများကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

ယနေ့တွင် သင်းအုပ်ဆရာတော် ဦးတိုးတိုးက ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ပေးပို့လာသော သဝဏ်လွှာများကို ဖတ်ကြားပြီး ခရစ္စမတ်၏ အနှစ်သာရကို အားလုံးအတူတကွ ခံစားကြရပါစေကြောင်း ဆုတောင်းမင်္ဂလာပြုသည်။

ထို့နောက် ဓမ္မသံစုံတေးသီချင်းများ၊ ခရစ္စမတ်တေးသံစုံများဖြင့် ပျော်ရွှင်စွာ သီဆိုဂုဏ်ပြုကြသည်။

ခရစ္စမတ် အချိန်အခါသမယ အလင်းရှင် ငြိမ်းချမ်းရေး၏အရှင်သခင် မေတ္တာတော်ရှင် ခရစ်တော်ဘုရားပေးမည့် ဝမ်းမြောက်ခြင်းများ၊ ပျော်ရွှင်ခြင်းများ၊ ငြိမ်သက်ခြင်းများ၊ ရှင်သန်ခြင်းများ၊ လူသားတိုင်းအပေါ် အစဉ်သက်ရောက်ပါစေကြောင်း၊ ခရစ္စမတ်ဆုမွန်ကောင်းတောင်းပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း ပျော်ရွှင်စွာ ကျင်းပကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဇမာနွေလဘုရားကျောင်း၌ ခရစ္စမတ်ဆုတောင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ကလော-အောင်သပြေ (၆၆)ကေဗွီအေ ဓာတ်အားလိုင်းနှင့် လေယာဉ်အောက်ပိုင်း စတင်တိုက်မိပြီး တောင်ကြီး-မိတ္ထီလာ ကားလမ်းဘေးရှိ သစ်ပင်တန်းကို ဆက်လက်တိုက်မိကာ လေယာဉ်ကွင်း အနီးရှိ လယ်ကွင်းထဲတွင် လျှောတိုက်၍ ရပ်တန့်သွားခဲ့ကြောင်း၊ လေယာဉ်ရပ်တန့်ပြီးနောက် လေယာဉ်အမှုထမ်းများက အရေးပေါ်တံခါးများဖွင့်၍ ခရီးသည်များအား လေယာဉ်ပြင်ပသို့ ခေါ်ထုတ်နိုင်ခဲ့ပြီး နှစ်မိနစ်ခန့်အကြာတွင် လေယာဉ်မှာ စတင်မီးလောင်ခဲ့ကြောင်း၊ လေယာဉ် မတော်တဆထိခိုက်မှုတွင် ခရီးသည် မနွယ်လင်းရှိန် (ဘ)ဦးထွန်းရှိန် ရပ်စောက်မြို့နေသူနှင့် လေယာဉ်ဆင်းသက်စဉ် ထိခိုက်မှုကြောင့် ကားလမ်းပေါ်တွင် သွားလာနေသော မော်တော်ဆိုင်ကယ်တစ်စီး မီးလောင်ပျက်စီးခဲ့သဖြင့် မော်တော်ဆိုင်ကယ်စီးနင်းသူ ဦးပြားကုန်းမို့ကျေးရွာနေသူတို့ သေဆုံးခဲ့ပြီး အမေရိကန်နိုင်ငံသား နှစ်ဦး၊ ပြင်သစ်နိုင်ငံသူ တစ်ဦး၊ တရုတ်(တိုင်ပေ) နိုင်ငံသား တစ်ဦး စုစုပေါင်း နိုင်ငံခြားသား ခရီးသည် လေးဦးနှင့်အတူ လေယာဉ်မှူး နှစ်ဦး၊ ဧည့်လမ်းညွှန်နှစ်ဦးနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူ တစ်ဦး စုစုပေါင်း ကိုးဦးတို့မှာ ဒဏ်ရာရရှိမှုကြောင့် စဝ်စံထွန်း ဆေးရုံသို့ တင်ပို့ကုသပေးခဲ့ကြောင်း သိရှိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ အချိန်မီလာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စဝ်စံထွန်းဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော ဒဏ်ရာရခရီးသည် ကိုးဦးတို့အား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ အမေရိကန်နိုင်ငံသား Mr.Lokos Allan နှင့် ဇနီးတို့အား အဲပုဂံလေကြောင်းလိုင်း အစီအစဉ်ဖြင့် ဟဲဟိုးမြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ တိုက်ရိုက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှိုက်ကန်ပြိုပျက်၍ အမှိုက်များ လမ်းပေါ်ကြဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်မြို့တော်တွင် ဇန်နဝါရီလမှ စတင်၍ သန့်ရှင်းရေးဆောင်ရွက်ခ ဈေးနှုန်း မြို့နယ်အချို့တွင် ပြင်ဆင်ကောက်ခံမည်ဖြစ်ကြောင်း သက်ဆိုင်ရာ သတင်း ထုတ်ပြန်ချက်အရ သိရှိရကြောင်း၊ နေ့စဉ် လူအများအပြားသွားလာနေသော ဝါးတန်း ဆန်ကုန်စည်ဒိုင်သို့ သွားရာ လမ်းတစ်လမ်းဖြစ်သော ပြည်တွင်းရေကြောင်း လက်မှတ်ရုံနောက်ဘက်ဂိုဒေါင် အမှတ် ၇၂-A ဘေးရှိ အုတ်ကန်အမှိုက်ပုံသည် အုတ်ကန်ပြိုပျက်ပြီး လမ်းထက်ဝက်အထိ အမှိုက်များ၊ မြေစိုင်ခဲများဖြင့် ရောက်ရှိနေသဖြင့် ကုန်စည်ဒိုင်များ၊ ကုန်သည်များ၊ ဆိပ်ကမ်းနယ်မြေတွင် သွားလာနေသော ခရီးသည်များ အခက်အခဲဖြစ်နေသည်ကို ကွင်းဆင်းစစ်ဆေး ပြုပြင်ပေးစေလိုကြောင်း ဆန်စပါးကုန်သည်များနှင့် သင်္ဘောစီးခရီးသည်များက ဆိုသည်။

ရန်ကုန်မြို့တော်တွင် သန့်ရှင်းရေးဝန်ဆောင်ခများ တိုးမြှင့်ကောက်ခံသကဲ့သို့ နေ့အချိန် လမ်းဘေးဈေးသည်များ၊ အထူးသဖြင့် စားသောက်ဆိုင်များမှ စွန့်ပစ်ခဲ့သော ရေဆိုးရေပုပ်များ အနံ့သည် အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း တစ်လျှောက်ရှိ ကားလမ်းမဘေးတွင် တင်ကျန်ရစ်ပြီး ရေနုတ်မြောင်းများအတွင်း စီးဆင်းခြင်းမရှိ၍ ဘတ်စ်ကားစီးခရီးသည်နှင့် လမ်းသွားလမ်းလာများ နေ့စဉ် အနံ့ဆိုးများ ရှူရှိုက်နေခြင်းအတွက် သက်ဆိုင်ရာမှ စစ်ဆေးအရေးယူဆောင်ရွက်ပေးရန် လိုနေသည်ဟု ခရီးသွားများက ဆိုသည်။

ရန်ကုန်မြို့တွင်း အထပ်မြင့်များတွင် နေထိုင်သူများ နေ့စဉ်အမှိုက်လည်း စောင့်စရာမလိုဘဲ ရွှေ့လျားအမှိုက်ပုံးကြီး၊ ငယ်များတွင် အလွယ်တကူ စွန့်ပစ်နိုင်ရာ အမှိုက်ပုံးထဲသို့ရောက်အောင် စည်းကမ်းတကျ စွန့်ပစ်ရန် ပြည်သူများက လုပ်ဆောင်ပေးရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာမှလည်း သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ၊ ရေနုတ်မြောင်းများကို ရေစီးကောင်းရန် တူးဖော်ခြင်းများကို မိုးရာသီထိမစောင့်ဘဲ တူးဖော်ရှင်းလင်းပေးလျှင် ပြည်သူများ၏ သန့်ရှင်းရေးအတွက် ပိုမိုဝန်ဆောင်မှုပေးရာ ရောက်သည်ဟု ရန်ကုန်မြို့တွင်း နေထိုင်သူတစ်ဦးက ဆိုသည်။ **(ခင်ဆိုင်)**

လေယာဉ် ကားလမ်းပေါ်သို့ ဖြတ်သန်းစဉ် ထိခိုက်ပျက်စီးသွားသော ဆိုင်ကယ်တစ်စီးကို တွေ့ရစဉ်။

❒ *ကျောဖုံးမှ*

တည်ဆောက်မည်ဖြစ်ရာ မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ဒုတိယအဆင့်အဖြစ် ၁၁၇မိုင် ရှည်သော တောင်ငူ-ကမာနတ် ဓာတ်အားလိုင်းအား အမေရိကန် ဒေါ်လာ ၈၇ ဒသမ ၇၅ သန်း အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်သည်။ ယင်းဒုတိယအဆင့် ဓာတ်အားလိုင်း သွယ်တန်းမှုကို တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ ဒုတိယအဆင့် တည်ဆောက်သွယ်တန်းမှုကို ၂၀၁၃ ခုနှစ် အတွင်း အကောင်အထည်ဖော်မည် ဖြစ်သည်။

ဆက်လက်ပြီး တတိယအဆင့် အနေဖြင့် သပြေဝမှ ကမာနတ်အကြား ဓာတ်အားစက်ရုံသုံးရုံ တည်ဆောက်မှုကို အမေရိကန် ဒေါ်လာ ၈၇ သန်းဖြင့် အကုန်အကျခံကာ တည်ဆောက်သွားမည် ဖြစ်သည်။ ထိုသို့ တည်ဆောက်မှုကို ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ် ဓာတ်အားလိုင်းများ စနစ်တကျ သွယ်တန်းနိုင်ပါက လမ်းခရီးတွင် ဓာတ်အားလေလွင့်ဆုံးရှုံးမှုများ နည်းပါးသွားမည်ဖြစ်ကာ ပြည်သူများနှင့် စက်ရုံအလုပ်ရုံများ ဓာတ်အားပိုမိုသုံးစွဲနိုင်မည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

▲ *ရှေ့ဖုံးမှ*

လာရောက်လည်ပတ် အပန်းဖြေကြမည်ဟု ဟိုတယ်ဇုန်အသင်းက ခန့်မှန်းထားသည်ဟု သိရသည်။ ငွေဆောင်တွင် တစ်နှစ်လျှင် ပြည်တွင်းပြည်ပ ဧည့်သည် ငါးသိန်းခန့်ကို လက်ခံ၍ ဝန်ဆောင်မှုများပေးနိုင်သည်ဟုလည်း သိရသည်။

ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသည် ယခုအခါ သက်တမ်း ၁၂ နှစ်အတွင်းသို့ ရောက်ရှိလာပြီး ယခင်က ရွာအဖြစ်သာ ရှိခဲ့သော်လည်း ယခုမှာတော့ မြို့ဖြစ်လျက်ရှိသည်။ မြို့ဦးစေတီနှင့် ငွေဆောင်၏ ကျန်းမာရေးအတွက် ခုတင် ၁၆ လုံးဆံ့ ဆေးရုံတစ်ရုံ၊ အထက်တန်းကျောင်းတစ်ကျောင်း၊ ဆေးရုံအတွက် ဓာတ်မှန်တစ်စုံ၊ မြို့နယ်အတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ထုတ်ချေးပေးရန် ငွေကျပ် သိန်း ၃၀၀ ကို ငွေဆောင်ရှိ ဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်းက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ထုတ်ချေးပေးထားသည်ဆို၏။

"ငွေဆောင်ကမ်းခြေကို ပြည်တွင်းပြည်ပမှ အပန်းဖြေသူတွေ အလာများသဖြင့် ကမ်းခြေဟိုတယ်များကို နွေရာမိုးပါဖွင့်၍ ဝန်ဆောင်မှုများလျက်ရှိကြောင်း၊ ကမ်းခြေဟိုတယ်ဇုန်အသင်းသည် ငွေဆောင်ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်ချင်းဆက်လမ်းများ ဖောက်လုပ်ထားရှိခြင်း၊ ဟိုတယ်အခြေခံသင်တန်းများ၊ ရှေးဦးသူနာပြုစုခြင်းနှင့် ပင်လယ်ပြင်အသက်ကယ် သင်တန်းများပေးခြင်း၊ ကမ်းခြေရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းကို ငွေဆောင်ရှိ ဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းဒုတိယဉက္ကဋ္ဌ ဦးကျော်ထွန်း"က ပြောသည်။

ထို့ကြောင့် ငွေဆောင်ပင်လယ် ကမ်းခြေအပန်းဖြေစခန်းသည် သဘာဝအလှအပများ၊ စိမ်းညို့ညို့အုန်းပင်တန်းများ၊ သစ်ပင်ပန်းမန်များ၊ ကျေးငှက်သာရကာများ၊ ညစ်ညမ်းမှုကင်းစင်သော လေထု၊ မြေထု၊ ရေထုတို့နှင့်အတူ ထာဝရ မွှေးပျံ့လျက်ရှိသည်ဟု ကျွန်တော် ဆိုချင်ပါသည်။ ။

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

UNIQUE STAR TRAVELS & TOURS
PROMOTION (၃)ဦးဝယ်လျှင် + (၁)ဦး အခမဲ့

တောင်ကြီး၊ အင်းလေး	Jan 3,18/ Feb 8,9	(175,000)
ပုဂံ(ရွှေစည်းခုံ၊ ပုပ္ပါး)	Jan 3,18/ Feb 8,9	(160,000)
ပုဂံ+မန္တလေးမြင်ဦးလွင်	Jan 3,18/ Feb 8	(175,000)
မန္တလေး+တောင်ကြီး	Jan 3,18/ Feb 8	(219,000)
မန္တလေးမုံရွာမြင်ဦးလွင်	Jan 3,18/ Feb 9	(175,000)
ချောင်းသာ Hotel Max (2 Nights)	Daily	(70,000)
ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး		(12,000)

No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.
09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၈၃၄၊ အကျယ်အဝန်း (ပေ၄၀×ပေ၆၀) ရှိ၊ နှစ် ၆၀ ဂရန်မြေကွက်ကြီးအနက်မှ တရားဝင် ခွဲစိတ်ခြင်းမပြုရသေးသည့် အဆိုပါမြေကွက် တစ်ဝက်၊ ယာဘက်ခြမ်း အလျား ပေ၂၀×အနံ ပေ၆၀အကျယ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၄လမ်း၊ အမှတ် ၈၃၄ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆက်ခံပိုင်ဆိုင်သူ ဦးကျော်စိုး-ဒေါ်စန္ဒာဝင်းတို့၏ (အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် -၂၈၄၇/၁၂)ဖြင့် ရရှိသူ ဒေါ်ခင်ပြုံးကြည် ၉/မနတ(နိုင်)၀၃၂၅၈၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အကျိုးခံစားခွင့်နှင့်သက်ဆိုင်သော ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်အေးအေးမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ်-၇၃၅၈)
အမှတ် ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၄၆၆၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၈ ရပ်ကွက်၊ ရတနာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၆၈၊ မြေကွက်အမှတ် ၁၃၁၊ မြေအကျယ်အဝန်း ပေ၄၀×ပေ၆၀၊ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက်ပိုင်ရှင် ဦးကျော်မြ (YSO-၀၅၄၈၂၅)ထံမှ စာချုပ်အဆက်ဆက်ဖြင့် လက်ရောက်ပိုင်ဆိုင်ထားသူ ဦးသန်းဦး ၁၂/သဃက(နိုင်)၀၄၈၇၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက တစ်ဆင့်ပြန်လည်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာခိုင် (စဉ်-၂၅၈၄၉) **ဦးကျော်ဒင် (စဉ်-၇၃၃၁)**
အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ**
အမှတ် ၈၃၊ အခန်း ၂၆/B၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
အိမ်ဖုန်း-၅၄၅၄၇၃၊ ရုံးဖုန်း-၂၄၀၀၁၈၊ ၀၉-၅၄၀၂၇၇၄၊ ၀၉-၄၂၀၀၅၈၆၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြင်ဦးလွင်မြို့၊ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား ဂန္ဓကုဋီတိုက် အထွဋ်စေတီတော်ကြီးနှင့် ပစ္စယာ(၂)ဆင့် အပါအဝင် အရန်စေတီငယ်များအား (၂လက်မ×၂လက်မ) ရွှေဆိုင်းရွှေသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပါသည်။

ထို့ကြောင့် ရွှေဆိုင်းပေးသွင်းလိုသူများနှင့် ရွှေချလုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များသည် မိမိတို့၏လုပ်ငန်းလိုင်စင်၊ နမူနာရွှေဆိုင်း၊ လုပ်ငန်းအတွေ့အကြုံများဖော်ပြလျက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများကို ၇-၁-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထားပြီး တင်ဒါတင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀၀ိ/နှုန်းဖြင့် ဂေါပကရုံးတွင် ဝယ်ယူနိုင်ပြီး သိရှိလိုသော အသေးစိတ်အချက်အလက်များကို မေးမြန်းစုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ဂေါပကအဖွဲ့
မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား၊ ပြင်ဦးလွင်
ဂေါပကရုံး ဖုန်း-၀၈၅-၂၈၀၄၄၊ ၀၉-၆၅၀၀၁၄၄

ပြည်တွင်းသတင်း

မီးခိုးမထွက်သော စက်ရုံကြီးမှ တိုးတက်လာသော ကဏ္ဍာ

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယနေ့နိုင်ငံတော်၏ ပြောင်းလဲတိုးတက်မှုကဏ္ဍရပ်များ၌ ကိန်းဂဏန်းမကြည့်ဘဲနှင့် သိသာမြင်သာထင်ထင်ရှားရှားတိုးတက်လာသည့် ကဏ္ဍတစ်ရပ်မှာ မီးခိုးမထွက်သော စက်ရုံကြီးဟု တင်စားခေါ်ဝေါ်နေကြသည့် ပြည်တွင်းခရီးသွားလုပ်ငန်းများပင်ဖြစ်သည်။

ပြည်တွင်း ခရီးသွားအေဂျင်စီများ အနေဖြင့် တညီတညွတ်ထွက်ဆိုလာသည့် စကားတစ်ရပ်မှာ "ယခင်နှစ်ထက် ယခုနှစ်က ပြည်တွင်းခရီးသွားသူတွေရောနိုင်ငံခြားခရီးသွားဝင်ရောက်မှုပါ ပိုမိုများပြားလာပါတယ်" ဟု ဆိုခဲ့ကြပါသည်။

ရန်ကုန်မြို့တစ်ခုတည်းမှာပင် နေ့စဉ်နိုင်ငံခြား ဧည့်သည်ဝင်ရောက်မှုက ရွေတိုဂိုစေတီတော်ရင်ပြင်နှင့် မြို့လယ်ကောင် ဆူးလေစေတီတော်အနီးတစ်ဝိုက်၌ အုပ်စုလိုက်၊ မိသားစုအလိုက် မြင်တွေ့နေရမှုက သက်သေတစ်ခုပါ" ဟု ပြောရမည်ပင်။

ရန်ကုန်မှနေ၍ ကျိုက်ထီးရိုးရှိ စခန်းများ ငွေဆောင်၊ ချောင်းသာ၊ ပုဂံဟိုတယ်များသို့ ဆက်သွယ်ကြည့်ရာတွင် အားလုံးနီးပါးက ဒီဇင်ဘာ ခရစ်စမတ်ရက်ပန်းကျင် နှစ်သစ်ကူးရက်ဝန်းကျင်ရက်များအတွက် အခန်းတွေ ပြည့်နေလို့ပါခင်ဗျား. . . ၊ ဟုတ်ကဲ့ ကျွန်မတို့ အတတ်နိုင်ဆုံး အစဉ်ပြေအောင်စီစဉ်ပေးပါ့မယ်ရှင် ဆိုသည်။ ဧည့်ကောင်တာများ၏ အဖြေကားများကို ကြားခဲ့ရသည်။

"ဒီနှစ်ထဲမှာ ချောင်းသာ၊ ကျိုက်ထီးရိုးခရီးစဉ်က ပို များတယ် နေ့စဉ်ညစဉ် ကားသုံးလေးစီးပို့မှန်ထွက်ရတယ်။ မလုံလောက်ရင်ထပ်စီစဉ်ပေးရတယ်။ ဒါက လည်း အခြားခရီးစဉ်တွေထက်ပို အဆင်ပြေလို့ပါပဲ" ဟု ပန်းဆိုးတန်းရှိ ခရီးသွားလာရေးကားဂိတ်မှ အရောင်းမန်နေဂျာ ကိုသာကြီးက ဆိုခဲ့ပါသည်။

ယခုအခါ ချောင်းသာကမ်းခြေမှာ တိုးချဲ့စီစဉ်လာမှုကြောင့် ကျောက်မောင်နှမကမ်းခြေမှာ ပိုမိုစည်ကားလာသည်ဟု ခိုင်ချောင်းသာမှမိတ်ဆွေကြီး ဦးကျော်မိုးက ဆိုခဲ့ဖူးသည်။

နိုင်ငံခြားခရီးသွားဝင်ရောက်မှု အနေဖြင့် ယမန်နှစ်ကထက် ယခုနှစ်မှာ နှစ်ဆကျော်မြင့်မားတိုးတက်မှုရှိနေကြောင်း ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနက သိရသည်။

သို့သော် နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် ဟိုတယ်များ အခန်းများ မလုံလောက်မှုက ပြဿနာအခွင့်အရေးတစ်ရပ်အဖြစ် အသုံးချနေမှုက ခရီးသွားလာမှုကဏ္ဍတွင် အနှောင့်အယှက်ဖြစ်လာနိုင်သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ထိန်းကျောင်းစိစစ်မှုများကတော့ ရှိနေသည်ဟု ပဥ္စရုပခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူကိုမျိုးက ပြောကြားသည်။

နိုင်ငံခြားဧည့်သည်များအနေဖြင့် အဓိကသွားလာမှုခရီးစဉ်များ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး၊ ဆင်စခန်းများ၊ ပုပ္ပား၊ နတ်မတောင်စသည်ဖြင့် သွားလာမှုများသည်ဟုလည်း သိရသည်။

သို့ဖြင့် ၂၀၁၃ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ပြင်ဆင်မှုများများစွာလိုအပ်လာပြီဖြစ်သည်။တိုတယ်များ မလုံလောက်မှုအခက်အခဲ၊ ဧည့်လမ်းညွှန်မလုံလောက်မှုကိစ္စရပ်၊ ယခုထက်ပိုမိုကျယ်ပြန့်သော ခရီးစဉ်များက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုတင်ပြင်ဆင်ထားသင့်ပြီဖြစ်ပါကြောင်း မီးခိုးမထွက်သောစက်ရုံများမှ နိုင်ငံခြားဝင်ငွေရရှိရေးကို မျှော်လင့်ကြိုဆိုလျက် တင်ပြလိုက်ရပါသည်။

တိပ္ပိနှင့် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွား

မန္တလေး ဒီဇင်ဘာ ၂၅

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် မင်းကြီးရန်နေနောင်လမ်းနှင့် သမိန်ဗရမ်းလမ်း ၅၆ လမ်းနှင့် ၅၇လမ်းကြား အကွက်အမှတ် ၄၄/ခ နှင့် ၄၄/ကတွင် ဒီဇင်ဘာ ၂၂ ရက်ညနေ ၄ နာရီက ဦးဆန်းမင်း၏နေအိမ်၌ တိပ္ပိနှင့် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးဆန်းမင်း၏ ထရံကာ၊ နှစ်ထပ်အပေါ်ထပ်၊ ၂၅ပေပတ်လည်၊ နံကပ်၊ သွပ်မိုးနှစ်ထပ်အိမ်တွင် တိပ္ပိနှင့် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရာ မီးလောင်ရာသို့ မီးသတ်ယာဉ် ၃၇စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၃၅ ဦး သွားရောက် ငြိမ်းသတ်ကြသဖြင့် ညနေ ၄ နာရီ ၂၅မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ထရံကာ၊ သွပ်မိုး၊ ပေ၃၀×ပေ၂၀ ပတ်လည်အပေါ်ထပ်နှင့် ၂၅ ပေ ပတ်လည် နံကပ်သွပ်မိုးနှစ်ထပ်အပေါ်ထပ် အနည်းငယ် မီးလောင်ကျွမ်းခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၃၇၀၀၀ ဖြစ်ပြီး အိမ်ရှင် ဦးဆန်းမင်း(ဘ)ဦးလွှေလှအသက် ၃၇နှစ်အား ပြည်ကြီးတံခွန် အဆင့်မြင့် ရဲစခန်းကအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး ဆောင်ရွက်

တောင်ကြီး ဒီဇင်ဘာ ၂၅

တောင်ကြီးမြို့သည် မြို့နေလူဦးရေတိုးတက်များပြားလာပြီး ရပ်နီးရပ်ဝေးမှကား၊ ဆိုင်ကယ်များဖြင့် မြို့မစွေးကြီးနှင့် အနီးတစ်ဝိုက်သို့လာရောက်ရာတွင် မြို့မစွေးကြီးရှေ့ ယာဉ်များရပ်နားရာ၌ ယာဉ်ကြောကျဉ်းမြောင်းပိတ်ဆို့မှု၊ စွေးရောင်းဝယ်ဖောက်ကားသူများ အနှောင့်အယှက်ဖြစ်စေမှုများ ကြုံတွေ့နေရသဖြင့် တောင်ကြီးမြို့ ညစွေးတန်းရှေ့ ရေထွက်ဦးလမ်းကုန်ခြောက်၊ သား၊ ငါးစွေးဘေး၊ မြို့မစွေးကြီးအရှေ့နှင့် ဗိုလ်ချုပ်လမ်းမကြီးဘေးတို့တွင် ဆိုင်ကယ်များရပ်နားရန် အပ်နှံလက်ခံနေရာမှ သံလွင်လမ်းအပေါ် ခမ်းလီရတနာရွှေဆိုင် ရှေ့ရှိနေရာသို့ ဒီဇင်ဘာ ၁၉ ရက်တွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြောင်းရွှေ့ဆောင်ရွက်ခဲ့သည်။

ခမ်းလီရတနာရွှေဆိုင်ရှေ့ရှိ ယာဉ်ရပ်နားအပ်နှံလက်ခံနေရာ၌ စက်ဘီး၊ ဆိုင်ကယ်များအား စနစ်တကျအပ်နှံလက်ခံဆောင်ရွက်လျက်ရှိပြီး ယာဉ်ရပ်နားအပ်နှံလက်ခံမှုနေရာ ပြောင်းရွှေ့မှုကြောင့် မြို့မစွေးကြီးနှင့်အနီးတစ်ဝိုက် စွေးရောင်းစွေးဝယ်သူများနှင့် အများပြည်သူများ အနှောင့်အယှက်ကင်းစွာ သွားလာနိုင်ကြပြီး ယာဉ်စည်းကမ်းလမ်း စည်းကမ်းနှင့် အညီ ယာဉ်အန္တရာယ်ကင်းဝေးစွာ သွားလာလျက်ရှိကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

တာဝန်ထမ်းဆောင်နေသူ စည်ပင်ဝန်ထမ်းကို ဝိုင်းဝန်းထိုးကြိတ်မှု ပဲခူးတွင်ဖြစ်ပွား

ပဲခူး ဒီဇင်ဘာ ၂၅

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်ကျော်လူနှင့်အဖွဲ့ အလုပ်တာဝန်ထမ်းဆောင်နေစဉ် အနီးနားရှိလူလေးဦးက လက်သီးနှင့်ဝိုင်းထိုး၊ အုတ်ခဲကျိုးမြေကြီးခဲများဖြင့် ပစ်ပေါက်သောကြောင့် အင်ဂျင်နီယာ(၂) ဦးသောင်း၏ ယာဘက်လက်မောင်း ဖူးရောင်ဒဏ်ရာနှစ်ချက်ရရှိ၍ ရဲဆေးစာဖြင့် ပဲခူးဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၁ရက် ညနေ ၃ နာရီက ပဲခူးမြို့ မဇင်းရပ်ကွက် ဒိုဘီလမ်းသို့ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်ကျော် လူဦးဆောင်၍ အင်ဂျင်နီယာ(၂) ဦးသောင်း၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဝင်းမောင် မောင်တို့သည် နေ့စားအလုပ်သမားငါးဦးနှင့်အတူ ဒိုဘီလမ်းတွင် မြေကြီးဖို့ ပိတ်ဆို့ထားသော ရေမြောင်းကို ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက်ပြည်သူလူထု၏ တင်ပြတိုင်ကြားချက်နှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားချက် အရ ပြန်လည်တူးဖော်ရန် ရောက်ရှိဆောင်ရွက်ခဲ့ကြသည်။

ပိတ်ဆို့နေသော ရေမြောင်းတံတားကို တူးဖော်နေစဉ် ၎င်းရပ်ကွက်အတွင်းရှိ ဦးမြင့်အောင်ဆိုသူနှင့် ၎င်း၏သားသုံးဦးတို့ ရောက်ရှိလာပြီး "ဘယ်သူညွှန်ကြားချက်နှင့် လုပ်တာလဲ"ဟု မေးမြန်းရာ စည်ပင်ဝန်ထမ်းများက အထက်မှ ညွှန်ကြား၍ လုပ်ခြင်းဖြစ်ကြောင်း ပြောပြစဉ် ညွှန်ကြားချက်ကို ၎င်းတို့အားပြသခိုင်းရာ စည်ပင်ဝန်ထမ်းများက ပြသခွင့် မရှိကြောင်း၊ ပြောဆိုခဲ့သဖြင့် ဦးမြင့်အောင်ပါလေးဦးတို့က ဝန်ထမ်းများအား ပိုင်းဝန်းတွန်းလှဲပြီး လက်သီးများဖြင့်ပိုင်းထိုးကာ အုတ်ခဲကျိုးမြေကြီးခဲများဖြင့် ပစ်ပေါက်သည့်အပြင် ခေါ်ဆောင်သွားသော နေ့စားအလုပ်သမားများ၏ လက်ထဲမှ ပေါက်တူးကို ဆွဲလုပြီး ပေါက်တူးဖြင့်ခုတ်ရန်ခိုန်ရွယ်ခြိမ်းခြောက်သဖြင့် အလုပ်သမားများ ထွက်ပြေးခဲ့ရသည်ဟု သိရသည်။

အင်ဂျင်နီယာမှူး ဦးအောင်ကျော်လူက မြင့်အောင်ပါလေးဦးတို့အပေါ် တရားလိုပြုလုပ်တိုင်ကြားခဲ့ရာ အမှတ်(၂)ရဲစခန်းမှ အမှုကိုစစ်ဆေးလျက်ရှိသည်။ **(သန့်စင်)**

WYစာတန်းပါနီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ဗန်းမော် ဒီဇင်ဘာ ၂၅

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာမှ WYစာတန်းပါ နီညိုရောင်စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်မူးယစ်(အထူး)စင်းခန်းလှုပ်ရှားအဖွဲ့မှ ရဲအုပ်စိုးပိုင် ဦးစီး၍ တပ်ကြပ်ကြီးအေးသန်း၊ တပ်ကြပ်ကြီး မြင့်သန်းထွန်း၊ တပ်ကြပ်ကြီးတင်သိန်းနှင့် စင်းခန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်လင်းစိုး၊ ဦးရဲလွင်ဦးတို့နှင့်အတူ ဒီဇင် ဘာ ၁၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မူးယစ်ဆေးဝါးရှာဖွေခွင့် ဝရမ်းအမှတ် (၉၀/၁၂)ဖြင့် စင်းခန်းကျေးရွာ မမိုး(ခ) မမိုးမိုး နေအိမ်သို့ဝင်ရောက်ရှာဖွေကြရာ နေအိမ်အပေါ်ထပ် ဧည့်ခန်းယာဘက်ထောင့်မှ မိန်းမကိုင်အညိုရောင်ပိုက်ဆံအိတ်အတွင်း ပလတ်စတစ်အကြည်ဖြင့် ထည့်လျက် WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉ ပြား (၁၀ ဒသမ ၉)ဂရမ်ပါ တစ်ထုပ်နှင့် မူးယစ်ဆေးဝါး ရောင်းချရငွေဟုယူဆရသည့် မြန်မာငွေစက္ကူ ၁၀၀၀ ကျပ်တန် ၁၂ ရွက် စုစုပေါင်း ငွေကျပ် ၁၂၀၀၀ တို့ကို ရှာဖွေတွေ့ရှိ၍ မမိုး(ခ)မမိုးမိုး (၄၁)နှစ် စင်းခန်းကျေးရွာနေသူအား ဗန်းမော်ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဆီမီးခုံ-နန်းရီ)

ကားနှစ်စီးခေါင်းချင်းဆိုင်တိုက်

နေပြည်တော် ဒီဇင်ဘာ ၂၅

ဒီဇင်ဘာ ၂၄ ရက် ည ၈ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပိုင် နေပြည်တော်-မန္တလေး အဝေးပြေးလမ်းမကြီး ခေတ်အေးကျေးရွာအနီး ပျဉ်းမနားမှ မိတ္ထီလာသို့ ဆန်အိတ်များတင်ဆောင်ပြီး ယာဉ်မောင်း မျိုးမြင့်ဦး မောင်းနှင်လာသည့် ၆က/-----ဒိုင်နာမော်တော်ယာဉ်နှင့် နေပြည်တော် တပ်ကုန်းဘက်မှ မောင်းနှင်လာသော ဆယ်ဘီးကားတို့ ခေါင်းချင်းဆိုင်တိုက်မိသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဒိုင်နာယာဉ်မောင်း မျိုးမြင့်ဦး (၃၂)နှစ်မှာ ပွဲချင်းပြီး သေဆုံးပြီး ဆယ်ဘီးကား ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဒိုင်နာကားယာဉ်နောက်လိုက်တို့ ဒဏ်ရာများပြင်းထန်စွာရရှိပြီး နေပြည်တော်ကောင်စီနယ်မြေရှိ ဆေးရုံများသို့ တင်ပို့ကုသထားရကြောင်း သိရသည်။

နေပြည်တော် ယာဉ်ထိန်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရွှေငင်အိ(နေပြည်တော်)**

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နဲ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် ၇/F တွင် တည်ထောင်ဖွင့်လှစ်ထားသည့် MYO PAINTING GROUP Co.,Ltd. သည် အောက်တွင်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပူးတွဲပါ စာချုပ်အမှတ်ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

MYO

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ် အမည်အမှတ်အသားမှာ အင်္ဂလိပ်စာလုံးအပြာဖြင့် ရေးသားထားသော Myo ဟူသော စကားလုံးအား ဘဲဥပုံ ရွှေရောင်အနားသတ်ဖြင့် အထက်တွင်ဖော်ပြထားသောပုံဖြစ်ပါသည်။ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်သွင်းသည့် MYO PAINTING GROUP Co.,Ltd. မှ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် 1.PAINTING , 2. PARQUET FLOORING, 3. HI-TECH PAINT, 4. SAND TEXTURE, 5.SPRAY POLISHING, 6. WATER PROOFING, 7.EPOXY FLOORING ဝန်ဆောင်မှုလုပ်ငန်းများတွင် ကုမ္ပဏီ၏မူပိုင်အဖြစ် အသုံးပြုမည်ဖြစ်ပါသည်။ တစ်ဖန် ယင်းလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သည့် ကြော်ငြာဆိုင်းဘုတ်၊ သတင်းစာ၊ စာစောင်၊ စာရွက်စာတမ်း၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ Internet, Website, E-mail၊ ကုမ္ပဏီသုံး Letter head၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရေပြေစာ အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကိုရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားတွင် သုံးစွဲသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားတုပ၍သော်လည်းကောင်း ပြုလုပ်သုံးစွဲသူများအား တရားစွဲကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ထွဲအပ်ညွှန်ကြားချက်အရ-
ခေါ်မြလှဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

အားကစားသတင်း

မြန်မာ့လက်ရွေးစင်ဂိုးသမား သီဟစည်သူ ရတနာပုံ FC သို့ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၅

၂၀၁၃ ရာသီသစ်အတွက် ပြင်ဆင်နေသော ရတနာပုံအသင်းသည် ဧရာဝတီယူနိုက်တက်အသင်းမှ မြန်မာ့လက်ရွေးစင်ဂိုးသမားဖြစ်သူ သီဟစည်သူကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

ရတနာပုံအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် နာမည်ကြီး ကစားသမားများကို ခေါ်ယူအားဖြည့်လျက်ရှိပြီး ယခုအခါ သီဟစည်သူကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် သီဟစည်သူကိုခေါ်ယူရန် ပြောင်းရွှေ့ကြေးအပြင် အငှားချထားသောလက်ရွေးစင်တိုက်စစ်မှူး စိုးကျော်ကျော်ကို ဧရာဝတီအသင်းသို့ အပြီးပြောင်းရွှေ့ခွင့်ပြုခဲ့ရသည်။ ထို့ပြင် လူငယ်ကစားသမားတစ်ဦးကိုလည်း ဧရာဝတီအသင်းသို့ ထပ်မံပြောင်းရွှေ့ခွင့်ပြုရမည်ဖြစ်ကြောင်းသိရသည်။ သီဟစည်သူသည် ဧရာဝတီအသင်း၏အသင်းခေါင်းဆောင်တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၂ MFF CUP ပြိုင်ပွဲတွင် ဗိုလ်စွဲရာ၌ အဓိကလက်စွမ်းပြခဲ့သူတစ်ဦးလည်းဖြစ်သည်။

ရတနာပုံအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် မြန်မာ့လက်ရွေးစင်ကစားသမားအများအပြားကို ခေါ်ယူနေပြီး မကွေးနောက်ခံလူ ဇော်မင်းထွန်း၊ ရန်ကုန်အသင်းမှ နောက်ခံလူ ရန်အောင်ဝင်းနှင့် ထိုက်စစ်မှူးကောင်းစည်သူတို့ကို ခေါ်ယူထားပြီးဖြစ်သည်။ ထို့ပြင် ဇေယျာရွှေမြေဂိုးသမား ညီညီလွင်ကို ခေါ်ယူထားသည်။ **(မြန်မာ့အလင်း)**

ရတနာပုံအသင်းသို့ ရောက်ရှိလာသည့် လက်ရွေးစင်ဂိုးသမား သီဟစည်သူ။

တောင်ငူမြို့ (၁၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးသစ်ခန့်ထားရေး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ကျင်းပစဉ်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးသစ် စနစ်တကျရွေးချယ်

တောင်ငူ ဒီဇင်ဘာ ၂၅

တောင်ငူမြို့ (၁၈)ရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးသစ်ကို စနစ်တကျမှန်မှန်ကန်ကန်ရွေးချယ်တာဝန်ပေးခန့်အပ်နိုင်ရေး ရပ်ကွက်အုပ်ချုပ်ရေးမှူးဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၏ ဥပဒေကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ရပ်ကွက်ကရွေးချယ်ထားသော ရပ်မိရပ်ဖငါးဦး၏ကြိုးကြပ်မှုဖြင့် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ (၁၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ရွေးချယ်ခဲ့

ပထမဦးစွာဆယ်အိမ်စုတစ်စုအတွက် ဆယ်အိမ်စုကိုယ်စားလှယ်တစ်ဦးစီကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့ပြီး ဆယ်အိမ်စုကိုယ်စားလှယ်များမှတစ်ဆင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်များကို လျှို့ဝှက်ဆန္ဒမဲဖြင့် အဆင့်ဆင့် ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ **သူရ(တောင်ငူ)**

အာဖရိကနိုင်ငံများဖလား နိုင်ဂျီးရီးယားနှင့် လက်ရှိချန်ပီယံတွေ့ပြီ

လူဘန်ဂို ဒီဇင်ဘာ ၂၅

အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲကို လာမည့် ဇန်နဝါရီလထဲတွင် ကျင်းပမည်ဖြစ်ရာ နိုင်ဂျီးရီးယားအသင်းအတွက် အားကစားသမား ၃၂ ဦးကို ရွေးချယ်ထားသည်။ နိုင်ဂျီးရီးယားအသင်းသည် အုပ်စု (C) တွင်ပါဝင်ပြီး လက်ရှိချန်ပီယံဇမ်ဘီယာ၊ ဘာကီနာဖာဆိုနှင့် အီသီယိုးပီးယားအသင်းတို့နှင့် ကစားရမည်ဖြည်သည်။ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်တွင် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ရိုက်တာ)**

ဘရာဇီးကွင်းလယ်ကစားသမား မန်စီးတီးခေါ်မည်

လန်ဒန် ဒီဇင်ဘာ ၂၅

ဘရာဇီးကွင်းလယ်ကစားသမား ပေါလင်ဟိုအား ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးက စာချုပ်ရန် ဆွေးနွေးနေပြီဖြစ်သည်။ ကွင်းလယ်ကစားသမား ပေါလင်ဟိုသည် ဘရာဇီးချန်ပီယံ ကိုရင်သီယန်ကလပ်တွင် ကစားလျက်ရှိသည်။ ၄င်းအား မန်စီးတီးအသင်းက ဒေါ်လာ ၁၈ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်ဟု ဆိုသည်။ ကိုရင်သီယန်အသင်းသည် လွန်ခဲ့သည့် သီတင်းပတ်က ဂျပန်နိုင်ငံ၌ ဥရောပချန်ပီယံချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ကမ္ဘာ့ကလပ်ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကွင်းလယ်ကစားသမား ပေါလင်ဟိုလည်း ခြေစွမ်းပြပါဝင်ကစားခဲ့သည်။ မန်စီးတီးအသင်းမှ ယာယာတိုရေးသည် အာဖရိကနိုင်ငံများဖလားတွင် ပါဝင်ကစားရမည်ဖြစ်၍ ဇန်နဝါရီပြိုင်ပွဲများနှင့် လွဲချော်နိုင်သည်။ ၄င်းနေရာတွင် ပေါလင်ဟိုအနေဖြင့် ပါဝင်ကစားရဖွယ်ရှိသည်။ **(ဆင်ဟွာ)**

ဘရာဇီးကွင်းလယ် ကစားသမား ပေါလင်ဟို

ကောင်းမြတ်သူ-စုစည်းသည်

အကျိုးတူလုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ် (၃၃)မြို့နယ်မှ နေ့စဉ်သိမ်းဆည်းသည့် အမှိုက်တန်ချိန် ၁၅၀၀ကျော်အနက်-

(က) လှိုင်သာယာမြို့နယ်၊ ထိန်းပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ တန်ချိန် ၈၀၀ခန့်၊

(ခ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ထားဝယ်ချောင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ တန်ချိန် ၆၀၀ခန့် နေ့စဉ်သိမ်းဆည်း၊ သယ်ယူ၊ စွန့်ပစ်လျက်ရှိပါသည်။

၂။ ယခုအခါ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်လုပ်ငန်းစဉ်အရ စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်မှု (Waste To Energy) နည်းစဉ်ဖြင့် အဆိုပါအမှိုက်ပုံနေရာနှစ်ခုတွင် အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါသည်-

(က) စွန့်ပစ်အမှိုက်မှ Methane ဓာတ်ငွေ့ထုတ်ယူပြီး Generator ဖြင့် မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်း လုပ်ငန်း၊

(ခ) စွန့်ပစ်အမှိုက်မှ Methane ဓာတ်ငွေ့ထုတ်ယူပြီး (Compress Biomehtane)ပြုလုပ်၍ ဇုဇ ရာခိုင်နှုန်း သန့်စင်သောစွမ်းအင်(CNG အစားထိုးဓာတ်ငွေ့)ထုတ်ယူခြင်းလုပ်ငန်း၊

(ဂ) စွန့်ပစ်အမှိုက် မီးရှို့စက်တည်ဆောက်၍ Incinerated Process ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းလုပ်ငန်း၊

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလုပ်ငန်းစဉ် (၃)မျိုးအား ဆောင်ရွက်လိုသော ပြည်တွင်းကုမ္ပဏီများအနေဖြင့်လည်းကောင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့်လည်းကောင်း၊ ပြည်တွင်းနှင့်ပူးပေါင်းပြည်ပကုမ္ပဏီများအနေဖြင့်လည်းကောင်း အောက်ပါအချက်များအား ပြည့်စုံစွာ ဖော်ပြပါရှိလျက် အဆိုပြုတင်ပြချက် Proposal အား ၂၈-၂-၂၀၁၃ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသို့ တင်ဒါအဆိုပြုပေးပို့နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) မည်သည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်လိုကြောင်းနှင့် Fesibility Study လုပ်ဆောင်မည့်ကာလဖော်ပြချက်၊

(ခ) မည်သည့်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွင် ဆောင်ရွက်လိုကြောင်းနှင့် တည်ဆောက်မှုကာလဖော်ပြချက်၊

(ဂ) အကျိုးတူလုပ်ငန်းအား နှစ်ကာလဖော်ပြ၍ မည်သည့်စနစ်ဖြင့် ဆောင်ရွက်လိုကြောင်း၊ (ဥပမာ- Build-Operate-Transfer စနစ်၊ Build-Own-Operate စနစ်၊ Public-Private-Partnership စနစ်)

(ဃ) ဆောင်ရွက်မည့်လုပ်ငန်း၏ အသေးစိတ်လုပ်ငန်းစဉ်များ (ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ပိုင်ဆိုင်မှုအပေါ် ခွဲဝေမှုရာခိုင်နှုန်း၊ နှစ်စဉ်ပြုပြင်ထိန်းသိမ်းကုန်ကျစရိတ်၊ အကျိုးအမြတ်ခွဲဝေမှုရာခိုင်နှုန်း၊ လုပ်ငန်းဆောင်ရွက်မည့်ကာလ၊ ရင်းနှီးမြှုပ်နှံမှု၏ အရင်းကျေကာလခန့်မှန်းချက်စသည်ဖြင့် အခြားဖော်ပြလိုသည်များ)

(င) အသုံးပြုမည့်မြေဧရိယာလိုအပ်ချက်၊

(စ) နေ့စဉ်အမှိုက်ကုန်ကြမ်းပေးပို့မှု သဘောတူညီချက်၊ (Tipping-Fees ပေးရန်လို/မလို)၊

(ဆ) ရေရှယ်သုံးစွဲမှုစနစ်၊

(ဇ) ထွက်ရှိစွမ်းအင်အပေါ် သုံးစွဲမှု/ရောင်းချမှုအတွက် မည်သည့်နှုန်းဖြင့်ဆောင်ရွက်မည်၊

(ဈ) Carbon Credit (Certifieed Emission Reduction) ရောင်းချရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ခွဲဝေမှု ရှိ/မရှိ၊

(ည) အခြားဖော်ပြလိုသည်များရှိပါက ထည့်သွင်းဖော်ပြရန်နှင့် Document များပူးတွဲရန်၊

မှတ်ချက်။ (၁) တင်ဒါအဆိုပြုတင်ပြရာတွင် ကုမ္ပဏီအဖွဲ့များ၏ Logo ပါသော Letter Head များ အသုံးပြုတင်သွင်းရန်ဖြစ်ပါသည်။

(၂) လုပ်ငန်းကိစ္စနှင့်စပ်လျဉ်း၍ လိုအပ်သည့်သတင်းအချက်အလက်များ၊ ကိန်းဂဏန်းများ အသေးစိတ်သိရှိရယူလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ၃၈လမ်းဈေး (အပေါ်ထပ်)၊ ကိုးထပ်ရုံး၊ တတိယအလွှာ၊ အမှတ်(၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၆၅၇၁၊ ၀၉-၅၀၈၇၂၂၁၊ ၀၉-၅၁၈၇၈၅၄ တို့သို့ ဆက်သွယ်ရယူနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေလှူမိတ်ဆွေ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်မြို့နေ၊ ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်ခင်လေးမြင့်တို့၏ သားကြီး
မောင်ဇော်ထွန်းလင်း B.A (Hist:) Yangon Crown
ကုမ္ပဏီလိမိတက်
နှင့်
ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥယျာဉ်ပင်မြို့နေ
ဦးခင်ဝင်း-ဒေါ်သန်းမေတို့၏သမီးထွေး
မနီလာ B.E (Civil)
လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ ပန်းတောင်းမြို့နယ်
တို့သည် ၂၃-၁၂-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် ပြည်မြို့ရှိ MINGALAR Garden Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ထွန်းလင်း-မနီလာ

ဒီဇင်ဘာသားအဖအတွက် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ခင်ပွန်း ဦးဆူရပါ၍ (ဦးမိုင်လား)၏ ၃၁-၁၂-၂၀၁၂ ရက်တွင် ကျရောက်သော (၄၃)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်နှင့် ၂၆-၁၂-၂၀၁၂ ရက်တွင်ကျရောက်သော ချစ်သားငယ် မောင်ခန့်ဇော(Grade-V) အထက-၂ မင်္ဂလာဒုံ(အောင်ဆန်းသူရိယ လှသောင်းကျောင်း)၏ (၁၀)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပြီး ဆန္ဒနှင့်ဘဝထပ်တူ ကျနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ဇနီး - ဒေါ်သန်းသန်းလှ (ဂဲနက်စ် Mobile phone & store) (တာချီလိတ်မြို့)
ချစ်သားကြီး - မောင်ရန်နိုင်ထွန်း [Grade X (ACA ပညာရိပ်ငြိမ်)]
ချစ်သားလတ် - မောင်လှိုင်မင်းထွန်း [Grade VII (အထက-၂ မင်္ဂလာဒုံ)] (အောင်ဆန်းသူရိယလှသောင်းကျောင်း)

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် ၃၅ အီး[၁]၊ မြေကွက်အမှတ် ၁၉ဒီ၂/ ဂျီ၃၊ ၅၉ဒီ၂/ဂျီ[၁]၊ မြေကွက်တည်နေရာအမှတ် ၃၄၊ ကမ္ဘာအေးဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်စောသူဇာ၊ ဒေါ်မေမေသွင်၊ ဦးဝင်းမြင့်အမည်ပေါက် ဂရန်နှိ မြေပိုင်မြေအား အမည်ပေါက် ဦးဝင်းမြင့်ကွယ်လွန်သဖြင့် ဒေါ်မျိုးသော်သော်ထွေး ၁၂/ပဇတ(နိုင်)၀၀၁၆၁ က ကိတ္တိမသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ ပူးတွဲပိုင်ရှင် (၁)ဒေါ်မေမေသွင် ၁၂/လမတ(နိုင်)၀၀၄၉၁၀၊ (၂)ဒေါ်စောသူဇာ ၁၂/ဗဟန(နိုင်)၀၃၁၆၃၃ တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် ၃၅ အီး[၁]၊ မြေကွက်အမှတ် ၅၉ဒီ၂/ဆိုင်(လမ်း)၊ မြေကွက်တည်နေရာအမှတ် ၃၄၊ ကမ္ဘာအေးဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးဝင်းမြင့်၊ ဒေါ်စောသူဇာ၊ ဒေါ်မေမေသွင်အမည်ပေါက် ဂရန်နှိမြေပိုင်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးဝင်းမြင့် ကွယ်လွန်သဖြင့် ဒေါ်မျိုးသော်သော်ထွေး ၁၂/ပဇတ(နိုင်)၀၀၁၆၁ က ကိတ္တိမသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာသေစာရင်းတင်ပြ၍ ပူးတွဲပိုင်ရှင် (၁)ဒေါ်မေမေသွင် ၁၂/လမတ(နိုင်)၀၀၄၉၁၀၊ (၂)ဒေါ်စောသူဇာ ၁၂/ဗဟန(နိုင်)၀၃၁၆၃၃ တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဆွေးသည် အသက်

နိုင်ငံတကာအားကစားသတင်း

စိတ်လှုပ်ရှားဖွယ်ရာကောင်းမယ့် ချန်ပီယံရှစ်ပွဲစဉ်(၂၄)

ချန်ပီယံရှစ်ပွဲစဉ်(၂၄)ကို ဒီဇင်ဘာ ၂၆ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အရေးကြီးလာပြီဖြစ်တဲ့ ချန်ပီယံရှစ်ပွဲစဉ်တွေဟာ ဒီဇင်ဘာလမှာ နိုင်ပွဲတွေရယူထားနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်နေခဲ့ကြတဲ့အသင်းတွေမို့ အခုပွဲစဉ်ဟာ ပြတ်သားတဲ့ရလဒ်ကို ဖော်ဆောင်နိုင်ကြဖို့ အစွမ်းကုန်ကြိုးစားကြတော့မှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်တွေကို အားပေးနေကြတဲ့ပရိသတ်တွေဟာ ချန်ပီယံရှစ်ပွဲစဉ်တွေကိုလည်း အလွတ်မပေးဘဲ အားပေးကြရဦးမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားစရာကောင်းတဲ့ပွဲတွေ အဖြစ်မြင်တွေ့ကြရမှာဖြစ်ပါတယ်။

ကာဒစ်နှင့် ခရစ္စတယ်ပဲလေ့စ်

ခြေစွမ်းထက်မြက်တဲ့အသင်းနှစ်သင်းဆုံတွေ့တဲ့ပွဲဖြစ်တာမို့ အကြိတ်အနယ်ရှိလာမယ့် ပြိုင်ပွဲဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးပွဲရလဒ်ကိုကြည့်ရင် ကာဒစ်တို့ကနှစ်ပွဲနိုင်ပြီး ခရစ္စတယ်ပဲလေ့စ်တို့က တစ်ပွဲနိုင်ထားတာတွေ့ရပါတယ်။ ကာဒစ်ရဲ့နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် ဘလက်ဘန်းကိုလေးဂိုး-တစ်ဂိုးနဲ့ နိုင်ထားပြီး ပီတာဘရော့အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးထားပါတယ်။ ခရစ္စတယ်ပဲလေ့စ်ရဲ့ နောက်ဆုံးနှစ်ပွဲရလဒ်ကိုကြည့်ရင် ဘလက်ပူးကိုရော ဘာမင်ဂမ်အသင်းကိုပါ သရေပွဲဖြစ်အောင် ကစားထားနိုင်ပါတယ်။ ကာဒစ်ဟာ အိမ်ကွင်းမှာခြေမာတဲ့အသင်းမို့ ပရိသတ်တွေရဲ့ မျှော်လင့်ချက်ကို ပြည့်ဝအောင်စွမ်းဆောင်ပေးနိုင်ပါလိမ့်မယ်။

ဘန်စလေနှင့် ဘာမင်ဂမ်

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့သုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲစီအနိုင်ယူထားပြီး တစ်ပွဲသရေကျထားတာတွေ့ရပါတယ်။ နှစ်သင်းလုံးက ခြေအတက်အကျတူညီနေပြီး အားထုတ်မှုအပိုင်းကလည်း အပြိုင်ဖြစ်နေတာမို့ ဘာမင်ဂမ်တို့ အဝေးကွင်းမှာ အောင်ပွဲခံနိုင်မလားကြည့်ရမယ့်ပွဲပါ။ ဘန်စလေရဲ့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသလို ဘာမင်ဂမ်တို့ကလည်း တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားလို့ ခြေစွမ်းပိုင်းကတော့ တူညီနေတာကတော့အမှန်ပါပဲ။ ဒါကြောင့် ဒီပွဲဟာ နှစ်သင်းစလုံး အမှတ်ရဖို့ အပြိုင်ကြိုးစားကြမှာမို့ နှစ်ဖက်ပရိသတ်တွေအတွက် နှစ်သိမ့်စရာရလဒ် ဖြစ်သွားနိုင်ပါတယ်။

မစ်ဒယ်ဘရော့နှင့် ဘလက်ဘန်း

မစ်ဒယ်ဘရော့အတွက် ပွဲကျပ်ပါပဲ။ မစ်ဒယ်ဘရော့ဟာ အိမ်ကွင်းမှာ ခြေစွာတဲ့အသင်းဖြစ်ပေမယ့် ဘလက်ဘန်းရဲ့ အားထုတ်မှုက မစ်ဒယ်ဘရော့ကို အခက်အခဲတွေ့စေနိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှု မှတ်တမ်းကိုကြည့်ရင် ဘယ်အသင်းမှ အသာစီးရခဲ့တာမျိုးမရှိပါဘူး။ မစ်ဒယ်ဘရော့ရဲ့ နောက်ဆုံးနှစ်ပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဆွမ်ဆီးကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးပြီး ဝုဖ်ဟကိုတော့ နှစ်ဂိုးပြတ်နဲ့ နိုင်ထားပါတယ်။ ဘလက်ဘန်းကတော့ ကာဒစ်ကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးထားပြီး ဘလက်ပူးကိုလည်း နှစ်ဂိုးပြတ်နဲ့ ရှုံးထားပါတယ်။ နှစ်သင်းစလုံးအတွက် ပြတ်သားတဲ့ရလဒ်ပုံဖော်ဖို့ ခက်ခဲမယ့်ပွဲပါပဲ။

ဟားလ်စီးတီးနှင့် လက်စတာ

လက်စတာကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဟားလ်စီးတီးတို့သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးထားခဲ့ပါတယ်။ ဒါပေမယ့် ဟားလ်စီးတီးရဲ့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲစလုံးအနိုင်ယူထားတာ တွေ့ရပါတယ်။ လက်စတာတို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် ဘန်စလေကို သရေ၊ မီဝေါလ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တာမို့ ခြေစွမ်းပိုင်းနဲ့ စိတ်ဓာတ်ပိုင်းယိမ်းယိုင်နေတာတော့အမှန်ပါပဲ။ အိမ်ရှင်ဟားလ်စီးတီးပရိသတ်တွေအတွက် စိတ်ကျေနပ်စရာတွေ ဖြစ်စေနိုင်မယ့်ပွဲဖြစ်ပါလိမ့်မယ်။

ဘန်လေနှင့် ဒါဘီ

ဘန်လေရောဒါဘီပါ ရုန်းကန်အားတွေ တူညီနေပါတယ်။ လောလောဆယ်မှာတော့ ဒါဘီဟာ ခြေစွမ်းပြနိုင်နေပြီး နိုင်ပွဲတွေကို ပုံဖော်ကစားနိုင်နေပါတယ်။ ဒါဘီတိုက်စစ်မှူးတွေဟာ ဂိုးရအောင်သွင်းယူတဲ့နေရာမှာ တွန်းတွန်းတိုက်တိုက်နဲ့ ရဲရဲဝံ့ဝံ့ထိုးဖောက်နိုင်သူတွေဖြစ်ပါတယ်။ ဒါပေမယ့် ဘန်လေတို့က အိမ်ကွင်းမှာ ပျာယာမခတ်တတ်တာမို့ ဒါဘီရဲ့ တိုက်စစ်ကို ကောင်းကောင်းဟန့်တားနိုင်ပါလိမ့်မယ်။ ဘန်လေရဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲရှုံး၊ တစ်ပွဲသရေဖြစ်ထားပြီး ဒါဘီတို့ကတော့ နှစ်ပွဲစလုံး အနိုင်ကစားနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် အိမ်ကွင်းအားသာချက်နဲ့တုံ့ပြန်မယ့်ဘန်လေကြောင့် ဒီပွဲမှာနှစ်ဖက်ပရိသတ်တွေအတွက် မျှတတဲ့ရလဒ်ကို ထွက်ပေါ်ဖို့ များနေပါတယ်။

ဘော်လ်တန်နှင့် ရှက်ဖီး

ဘော်လ်တန်ဟာ ပြီးခဲ့တဲ့ပွဲ ရှက်ဖီးကွင်းမှာ ကစားခဲ့တုန်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားခဲ့ပါတယ်။ ကစားအားတက်ပြီး အနိုင်ရလိုမှု စိတ်ဓာတ်မြင့်မားနေတဲ့ ဘော်လ်တန်ဟာ ဒီပွဲမှာ အမာခံကစားသမားတွေကို ပွဲထုတ်ပါလိမ့်မယ်။ ဘော်လ်တန်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိသေးပါဘူး။ ရှက်ဖီးတို့ကတော့ ဘရစ္စတိုးကိုရှုံးပြီး ဘန်စလေကိုတော့ အနိုင်ယူထားနိုင်ပါတယ်။ ဘော်လ်တန်ရဲ့ ခြေစွမ်းတက်လာမှုကြောင့် ရှက်ဖီးတို့ အနိုင်ဆိုတဲ့ရလဒ်နဲ့ ကျောခိုင်းရဖွယ်ရှိနေပါတယ်။

ချာလ်တန်နှင့် နော့ဝှစ်

အိမ်ရှင်ချာလ်တန်တို့အတွက် ခြေကုန်ထုတ်မှ တော်ကာကျမယ့်ပွဲပါပဲ။ ဧည့်သည်နော့ဝှစ်ဟာ မီဝေါလ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ကစားခဲ့တဲ့ ခြေစွမ်းက သတိထားစရာပါ။ ဒါပေမယ့် လိဒ်အသင်းကို အဝေးကွင်းမှာ နှစ်ဂိုးပြတ်ရှုံးနိမ့်ထားတာမို့ ခြေစွမ်းအတက်အကျတော့ ရှိနေတာအမှန်ပါပဲ။ ချာလ်တန်ရော နော့ဝှစ်ပါ ခြေစွမ်းအားတူညီနေပြီး စိတ်ဓာတ်ပိုင်းပါ ကွာဟမှုမရှိတာမို့ အိမ်ရှင်ပရိသတ်တွေ ရင်ပူစရာဖြစ်ပေမယ့် ဒီပွဲမှာ ရလဒ်ကောင်းအောင် ချာလ်တန်တို့ စွမ်းဆောင်ပါလိမ့်မယ်။

မောင်မောင်မြင့်ဆွေ
ရေးသားသည်

အားကစားသတင်း အတိုအထွာ

- မန်စီးတီးအသင်းမှ အားကစားဒါရိုက်တာတစ်ဦးဖြစ်သူ ဘီဂီရစ်စတိန်းသည် အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်အား ခေါ်ယူနိုင်ရေး ဆွေးနွေးလျက်ရှိသည်။
- တူရကီဂိုးသမား အသက် ၂၄ နှစ်အရွယ်ရှိ ဆီနန်ဘိုလက်အား ပြောင်းရွှေ့ကြေး ပေါင် ၈၀၀၀၀၀ ဖြင့် ခေါ်ယူရန် ဖူလ်ဟမ်က စီစဉ်လျက်ရှိသည်။
- ဘရစ်တန်အသင်းမှ တောင်ပံကစားသမား ဝီလ်ဘက်လေအား ဆောက်သမ်ပတန်အသင်းနည်းပြ နီရယ်အက်ကင်စ်က လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့၌ ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ချယ်လ်ဆီးမှ ဝက်စ်ဘရွန်းအသင်းသို့ အငှားချထားသော အသက် ၁၉ နှစ်အရွယ်တိုက်စစ်မှူး လူကာဘူက ရာသီကုန်သည်အထိ ဝက်စ်ဘရွန်း၌သာ ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဝေလတိုက်စစ်မှူး အသက် ၂၉ နှစ် အရွယ်ရှိ စတိဗ်မောရစ်ဆင်အား ဗီလာအသင်းက ခေါ်ယူစာချုပ်ရန် ပြင်ဆင်လျက်ရှိသည်။
- မန်စီးတီးတောင်ပံကစားသမား အသက် ၂၃ နှစ်အရွယ်ရှိ ဆင်ကလဲယားအား အဲဗာတန်က အငှားစာချုပ်ဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူမည်ဖြစ်သည်။
- အမေရိကန်ဂိုးသမား အသက် ၄၁ နှစ်အရွယ်ရှိ ဘရက်ဖရစ်ဒယ်အား စပါးအသင်းက ခေါ်ယူမည်ဖြစ်သည်။
- ကီလ်မာနော့ခ်အသင်းမှ အသက် ၂၂ နှစ်အရွယ်ကွင်းလယ်ကစားသမားလိန်ကီလီအား ဝက်စ်ဟမ်းနှင့် နော့ဝှစ်အသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- ရှော်လ်ကေးအသင်းတိုက်စစ်မှူး ဟန်တေလာအား စာချုပ်သစ်ချုပ်ဆိုလိုက်ပြီးဖြစ်ရာ အာဆင်နယ်အသင်းက ခေါ်ယူရေးကြိုးစားမှုမှာ ပျက်ပြယ်သွားပြီဖြစ်သည်။
- ရက်ဒင်းမှရှရှားတိုက်စစ်မှူး ပေါလ်ပိုဂရီဘက်အား စာချုပ်သစ်ချုပ်ဆိုရေးအတွက် အသင်းပိုင်ရှင်နှင့်တာဝန်ရှိသူများ ဆွေးနွေးလျက်ရှိသည်။
- ဗီလာကို နှစ်ဂိုးပြတ်အနိုင်ယူခဲ့သည့် ချယ်လ်ဆီးမှ နောက်ခံလူ ကာတေးလ်က မိမိတို့သည် ပရီမီယာလိဂ်ဖလားရယူရေး လမ်းကြောင်းပေါ်မှ သွေဖည်မှုမရှိသေးကြောင်း ထုတ်ဖော်ပြောကြားသည်။
- လီဗာပူးအသင်းနည်းပြ ရော့စ်ဂျားစ်က အသင်းခေါင်းဆောင် ဂျရတ်အား စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းထားသည်။
- လီဗာပူးနောက်ခံကစားသမားဟောင်း စတိဗ်နီကိုလ်က တိုက်စစ်မှူး ဒေါင်းနင်းသည် အရည်အချင်းပြည့်ဝသော တိုက်စစ်မှူးမဟုတ်ကြောင်း ပြစ်တင်ဝေဖန်လိုက်သည်။
- မန်ယူနည်းပြ ဖာဂူဆန်က ဆွမ်ဆီးတိုက်စစ်မှူး အသက် ၂၆ နှစ်အရွယ်ရှိ မီချူအား ခေါ်ယူရန် ကြိုးစားသွားမည်ဟု ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

Laser Printer Toner
Refill - 2,500Kyats

OASIS

ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၃-၁၂-၂၀၁၂ရက် (တနင်္ဂနွေနေ့) မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့သော ၈၀-၈၃ စက်မှုကျောင်းသားဟောင်းများမှ Royal Garden Restaurant ၌ စက်မှုဆရာများအား ကန်တော့မည့်အစီအစဉ်တွင် မြန်မာနိုင်ငံစက်မှုအင်ဂျင်နီယာအသင်း (MSME) တည်ထောင်ခြင်းအခမ်းအနားသို့ အတူပါဝင်တက်ရောက်ရင်း ဆရာများကို နှစ်ပေါင်းစုံပူးပေါင်းကန်တော့ပူဇော်ကြမည်ဟု ဆိုလိုပါသည်။

(ညစာစားပွဲမှာ ယခင်အတိုင်းဖြစ်ပါသည်။)

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား ဝိုင်း(ခ)ကိုဇင်ဖြိုးကျော်နှင့် ဗဟန်းမြို့နယ်၊ မြလမ်း၊ အမှတ် ၄၇၊ သုံးလွှာနေ ဦးကျော်ငြိမ်း-ဒေါ်စိန်စိန်တို့၏သမီး ဖြိုးလေး(ခ) မဖြိုးဖြိုးဝေတို့၏ စေ့စပ်လက်ထပ်မင်္ဂလာဧည့်ခံပွဲကို မိခင်ဖြစ်သူ ကျွန်မအနေဖြင့် လုံးဝ(လုံးဝ) သဘောမတူသဖြင့် အသိအမှတ်မပြုပါကြောင်းနှင့် ကြော်ငြာပါသည့်ရက်မှစ၍သားအဖြစ်မှ စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်နီတာ(ခ)ဒေါ်မေမြင့်
၉၉/၅၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊
ကျိုက္ကဆံရပ်ကွက်၊ ဗဟန်း

အရှုနဂါး
ချောင်းသာ/ဆွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

ပလင်းတန် ဖွံ့ဖြိုးဖို
စာအုပ်စာပေ လေ့လာစို

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တာချီလိတ်မြို့နေ ဦးမူမင်းလီ-ဒေါ်လော်စူးကျွမ်း၊
ဦးဂူချင်ရှမ်း-ဒေါ်လင်ရှန်ဖုန်တို့၏မြေး၊
ဦးကျော်သိန်း(ခ)ဦးမူထိန်ကို-ဒေါ်နှင်းကြည်(ခ)ဒေါ်ဂူချိုရင်တို့၏ စတုတ္ထသား

မောင်စိုင်းလှထွေး(ခ)Zu An

Bachelor of Science in Business Administration
(Industrial Management)
Assumption University, Thailand

နှင့်

ရန်ကုန်မြို့နေ (ဦးဇော်ညွှန့်-ဒေါ်ထူး)၊(ဗိုလ်မှူးချုပ်မြင့်မောင်-စစ်ရေးချုပ်-ငြိမ်း၊ ဥက္ကဋ္ဌ- ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့-ငြိမ်း-ဒေါ်ခင်သန်း)တို့၏မြေး
ဦးထွန်းခိုင်-ဒေါ်ခိုင်ဇော်(President, Earth Group of Companies)
တို့၏သမီးကြီး

မခိုင်ဇာမြင့်(ခ)Tee Tee

Bachelor of Science in Business Administration (Finance),
University of San Francisco, USA
Master in International Business,
University of Wollongong, Australia

တို့သည် ၂၀-၁၂-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ အင်လျားလမ်းနေအိမ်၌ နှစ်ဖက်သော လူကြီးမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းမင်္ဂလာ ကျင်းပပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုင်းလှထွေး-မခိုင်ဇာမြင့်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပညာရေးအတွက်တံတားတစ်စင်းခင်းပေးစေချင်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ ရေလဲ၌ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ မြို့၏ဂုဏ်ကိုဆောင်သော အခြေခံကျောင်းလေးတစ်ကျောင်းဖြစ်ပါသည်။

ထိုကျောင်းခွဲသို့ မြို့နယ်အတွင်းရှိ သင်္ဘောအင်း၊ မိုးစစ်၊ ရေလဲနှင့်အထက်ရွာစဉ်တို့မှ ကျောင်းသားကျောင်းသူလေးများ၏ ပညာရည်နို့သောက်စို့ရာ မိခင်ကျောင်းတော်ကြီးလည်း ဖြစ်ပါသည်။

နယ်ကျောင်းလေးပင်ဖြစ်လင့်ကစား ပြီးခဲ့သောနှစ်က အောင်ချက်ရာနှုန်းမှာ ၃၉ ဒသမ ၅၈ ဖြင့် မြို့နယ်၏ အောင်ချက်အကောင်းဆုံး အဆင့်သုံးတွင် ဂုဏ်တင့်စွာ ရပ်တည်နိုင်ခဲ့ပါသည်။

ယခုအခါ ထိုကျောင်းတော်သို့ သွားရာလမ်းတစ်ခုဖြစ်သည့် ရေလဲပေါက် (ရေသွားရာလမ်း)မှာ မြစ်မင်းဧရာ၏ တိုက်စားမှုကြောင့် ထိုရေပေါက်မှာ ပိုမိုကျယ်ဝန်းလာခဲ့ပြီး တာလမ်းအတိုင်း သွားရန်မဖြစ်နိုင်တော့ပါ။ ကျောင်းတက်ရက်မပျက်နိုင်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကိုယ့်အားကိုယ်ကိုးကာ အရေးပေါ်ပြုပြင်မှုများ ပြုလုပ်ခဲ့ရသည်။ **(အပေါ်ယာပုံ)**

အရေးပေါ်အားချင်း ပြုလုပ်ခဲ့ရခြင်း၊ ပစ္စည်းမစုံလင်ခြင်းတို့ကြောင့် ပုံတွင်မြင်ရသည့် တံတားမှာ ယိုင်တိယိုင်တိုင်ခိုင်ခံ့မှုမရှိ၊ သေသပ်မှုမရှိခြင်းကြောင့် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံများ အတွက် အချိန်မရွေး အန္တရာယ်ရှိလာနိုင်ပါသည်။ သို့အတွက် သက်ဆိုင်ရာမှ ပံ့ပိုးမှုကို မျှော်လင့်လျက် ပညာရေးအတွက်တံတားတစ်စင်းခင်းပေးနိုင်ရန် တင်ပြလိုက်ရပါသည်။

လသန်အောင် (ကချင်မြေ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅း၃၀	ကုလသုတ္တန် တရားတော် (မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ)
၆း၂၅	စိန်ဘုရားများသီတင်းသုံးရာပဒုမ္မာ
၇း၃၀	MRTV-4 သတင်း
၈း၅၅	ကလေးတို့အတွက်လမ်းညွှန် (City Baby Club)
၁၂း၂၅	ဈေးဝယ်လမ်းညွှန် (TOKUTOKUYA)
၁း၀၀	ကုလသုတ္တန် တရားတော် (မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ)
၂း၀၀	MRTV သတင်း
၅း၀၀	ပန်းကလေးများ၏ အနာဂတ် လှပစေတာ STUDY ABROAD ၏စေတနာ
၅း၂၀	Minute to Win It
၆း၀၀	MRTV-4 သတင်း
၆း၁၅	Drive It
၆း၄၅	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး**(အပိုင်း-၅၃)
၇း၄၅	ပြန်လည်ခံစား ၂၀၁၀ အကယ်ဒမီ ဖက်ရှင်များ
၈း၀၀	MRTV-4 သတင်း
၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅	Let's Talk It
၁၂း၀၀	World of Knowledge (About Korea: Seoul's Soul)
၁း၃၀	Japan Video Topics Amezaiku Candy Seulpture
၁း၃၅	အသည်းကင်ဆာရောဂါအကြောင်း သိကောင်းစရာ
၂း၀၀	လွယ်ကူသက်သာစားစရာ ကျောက်ဖရုံယိုပြုလုပ်နည်း
၂း၀၅	Treasure From The Earth (အပိုင်း-၁)
၂း၃၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	မြတ်ပန်းပွင့်၏ မြတ်နိုးဖွယ်ရာ
၄း၃၀	ပြင်ဦးလွင်ရဲ့ ရွှေခြသေ့်
၄း၄၅	ရှုမှတ်များနှင့်ငြိမ်းအေးစေခဲ့သော ဗောဓိရိပ်ငြိမ်တောရ

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့နှင့် ခန္တီးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၃၅ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁၂-၂၀၁၂
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သံသာချိုအေးမင်္ဂလာတေး
၈း၁၀	ပန်းပျိုးသောလက် (ပျဉ်းမနားမောင်နီသင်း)
၈း၃၀	ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ
၈း၄၀	International News

ညပိုင်း

၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
၅း၁၀	(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲဆီသို့ **လေဟုန်ကိုခွင်းမာန်ကိုသွင်း၍ ရဲပံ့တည်ကြည်မြားပစ်မည်**
၅း၂၀	International Science News
၆း၀၀	ညနေခင်းသတင်း
၇း၄၀	အလင်္ကာဝတ်ရည်မြန်မာမှုတေး ဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၄) မြန်မာဗီဒီယိုဇာတ်လမ်း **မမေ့အပ်သောကဗျာ** ခန့်စည်သူ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-သန့်ဇင်အောင်)

ကျေးရွာမီးလင်းတော့မည်

ရေစကြို ဒီဇင်ဘာ ၂၅

ရေစကြိုမြို့နယ် သဲတောကျေးရွာသည် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးကော်မတီ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပခန်းကြီး ပခုက္ကူ ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်အားရယူနိုင်ရန် မြို့နယ် လျှပ်စစ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးလှမျိုး၏ ကြီးကြပ်မှုဖြင့် လိုင်းလုပ်သားကြီးများ၊ ဒေသခံများ ပူးပေါင်း၍ ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူလျက်ရှိရာ ပထမဆင့် တိုင်စိုက်ထူမှုမှာ လုပ်ငန်းများပြီးတော့မည်ဖြစ်ပြီး ဓာတ်အားကြိုးသွယ်တန်းခြင်း၊ ဆားဗစ်ကြိုးများ ချိတ်ဆက်၍ မီတာတပ်ဆင်ခြင်း၊ ထရန်စဖော်မာ ထိုင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကြာမီ မီးလင်းတော့မည်ဖြစ်ကြောင်း လျှပ်စစ်မီးလင်းရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

(ယာပုံ) (ဖေထွဏ်းဇော်-ရေစကြို)

ရန်ပွဲဖျန်ဖြေသူ ဓားထိုးခံရ

မြောင်းမြ ဒီဇင်ဘာ ၂၅

မြောင်းမြမြို့နယ် ရေကျော်ကုန်းကျေးရွာ၌ ရန်ပွဲဖြစ်၍ သွားရောက်ဖျန်ဖြေတားဆီးသူ ဓားထိုးခံရကြောင်းသတင်းရရှိသည်။ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၄ ရက်ည ၁၀ နာရီခန့်က မြောင်းမြမြို့နယ် ရေကျော်ကုန်းကျေးရွာနေ ဦးသန်းမြိုင် (၅၆) နှစ်သည် ရေကျော်ကုန်း ရွာထိပ်ရှိ နာရေးအိမ်၌ ရှိနေစဉ် လမ်းမပေါ်တွင် တစ်ရွာတည်းသား မြင့်ဦးနှင့် ငကျော် (၃၂) နှစ်တို့ နှစ်ဦးစကားများ ရန်ဖြစ်နေကြသည်ကို သွားရောက်ဖျန်ဖြေပေးရာ ငကျော်မှ ဦးသန်းမြိုင်ကို လှံဖြင့် ထိုးလိုက်ရာ ယာလက်မောင်းထိုးသွင်း ဒဏ်ရာတစ်ချက်၊ ယာပေါင် ထိုးသွင်း ဒဏ်ရာတစ်ချက်ရရှိသွားသည်။ ဦးသန်းမြိုင်၏ တိုင်တန်းချက်အရ မြောင်းမြ ရဲစခန်းမှ ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။

(ပုသိမ် လှကြည်)

Shwe Mine Yoon Travels & Tours Co.,Ltd
Jan 3, Feb 8, March 23 (120000 Ks)



ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမက ၁၂၊ သတ္တမတန်း(A)မှ မမေသဇင်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးစိန်ငွေး ၉/မထလ(နိုင်) ၁၀၄၀၅၂ ဖြစ်ပါသည်။ **ဦးစိန်ငွေး**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်နေ
ဦးရဲစိုး (Guru Education)-ဒေါ်တင်နွယ်(အထက်တန်းပြ၊ငြိမ်း)တို့၏သားငယ်

မောင်ရဲဗိုလ်ဗိုလ်အောင်

B.E(Electrical Power), LL.B, Diploma in Computer Arts (Project Engineer)
V Tech Equipment Pte.,Ltd. (Singapore)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ
ဦးသန်းဝင်း(Chairman)-ဒေါ်ခင်ထားရီ(ခိုင်သစ္စာ၊ ကျောက်မျက်နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်)တို့၏ သမီးကြီး

မခင်နှင်းရည်ဝင်း

B.A (English), B.Sc Eng, (Electronics)
Project Administrator Hong Kiat Construction Pte., Ltd (Singapore)

တို့၏ ၁၉-၁၂-၂၀၁၂ရက်တွင် ဗဟန်းမြို့နယ်နေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ကျောက်တံတားမြို့နယ် တွဲဖက်တရားသူကြီးဦးအောင်နိုင်စိုးအားလည်းကောင်း၊ ၂၂-၁၂-၂၀၁၂ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဦးခင်မောင်အေး(CB Bank ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်ဝတ်ရည်အေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ) (လူမှုထူးချွန်ပထမဆင့်)နှင့် ဇနီး သီရိသုမေ္မသီဂီဒေါ်အေးအေးသန်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မရွှေရည်နှင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မခင်အိရည်ဝင်း၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမေအိမွန်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ မောင်မင်းမင်း၊ မောင်ခန့်ဇော်လင်း၊ မင်္ဂလာသတို့သမီးအရံ မမြတ်ဟေမာဝင်း၊ မခိုင်ကြည်ခင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအစီအစဉ် ပြောကြားပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces Music Band အားလည်းကောင်း၊ မင်္ဂလာပန်းအလှဆင်ပေးသော Lynn Lynn အားလည်းကောင်း၊ မင်္ဂလာဆံပင်နှင့်မိတ်ကပ် ခင်စန်းဝင်းအားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော 7-Picture Photo Studio အဖွဲ့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Success မင်္ဂလာဖိတ်စာအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရန်အတွက် အစစအရာရာ ကူညီပေးခဲ့သော ဒေါ်Stella ကျော်ဝင်း (K.M.A Group)နှင့် သူငယ်ချင်း ကိုခင်မောင်သန်းတို့အားလည်းကောင်း၊Sedona Hotel မှ မန်နေဂျာ မလီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော မောင်နှမ၊ ဆွေမျိုးများနှင့်တကွ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ (အထူး) ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ရဲဗိုလ်ဗိုလ်အောင်-မခင်နှင်းရည်ဝင်း

အားကစားဆောင်းပါးနှင့် နယ်သတင်း

၂၀၁၃ MNL ပြိုင်ပွဲဝင် အသင်းများ မိတ်ဆက်(၁၀)

အဆင့်(၃)အတွင်းဝင်ရန် ရည်မှန်းထားသည့် နေပြည်တော် FC

သတင်း-ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) က ကြီးမှူး၍ ၂၀၁၃ MNL ပြိုင်ပွဲကို လာမည့် ဇန်နဝါရီလဆန်းပိုင်းမှစ၍ ကျင်းပတော့မည်ဖြစ်သည်။ ရာသီကြို ကာလတွင် ပြိုင်ပွဲဝင်အသင်းများမှာ အသင်းကို အကောင်းဆုံး အနေအထားရရှိအောင် ပြင်ဆင်လျက်ရှိပြီး MNL အသင်းများ၏ ပြင်ဆင်မှုအခြေအနေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိသည်။

၂၀၁၃ MNL ပြိုင်ပွဲဝင်အသင်းများမိတ်ဆက်(၁၀)အဖြစ် နေပြည်တော်အသင်းအကြောင်းကို ပရိသတ်များအတွက် ဖော်ပြပေးသွားမည်ဖြစ်သည်။

နေပြည်တော်အသင်းသည် ၂၀၁၀ ခုနှစ်တွင် ပေါ်ထွက်ခဲ့သော MNL အသင်းသုံးသင်းထဲတွင် အပါအဝင်ဖြစ်သည်။ အသင်းစတင်တည်ထောင်ချိန်ကတည်းက ပံ့ပိုးမှုအားကောင်းကောင်းဖြင့် အောင်မြင်မှုရရှိရန် ကြိုးပမ်းခဲ့သော်လည်း ထင်တိုင်းမပေါက်သေးသည့် အသင်းလည်းဖြစ်သည်။ နှစ်စဉ်မြန်မာ့ လက်ရွေးစင်ကစားသမားများ အပါအဝင် ပြည်တွင်းကစားသမားကောင်းများကို ခေါ်ယူခဲ့သော်လည်း ရာသီကုန်တွင် ပြင်ဆင်မှုနှင့်ထိုက်တန်သည့်အဆင့်မျိုး မရသေးပေ။ အမြင့်ဆုံးအောင်မြင်မှုအနေဖြင့် ၂၀၁၁ MFF CUP ရှုံး/ထွက် ပြိုင်ပွဲတွင် ဒုတိယနေရာရရှိခဲ့ခြင်းဖြစ်သည်။ အသင်းသက်တမ်းသုံးနှစ်တာကာလအတွင်း မျှော်မှန်းထားသည့် ရလဒ်မျိုး၊ အောင်မြင်မှုမျိုး မရသေးသောကြောင့် လာမည့်ရာသီတွင် အောင်မြင်မှုရရှိရန် နေပြည်တော်အသင်းမှာ ပြင်းပြင်းထန်ထန် ဆောင်ရွက်လျက်ရှိသည်။ အသင်းဖွဲ့စည်းမှုအပိုင်း၊ လေ့ကျင့်မှု၊ စိတ်ဓာတ်၊ စည်းကမ်းတို့ကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၁၃ MNL ပြိုင်ပွဲဝင်မည့် နေပြည်တော်အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက တစ်ကျော့ပြန်လည် ကိုင်တွယ်မည်ဖြစ်သည်။ နိုင်ငံခြားသား ကစားသမား လေးဦးစလုံးကို ခေါ်ယူအသုံးပြုသွားမည်ဖြစ်ပြီး ပြည်တွင်း ကစားသမားအင်အားကိုလည်း ကျစ်ကျစ်လျစ်လျစ်ဖြစ်စေရန် ပြုလုပ်ထားသည်။ ပြီးခဲ့သည့် ရာသီက အသုံး ပြုခဲ့သော တောင်ကိုရီးယားကစားသမားများဖြစ်သည့် ကွင်းလယ်လူ ဂျောင်နှင့် တောင်ပံကစားသမား ဆင်မ်တို့ကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုထားပြီး လီအန်ဒရိုနှင့် ဂျိုနသန်တို့ကို ခေါ်ယူတော့မည်မဟုတ်ပေ။ ယင်းနှစ်ဦးနေရာတွင် အစားထိုးရန်အတွက် ရတနာပုံနှင့် မကွေးကစားသမားဟောင်းကိုနေးနှင့် ထရီနီဒတ်နောက်ခံလူ မာရှယ်တို့ကို ပြန်လည်ခေါ်ယူထားသည်။

ရာသီသစ်အတွက် ပြင်ဆင်နေမှုနှင့်ပတ်သက်၍ နေပြည်တော်အသင်း CEO ဖြစ်သူ ဦးကျော်ဦးက အသင်းအောင်မြင်မှုရရှိရန်အတွက် ပြင်ဆင်မှုများ သေချာစွာပြုလုပ်နေကြောင်း နိုင်ငံခြားသား ကစားသမားလေးဦးစလုံး အသုံးပြုမည်ဖြစ်ပြီး ပြည်တွင်းကစားသမားအင်အားကိုလည်း ပိုမိုကျစ်လျစ်အောင် ပြုလုပ်ထားကြောင်း၊အထူးသဖြင့် ကစားသမားများ၏ စည်းကမ်းပိုင်းနှင့် လေ့ကျင့်မှုတို့ကို သေချာဂရုပြုဆောင်ရွက်နေကြောင်း၊ ကစားသမားများ၏ လေ့ကျင့်မှုကိုနေ့စဉ်မှတ်တမ်းတင်သလို စည်းကမ်းပိုင်းကိုလည်း အထူးကြပ်မတ်နေကြောင်း၊ ယခင်က ဆုပေးသည့်စနစ်ကိုသာကျင့်သုံးခဲ့ကြောင်း၊ လာမည့် ရာသီမှစ၍ ဆုပေး ဒဏ်ပေးစနစ်ကို ကျင့်သုံးကာ အောင်မြင်မှုရရှိလျှင် ဆုကြေးငွေချီးမြှင့်မည်ဖြစ်ပြီး စည်းကမ်းပိုင်း ချိုးဖောက်ပါကလည်း ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းကို တာဝန်ပေးထားပြီး ပြည်တွင်းနည်းပြများဖြင့်သာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရာသီများက မျှော်မှန်းထားသည့်အဆင့်မျိုးမရသေး၍ လာမည့်ရာသီတွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ပထမ ရည်မှန်းချက်မှာ အဆင့် (၅) အောက်မကျရန်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် အဆင့် (၁)မှ (၃)အတွင်း ဝင်အောင် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်အသင်းက ခေါ်ယူလိုက်သည့် ရတနာပုံနှင့် မကွေး ကစားသမားဟောင်း အိုင်ဗရီကို့စ် ကွင်းလယ်လူ ကိုနေး။

ဦးကျော်ဦး
နေပြည်တော်အသင်း CEO

နေပြည်တော်အသင်းတွင် ပိုင်ရှင်နှင့်ဥက္ကဋ္ဌအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးစိုးသီဟ၊ CEO အဖြစ် ဦးကျော်ဦး၊ အတွင်းရေးမှူးအဖြစ် ဦးဝင်းထူးအောင်၊နည်းစနစ်အကြံပေးအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်း၊ နည်းစနစ်ဒါရိုက်တာအဖြစ် ဦးမျိုးဝင်း၊ အုပ်ချုပ်သူအဖြစ် ဦးဇော်ဝင်း(ခ)ဘီနီး၊ လက်ထောက်နည်းပြများ အဖြစ် ဦးကျော်လွင်၊ ဦးကျော်မင်းထူး၊ ဂိုးနည်းပြအဖြစ် ဦးဇော်ဝင်းနိုင်တို့က ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းကစားသမား ၂၅ ဦး၊ နိုင်ငံခြားသား ကစားသမား လေးဦးတို့ဖြင့် အသင်းကို ဖွဲ့စည်းသွားမည်ဖြစ်သည်။

ရထားဝင်လာသည်ကို ဂိတ်စောင့်က အလံပြသော်လည်း

ရထားလမ်းကိုဖြတ်ကျော်မောင်းနှင်သူ ဆိုင်ကယ်နှင့်ရထားတိုက်မိ၍ ဒဏ်ရာပြင်းထန်စွာရရှိ

ပုသိမ် ဒီဇင်ဘာ ၂၅

ပုသိမ်မြို့ ကိုးဆူစံပြကျေးရွာနေ သူရဖြိုးဝေ ၁၉နှစ်သည် ဒီဇင်ဘာ ၁၄ ရက် နံနက် ၈နာရီခွဲခန့်တွင် တစ်ရွာ တည်းနေ ရဲမင်းအောင် ၂၂နှစ် လိုက်ပါကာ ၁၆ယ/. . . . ဆိုင်ကယ်ဖြင့် ပညာရေး ကောလိပ် သူငယ်ချင်းထံသွားရန် ရထားလမ်းဖြတ်ဂိတ်မှ ရထားလမ်းကို ဖြတ်ကျော် မောင်းနှင်မည်ပြုစဉ် အိမ်မဲမြို့ဘက်မှ မောင်းနှင်လာသော RBE-၂၅၅၇ ရထားက ပုသိမ်မြို့သို့ ဝင်လာစဉ် ရထားလမ်းမိုင်တိုင်အမှတ် (၁၈၈/၄) အရောက် ရထားဂိတ်စောင့် အလံပြဝန်ထမ်းက သူရဖြိုးဝေအား ခေတ္တ စောင့်ဆိုင်းပေးရန် သတိပေးသည်။ သူရဖြိုးဝေကရှေ့မှ ဖြတ်သန်းသွားကြသော သူငယ်ချင်းများ၏ ဆိုင်ကယ်ကို အမီလိုက်ပါလိုသောဇောဖြင့် ရထားရှေ့ ဖြတ်သန်းမောင်းလိုက်စဉ် နောက်မှ လိုက်ပါလာသူ ရဲမင်းအောင်က ခုန်ချလိုက်သည်။

ထိုစဉ် သူရဖြိုးဝေနှင့် ဆိုင်ကယ်ကို ရထားပွတ်ချိတ်တိုက်သွားသဖြင့် သူရဖြိုးဝေမှာ မိုင်တိုင် (၁၈၈/၅) အနီး၌ ဦးခေါင်းချိုးစောင်းချိုင့်ဝင်ဒဏ်ရာ တစ်ချက်၊ ဝဲနားထင်ပွန်းပဲ့ဒဏ်ရာ၊ ဝဲယာ ခြေချောင်းများ၊ယာလက်ချောင်းများ ဒဏ်ရာများ ရရှိသွားသဖြင့် ကုသနေရသည်။

စစ်ဆေးဆောင်ရွက်

အဆိုပါယာဉ်တိုက်မှုကို ဒုရဲအုပ် စိုးထိုက်ဦး(ယာဉ်ထိန်း)၏ တိုင်တန်းချက်အရ ပုသိမ်အမှတ်(၂)ရဲစခန်းကအမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၅

၂၀၁၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ၇၃ လမ်းနှင့် ၂၆ လမ်းဆုံ မင်္ဂလာတံတားထိပ်စုရပ်နေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်ဦးဆောင်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ အားကစားလုပ်ငန်းဆပ်ကော်မတီများ၊ မန္တလေးခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၊ အခြေခံပညာကျောင်းများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မန္တလေး ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်မြို့နယ်တို့မှ ဝန်ထမ်းများနှင့်ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၄၄၀၀ ကျော်တို့က စုရပ်နေရာမှစတင်တာထွက်၍ ကျုံးတောင်ဘက် ၂၆ လမ်းအတိုင်း ၆၆ လမ်းအထိ၊ ထိုမှ ကျုံးအရှေ့ဘက်လမ်းအတိုင်း မြောက်ဘက်သို့ ၁၉ လမ်းအထိ၊ ထိုမှ လာလမ်းအတိုင်း စုရပ်နေရာအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲကြကြောင်း သိရှိရသည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**

တောင်တွင်းကြီး၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး အသစ်များ နည်းလမ်းတကျရွေးချယ်

တောင်တွင်းကြီး ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်များကို ဒီဇင်ဘာလဆန်းပိုင်းလောက်မှစ၍ ရွေးချယ်ပွဲ ကျင်းပလျက်ရှိရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများရပ်ကွက်၊ ကျေးရွာအလိုက်ရပ်မိရပ်ဖ ငါးဦးစီတို့၏ကြီးကြပ်မှုဖြင့်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်များကို နည်းလမ်းတကျ ရွေးချယ်ခဲ့ကြသည်။

တောင်တွင်းကြီးမြို့နယ် မြို့ပေါ် (၁၀) ရပ်ကွက်၊ ကျေးရွာ ၇၂ အုပ်စုဖြင့် ဖွဲ့စည်းထားသဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအသစ် ၈၂ ဦးတို့အား ဒီဇင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(နိုင်ဝင်း)**

ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ရန် ကြီးကြပ်ရေးအဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေး

ရေကြည် ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရေကြည်ခန်းမ၌ ဒီဇင်ဘာ ၂၂ရက် နံနက် ၉ နာရီက ရေကြည်ဒေသ ရပ်ကွက်/ကျေးရွာ ၆၁ အုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရန် ကြီးကြပ်ရေးအဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်က ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးဆိုင်ရာကိစ္စနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့သည်။ မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်ဒုတိယဦးစီးမှူး ဦးစိုးညွန့်ရွှေတို့က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ရာ အခမ်းအနားသို့ ရပ်ကွက်/ကျေးရွာ ၆၁ အုပ်စုမှ ကြီးကြပ်ရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်စု ၆၁ အုပ်စုမှ ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၃၈၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၈၁)**

စာပေမြင့်မှ လူမျိုးတင့်မည်

ဦးရာလူ ရမည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ ကားလမ်းမကြီးဘေး၊ မြေညီ၊ ပြင်ဆင်ပြီး၊ လူနေဆိုင်ခန်း။

ဖုန်း-၀၉-၄၂၀၁၂၃၄၁၉၊ ၀၁-၅၈၄၅၅၄

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ သုခလမ်း၊ အမှတ်(၂၄/၂၆)ရှိ သုံးခန်းတွဲတိုက်၏ ပေ(၁၅×၅၀) လေးလွှာ၊ ထောင့်ခန်း(တစ်လွှာ)ခြေရင်းခန်း၊ (ဝဲဘက်ခန်း)ကို ပိုင်ရှင် ဦးညွန့်ဝင်း ၁၂/အစန(နိုင်)၁၃၉၁၂၄ဆိုသူထံမှ ဝယ်ယူရန် ကျွန်တော်၏ မိတ်ဆွေက စရန်ငွေများပေးချေခဲ့ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ကျွန်တော့်ထံ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ-

ဦးစိုးအောင် (စဉ်-၆၉၁၄)
B.A, R.L, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၆၀၊ ၄ဝါလမ်း၊ ဌာနာရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ/တိုးချဲ့)၊ မြေကွက်အမှတ်(၁၇-E)၊ ဧရိယာ ၀ဒသမ ၀၈၃ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်မောင်ရီ ၁၃/မဘန(နိုင်)၀၁၀၉၇၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးစီးအောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းတင့် LL.B,LL.M
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၂၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၇၆၀၁၃

★ ဝယ်မည်/ငှားမည် ★

... (ISM ...)

... Customer ...

Estate Myanmar Co., Ltd : 01-512029, 701062, 704942

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကိုမိုးကျော်အောင် ၉/ညဥန(နိုင်)၀၇၃၁၄၂ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာ၊ ရွှေလယ်ရပ်နေ ဦးကြည်သောင်း ၉/ညဥန(နိုင်)၀၇၃၁၂၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးကြည်သောင်း၊ ဒေါ်အေးမြိုင်တို့၏ ပဋ္ဌမမြောက်သားဖြစ်သူ မောင်မိုးကျော်အောင်သည် မိဘများစိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်နေပြီး ယခုအခါ မိဘများ သဘောမတူသည့်အမျိုးသမီးနှင့် ထိမ်းမြားလက်ထပ်ကာ မိဘနှင့်ညီအစ်ကို မောင်နှမများအား ဆန့်ကျင်သောစကားများပြောဆို၍ နေအိမ်မှ ၄င်း၏သဘောဆန္ဒအတိုင်း အပြီးအပိုင်ထွက်ခွာသွားပါသဖြင့် မိဘညီအစ်ကိုမောင်နှမများနှင့် ယနေ့မှစ၍ လုံးဝသက်ဆိုင်ခြင်းမရှိဘဲ အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ပြီး ၄င်းနှင့် ပတ်သက်သောကိစ္စအရပ်ရပ်ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးချို LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၂၃)
သိဿရပ်၊ အနော်ရထာနယ်မြေ၊ ပုဂံမြို့သစ်၊
မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၀၂၅၀၄၄၇၇

ကြော်ငြာ

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် သာသနိက အဆောက်အအုံများပြုပြင်ရန် အလှူရှင်များသို့ နှိုးဆော်လွှာ

၁၁-၁၁-၂၀၁၂ရက် နံနက် ၇နာရီ ၄၂မိနစ် ၃၇စက္ကန့် အချိန်တွင် အင်အား (၆.၈)ရစ်ချ်တာစကေးရှိ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၄)မြို့နယ်တို့တွင် အောက်ပါဘုရားစေတီပုထိုး၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံစသည့် သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ရာ ပြန်လည်တည်ဆောက်ပြုပြင်ရန်အတွက် စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(က) အကြီးစားပြင်ဆင်ရန် ဘုရားစေတီပုထိုးများ (ကျပ်သိန်း ၃၀နှင့်အထက်)

၁။	အောင်မြေသာစံမြို့နယ်	စန္ဒာမုနိဘုရား (၉၅-သိန်း)
၂။	အောင်မြေသာစံမြို့နယ်	မဟာလောကသရဖူဘုရား (၃၇-သိန်း)
၃။	အောင်မြေသာစံမြို့နယ်	အရိပ်မထွက်ဘုရား (၃၆-သိန်း)
၄။	အောင်မြေသာစံမြို့နယ်	နေထွက်ဂူဘုရား (၃၀-သိန်း)
၅။	အောင်မြေသာစံမြို့နယ်	လေးမျက်နှာဘုရား (၃၀-သိန်း)
၆။	ချမ်းအေးသာစံမြို့နယ်	ရွှေဘုံသာဘုရား (၃၄-သိန်း)
၇။	ချမ်းအေးသာစံမြို့နယ်	ရှင်ပင်ပက်လက်ရေစက်လက်ဘုရား(၃၀-သိန်း)
၈။	ပြည်ကြီးတံခွန်မြို့နယ်	ဝေသာလီဘုရား (၉၀-သိန်း)
၉။	အမရပူရမြို့နယ်	စွယ်တော်မြတ်စေတီ (၁၀၀၀-သိန်း)
၁၀။	အမရပူရမြို့နယ်	ရွှေလင်းပင်ဘုရား (၄၀၀-သိန်း)
၁၁။	အမရပူရမြို့နယ်	ပုထိုးတော်ကြီးဘုရား (၁၂၀-သိန်း)
၁၂။	အမရပူရမြို့နယ်	ကျောက်တော်ကြီးဘုရား (၈၅-သိန်း)
၁၃။	အမရပူရမြို့နယ်	မှန်ဘုရား (၃၀-သိန်း)
၁၄။	ကျောက်ဆည်မြို့နယ်၊ သင်းတောင်ရွာ	ရွှေတောင်ထိး(၆၅-သိန်း)
၁၅။	စဉ့်ကိုင်မြို့နယ်၊ တအုံကျေးရွာ	မြစည်းခုံစေတီ (၃၅-သိန်း)
၁၆။	တံတားဦးမြို့၊ အမှတ် (၂)ရပ်ကွက်	မင်္ဂလာစေတီ (၁၅၀-သိန်း)
၁၇။	တံတားဦးမြို့၊ အမှတ် (၂)ရပ်ကွက်	ဆေးအိုးဖို (၅၀-သိန်း)
၁၈။	တံတားဦးမြို့၊ မီးသွေးတိုက်ရပ်	လောကသရဖူ (၇၀-သိန်း)
၁၉။	တံတားဦးမြို့၊ ဟံသာဝတီရပ်ကွက်	လေးထပ်ကြီး (၆၀-သိန်း)
၂၀။	တံတားဦးမြို့၊ ဟံသာဝတီရပ်ကွက်	စန္ဒာမုနိ (၃၅-သိန်း)
၂၁။	စဉ့်ကူးမြို့၊ အမှတ် (၁)ရပ်ကွက်	ဒီပင်္ကရာဘုရား(၃၄၃.၅-သိန်း)
၂၂။	စဉ့်ကူးမြို့၊ အမှတ် (၁)ရပ်ကွက်	ရွှေကျောက်မှော်ဘုရား(၂၀၂.၅-သိန်း)
၂၃။	စဉ့်ကူးမြို့၊ အမှတ် (၁)ရပ်ကွက်	ရွှေရပ်တော်ဘုရား (၁၆၇.၇-သိန်း)
၂၄။	စဉ့်ကူးမြို့၊ အမှတ် (၁)ရပ်ကွက်	မိုးကုတ်ရိပ်သာစေတီ (၃၇.၅-သိန်း)
၂၅။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	မြသိန်းတန်ဘုရား (၄၉၃.၅-သိန်း)
၂၆။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	ရွှေစည်းခုံဘုရား (၃၈၁-သိန်း)
၂၇။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	လောကမုနိဘုရား(၂၀၀-သိန်း)
၂၈။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	ရွှေကွင်းဆွဲဘုရား(၂၃၂.၅-သိန်း)
၂၉။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	ရွှေကူကြီးဘုရား(၂၃၁-သိန်း)
၃၀။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	ရတနာရွှေဂူဆိပ်ကမ်းသာဘုရား(၁၈၀-သိန်း)
၃၁။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	တောင်လေးလုံးစေတီ (၈၇-သိန်း)
၃၂။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	ပေါ်တော်မူဘုရား (၇၆.၅-သိန်း)
၃၃။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	ဘုရားနီလိုဏ်ဂူဘုရား(၇၅-သိန်း)
၃၄။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	ရွှေတောင်မည်းဘုရား (၄၅-သိန်း)
၃၅။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	ရွှေအုတ်ခွက်ဘုရား (၄၅-သိန်း)
၃၆။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	အောင်ချမ်းသာဘုရား(၃၇.၅-သိန်း)
၃၇။	စဉ့်ကူးမြို့၊ အမှတ် (၂)ရပ်ကွက်	သဒ္ဓမ္မဝေပုလ္လဘုရား(၃၇.၅-သိန်း)
၃၈။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ကောင်းမှုတော်ဘုရား(၂၂၅-သိန်း)
၃၉။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ကောင်းမှုတော်ဘုရား(၁၈၀-သိန်း)
၄၀။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ရွှေဘုံသာဘုရား (၁၅၀-သိန်း)
၄၁။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ဝေဇယန္တာကိုးတောင်ပြည့်ဘုရား (၁၅၀-သိန်း)
၄၂။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ချမ်းသာကြီးဘုရား(၁၅၀-သိန်း)
၄၃။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ဦးကျော်မြင့်ဦးဘုရား(၁၃၅-သိန်း)
၄၄။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ကျိုက်ထီးရိုးဘုရား (၁၂၀-သိန်း)
၄၅။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	လျောင်းလဲကိုယ်တော်လေးမျက်နှာဘုရား(၁၂၀-သိန်း)
၄၆။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	လျောင်းလဲကိုယ်တော်ဘုရား(၁၀၅-သိန်း)
၄၇။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ဦးညိုမှိုင်းဘုရား(၁၀၅-သိန်း)
၄၈။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ရွှေအင်းမ တနင်္လာနံဘုရား(၄၅-သိန်း)
၄၉။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ရွှေအင်းမ အင်္ဂါနံဘုရား (၄၅-သိန်း)
၅၀။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ဦးတိက္ခဘုရား(၃၀-သိန်း)
၅၁။	စဉ့်ကူးမြို့နယ်၊ ငပြင်းအင်းရွာ	အောင်ချမ်းသာဘုရား(၂၅၁.၂၅-သိန်း)
၅၂။	စဉ့်ကူးမြို့နယ်၊ ငပြင်းအင်းရွာ	ဒီပါအေးမြဘုရား (၂၀၁-သိန်း)
၅၃။	စဉ့်ကူးမြို့နယ်၊ ရွှေလှေရွာ	မြတ်ဘုန်းထွဋ်တင်ဘုရား (၃၇.၅-သိန်း)
၅၄။	စဉ့်ကူးမြို့နယ်၊ ရွှေလှေရွာ	အောင်ချမ်းသာဘုရား(၃၀-သိန်း)
၅၅။	စဉ့်ကူးမြို့နယ်၊ ဘုံသာကုန်းရွာ	ရွှေသိမ်တော်ဘုရား(၂၂၅-သိန်း)
၅၆။	စဉ့်ကူးမြို့နယ်၊ ဘုံသာကုန်းရွာ	မြစေတီဘုရား(၁၀၅-သိန်း)
၅၇။	စဉ့်ကူးမြို့နယ်၊ ထုံးကြီးရွာ	ဆုတောင်းပြည့်ဘုရား(၆၀ သိန်း)
၅၈။	စဉ့်ကူးမြို့နယ်၊ ထုံးကြီးရွာ	စိုးရမာန်အောင်ဘုရား(၃၀ သိန်း)
၅၉။	စဉ့်ကူးမြို့နယ်၊ ရွာသစ်ကလေးရွာ	အောင်ချမ်းသာဘုရား(၇၅ သိန်း)
၆၀။	စဉ့်ကူးမြို့နယ်၊ ရွာသစ်ကလေးရွာ	အောင်ချမ်းသာဘုရား အရံစေတီ(၆၇.၅ သိန်း)
၆၁။	စဉ့်ကူးမြို့နယ်၊ ခူလယ်ရွာ	ရွှေမြင်တင်တောင်ဘုရား (၃၂၂.၅ သိန်း)
၆၂။	စဉ့်ကူးမြို့နယ်၊ မာလဲရွာ	ရွှေမာလဲဘုရား (၁၀၀.၅ သိန်း)
၆၃။	စဉ့်ကူးမြို့နယ်၊ ရေရှင်ရွာ	မင်းပန်းတောင်ဘုရား (၁၀၀.၅ သိန်း)
၆၄။	စဉ့်ကူးမြို့နယ်၊ လက်ဆည်ဦးရွာ	ကုဋ္ဌာသယဘုရား (၇၅ သိန်း)
၆၅။	စဉ့်ကူးမြို့နယ်၊ နတ်တောင်ရွာ	မဟာပုညဝတီဘုရား (၇၅ သိန်း)
၆၆။	စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးရွာ	ဆုတောင်းပြည့်စေတီ(၆၀ သိန်း)
၆၇။	စဉ့်ကူးမြို့နယ်၊ ချောင်းဝရွာ	ကံသာကျောင်းဘုရား(၄၅ သိန်း)
၆၈။	စဉ့်ကူးမြို့နယ်၊ အင်္ဂတီးရွာ	တောင်ပေါ်ဘုရား(၄၅ သိန်း)
၆၉။	စဉ့်ကူးမြို့နယ်၊ ဇီးကုန်းရွာ	အောင်ကျော်ဇေယျမြသိန်းတန်စေတီ(၃၇.၅ သိန်း)
၇၀။	စဉ့်ကူးမြို့နယ်၊ ပြရွာ	ဆုတောင်းပြည့်ဘုရား (၃၀ သိန်း)
၇၁။	စဉ့်ကူးမြို့နယ်၊ လက်ပံကုန်းရွာ	လောကမာရဇိန်ဘုရား (၃၀ သိန်း)
၇၂။	စဉ့်ကူးမြို့နယ်၊ ဆင်ကျွန်းရွာ	ရွာမဦးကျောင်းဘုရား(၃၀ သိန်း)
၇၃။	စဉ့်ကူးမြို့နယ်၊ ထီးကုန်းရွာ	ရွှေကြက်ကျဘုရား (၃၀ သိန်း)
၇၄။	သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်	အောင်စကြာစေတီ(၁၂၄.၂ သိန်း)
၇၅။	သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်	အောင်ချမ်းသာစေတီ(၅၄ သိန်း)
၇၆။	သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်	ရွာမစေတီ(၁)(၃၃.၇၅ သိန်း)
၇၇။	သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်	ရွှေမြင်တင်စေတီ(၃၃.၇၅ သိန်း)
၇၈။	သပိတ်ကျင်းမြို့၊ ကဘဲ့ရပ်ကွက်	ရွှေတိဂုံပုံတူစေတီ(၁၀၀သိန်း)
၇၉။	သပိတ်ကျင်းမြို့၊ ကဘဲ့ရပ်ကွက်	မဟာဗောဓိစေတီ(၇၂.၉သိန်း)
၈၀။	သပိတ်ကျင်းမြို့၊ ကဘဲ့ရပ်ကွက်	ကျိုက်ထီးရိုးစေတီ(၄၀.၅သိန်း)
၈၁။	သပိတ်ကျင်းမြို့၊ ကဘဲ့ရပ်ကွက်	ဓမ္မစကြာစေတီ(၃၇.၈ သိန်း)
၈၂။	သပိတ်ကျင်းမြို့၊ ရေညွှာဦးရပ်	တောင်ပေါ်အလယ်စေတီ(၁၃၀သိန်း)
၈၃။	သပိတ်ကျင်းမြို့၊ ရေညွှာဦးရပ်	အောင်ချမ်းသာစေတီ(၁၂၁.၅သိန်း)
၈၄။	သပိတ်ကျင်းမြို့၊ ရေညွှာဦးရပ်	တောင်ပေါ်သိမ်ဦးစေတီ(၁၂၀သိန်း)
၈၅။	သပိတ်ကျင်းမြို့၊ ရေညွှာဦးရပ်	တောင်ပေါ်အနောက်စေတီ(၁၁၀သိန်း)
၈၆။	သပိတ်ကျင်းမြို့၊ ရေညွှာဦးရပ်	ရွာဦးစေတီ(၁၀၀ သိန်း)
၈၇။	သပိတ်ကျင်းမြို့၊ ရေညွှာဦးရပ်	ရှစ်မျက်နှာစေတီ(၉၅သိန်း)
၈၈။	သပိတ်ကျင်းမြို့၊ ရေညွှာဦးရပ်	ရွာထိပ်စေတီ(၃၇ သိန်း)
၈၉။	သပိတ်ကျင်းမြို့၊ ကျောက်ဖြာရပ်	လောကရံသီစေတီ(၂၄၃ သိန်း)
၉၀။	သပိတ်ကျင်းမြို့၊ ကျောက်ဖြာရပ်	မြတ်ဆုပန်စေတီ(၁၂၁.၅ သိန်း)
၉၁။	သပိတ်ကျင်းမြို့၊ ကျောက်ဖြူရပ်	ကျောက်ဖြူစေတီ(၁)(၄၀.၅သိန်း)
၉၂။	သပိတ်ကျင်းမြို့၊ ကျောက်ဖြူရပ်	ကျောက်ဖြူစေတီ(၃)(၄၀.၅သိန်း)
၉၃။	သပိတ်ကျင်းမြို့၊ ဝါးရုံကုန်းရပ်	ယောသိတာရုံကျောင်းစေတီ(၇၂.၉ သိန်း)
၉၄။	သပိတ်ကျင်းမြို့၊ ဝါးရုံကုန်းရပ်	ဆွမ်းစားကျောင်းစေတီ(၃၈.၄၅ သိန်း)
၉၅။	သပိတ်ကျင်းမြို့၊ တွင်းငယ်ရပ်	မဟာလောကမှန်ကူစေတီ(၇၂ သိန်း)
၉၆။	သပိတ်ကျင်းမြို့၊ တွင်းငယ်ရပ်	ရွှေကူကြီးစေတီ(၄၈ သိန်း)
၉၇။	သပိတ်ကျင်းမြို့၊ ကျောက်ကြီးရပ်	ရွာဦးစေတီ(၃၈.၈ သိန်း)
၉၈။	သပိတ်ကျင်းမြို့နယ်၊ စမွါယ်နဂိုရ်ရွာ	ချမ်းသာရစေတီ(၂၀၀ သိန်း)
၉၉။	သပိတ်ကျင်းမြို့နယ်၊ စမွါယ်နဂိုရ်ရွာ	ရွာဦးကျောင်းစေတီ(၂၀၀ သိန်း)
၁၀၀။	သပိတ်ကျင်းမြို့နယ်၊ စမွါယ်နဂိုရ်ရွာ	ကိုးနဝင်းစေတီ(၁၂၀ သိန်း)
၁၀၁။	သပိတ်ကျင်းမြို့နယ်၊ စမွါယ်နဂိုရ်ရွာ	မြသိန်းတန်တောင်စေတီ(၁၀၀ သိန်း)
၁၀၂။	သပိတ်ကျင်းမြို့နယ်၊ စမွါယ်နဂိုရ်ရွာ	ဓာတ်တော်တောင်စေတီ(၁၀၀ သိန်း)
၁၀၃။	သပိတ်ကျင်းမြို့နယ်၊ စမွါယ်နဂိုရ်ရွာ	မှတ်တော်မူစေတီ(၁၀၀ သိန်း)
၁၁၄။	မတ္တရာမြို့၊ လွန်တောင်းရပ်	ပေါ်တော်မူဘုရားနှစ်ဆူ (သိန်း ၄၀)
၁၁၅။	မိုးကုတ်မြို့၊ မြို့မရပ်ကွက်	ချမ်းသာကြီးအရံစေတီ (သိန်း ၅၀)
၁၁၆။	မိုးကုတ်မြို့နယ်၊ကျပ်ပြင်တောင်ပေါ်ကုန်း	ဘုရားသုံးဆူစေတီ (သိန်း ၃၀)
၁၁၇။	မိုးကုတ်မြို့နယ်၊ ကသဲကျေးရွာအုပ်စု	ရန်ကြီးအောင်စေတီဟောင်း (သိန်း ၃၀)
၁၁၈။	ဝမ်းတွင်းမြို့နယ်၊ ဆင်ချီတိုင်ရွာ	ရွှေကူကြီးဘုရား (၃၅ သိန်း)

(ခ) အလတ်စားပြင်ဆင်ရန် ဘုရားစေတီပုထိုးများ၏ (ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၃၀ အောက်)

၁။	မဟာအောင်မြေမြို့နယ်	နန်းဦးစေတီ (၁၂ သိန်း)
၂။	ပြည်ကြီးတံခွန်မြို့နယ်	ထိပ်စုကြီးဘုရား (၂၉ သိန်း)
၃။	ပြည်ကြီးတံခွန်မြို့နယ်	လေးထပ်ဗိုလ်ဘုရား (၂၈ သိန်း)
၄။	ပြည်ကြီးတံခွန်မြို့နယ်	အင်းခရာဘုရား (၂၆ သိန်း)
၅။	ပြည်ကြီးတံခွန်မြို့နယ်	အောင်မြေရွှေဘုံဘုရား (၂၆ သိန်း)
၆။	ပြည်ကြီးတံခွန်မြို့နယ်	လောကမဏိစူဠာဘုရား (၂၄ သိန်း)
၇။	ပြည်ကြီးတံခွန်မြို့နယ်	လေးမျက်နှာဘုရား (၂၂ သိန်း)
၈။	ပြည်ကြီးတံခွန်မြို့နယ်	ကံဓမ္မရာဇ်စေတီ (၁၆ သိန်း)
၉။	ပြည်ကြီးတံခွန်မြို့နယ်	ရွှေဂူလိုဏ်ဘုရား (၁၅ သိန်း)
၁၀။	ပြည်ကြီးတံခွန်မြို့နယ်	သင်ပန်းကုန်းတောင်ကျောင်းဘုရား (၁၂ သိန်း)
၁၁။	အမရပူရမြို့နယ်	မြသိန်းတန်ဘုရား (၂၁ သိန်း)
၁၂။	အမရပူရမြို့နယ်	ဖရဲကျွန်းရွာဦးဘုရား (၁၆ သိန်း)
၁၃။	အမရပူရမြို့နယ်	ရွှေကူကြီးဘုရား (၁၂ သိန်း)
၁၄။	ကျောက်ဆည်မြို့၊ ဈေးတန်းရပ်	ရွှေမုဋ္ဌောအရံစေတီ (၁၀ သိန်း)
၁၅။	ကျောက်ဆည်မြို့၊ ဈေးတန်းရပ်	ရွှေမုဋ္ဌောအရံစေတီ (၁၀ သိန်း)
၁၆။	ကျောက်ဆည်မြို့၊ ဈေးတန်းရပ်	ရွှေမုဋ္ဌောအရံစေတီ (၁၀ သိန်း)
၁၇။	ကျောက်ဆည်မြို့နယ်၊ ဘန္ဓဲ့ရပ်	အောင်တော်မူဘုရား (၁၀ သိန်း)
၁၈။	စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြုရပ်	ရွှေရောင်တော် (၂၀ သိန်း)
၁၉။	တံတားဦးမြို့နယ်၊ ဈေးချိုရပ်	လောကမာန်အောင် (၁၅ သိန်း)
၂၀။	တံတားဦးမြို့နယ်၊ ဥတည်ရပ်	ဂူတော်သစ် (၁၅သိန်း)
၂၁။	တံတားဦးမြို့နယ်၊ ဥတည်ရပ်	ထီးလှိုင်ရှင် (၁၂ သိန်း)
၂၂။	မြစ်သားမြို့နယ်၊ တောင်တွင်းရွာ	ရွှေဘုံသာ (၁၀ သိန်း)
၂၃။	စဉ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်	ပြည်လုံးချမ်းသာဘုရား (၂၈.၅ သိန်း)
၂၄။	စဉ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်	သဗ္ဗသိဒ္ဓိဘုရား (၂၂.၅ သိန်း)
၂၅။	စဉ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်	မြို့နယ်သာသနာ့ဗိမာန်ဘုရား (၁၅ သိန်း)
၂၆။	စဉ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်	ဖောင်တော်ဦးဘုရား (၁၅ သိန်း)
၂၇။	စဉ့်ကူးမြို့နယ်၊ တောင်အင်းရွာ	ငါးဆူဘုရား (၂၂.၅ သိန်း)
၂၈။	စဉ့်ကူးမြို့နယ်၊ တောင်အင်းရွာ	အောင်ချမ်းသာဘုရား (၁၅ သိန်း)
၂၉။	စဉ့်ကူးမြို့နယ်၊ တောင်အင်းရွာ	မော်ကွန်းစေတီ (၁၅ သိန်း)
၃၀။	စဉ့်ကူးမြို့နယ်၊ ဆည်သည်(မ)ရွာ	မော်လမြိုင်ကျောင်းဘုရား (၁၅ သိန်း)
၃၁။	စဉ့်ကူးမြို့နယ်၊ ဆည်သည်(မ)ရွာ	သိရီမင်္ဂလာကျောင်းဘုရား (၁၅ သိန်း)
၃၂။	စဉ့်ကူးမြို့နယ်၊ ဆည်သည်(တ)ရွာ	ဇစေတီဘုရား (၁၅ သိန်း)
၃၃။	စဉ့်ကူးမြို့နယ်၊ ဆည်သည်(တ)ရွာ	ဝိပဿနာကျောင်းဘုရား (၁၅ သိန်း)
၃၄။	စဉ့်ကူးမြို့နယ်၊ ဆီစုံရွာ	ဆူးတွင်ပြစ်ဘုရား (၂၂.၅ သိန်း)
၃၅။	စဉ့်ကူးမြို့နယ်၊ ဆီစုံရွာ	ကိုးတောင်ပြည့်ဘုရား (၁၅ သိန်း)
၃၆။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	ဦးစက်မောင်ဘုရား (၁၅ သိန်း)
၃၇။	စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာ	မဟာသီဝံဦးရွှေမန်းဘုရား (၁၅ သိန်း)
၃၈။	စဉ့်ကူးမြို့နယ်၊ ဒိုးပင်ကုန်းရွာ	ချမ်းအေးသာစံဘုရား (၁၅ သိန်း)
၃၉။	စဉ့်ကူးမြို့နယ်၊ ဒိုးပင်ကုန်းရွာ	ဥယျာဉ်ကျောင်းဘုရား (၁၅ သိန်း)
၄၀။	စဉ့်ကူးမြို့နယ်၊ ဇီးပင်ကုန်းရွာ	ရွှေထီးမဘုရား (၁၅ သိန်း)
၄၁။	စဉ့်ကူးမြို့နယ်၊ ဇီးပင်ကုန်းရွာ	အောင်ချမ်းသာဘုရား (၁၅ သိန်း)
၄၂။	စဉ့်ကူးမြို့နယ်၊ ကျောင်းဆိပ်ရွာ	ရန်မျိုးအောင်ဘုရား (၁၅ သိန်း)
၄၃။	စဉ့်ကူးမြို့နယ်၊ ကျောင်းဆိပ်ရွာ	အောင်ချမ်းသာဘုရား (၁၅ သိန်း)
၄၄။	စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ	ရွှေမုဋ္ဌောစေတီဘုရား (၂၂.၅ သိန်း)
၄၅။	စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ	ချမ်းသာရာဘုရား (၁၅ သိန်း)
၄၆။	စဉ့်ကူးမြို့နယ်၊ ရေတော်ရွာ	လေးကျွန်းစကြာဘုရား (၂၂.၅ သိန်း)
၄၇။	စဉ့်ကူးမြို့နယ်၊ ဆင်သေရွာ	အောင်ချမ်းသာဘုရား (၂၂.၅ သိန်း)
၄၈။	စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးရွာ	လကြီးတောင်နဂါးရုံဘုရား (၂၂.၅ သိန်း)
၄၉။	စဉ့်ကူးမြို့နယ်၊ နွယ်ရုံရွာ	နဂါးရုံဘုရား (၂၂.၅ သိန်း)
၅၀။	စဉ့်ကူးမြို့နယ်၊ ရုံးပင်သာရွာ	ဆုတောင်းပြည့်ဘုရား (၂၂.၅ သိန်း)
၅၁။	စဉ့်ကူးမြို့နယ်၊ ရွှေပြည်ရွာ	ရှေးဘုရား (၁၉.၅ သိန်း)
၅၂။	စဉ့်ကူးမြို့နယ်၊ ခူလယ်ရွာ	စကြံနှံတောင်ဘုရား (၁၉.၅ သိန်း)
၅၃။	စဉ့်ကူးမြို့နယ်၊ ငွေတောင်ရွာ	အောင်ချမ်းသာဘုရား (၁၈ သိန်း)
၅၄။	စဉ့်ကူးမြို့နယ်၊ ညောင်ပင်ပုရွာ	မဏိရတနာပုံကျောင်းဘုရား (၁၅ သိန်း)
၅၅။	စဉ့်ကူးမြို့နယ်၊ တံတားဦးရွာ	အေးချမ်းသာယာဘုရား (၁၅ သိန်း)
၅၆။	စဉ့်ကူးမြို့နယ်၊ အလယ်စုရွာ	လေးကျွန်းစကြာဘုရား (၁၅ သိန်း)
၅၇။	စဉ့်ကူးမြို့နယ်၊ ဟင်္သာဖိုရွာသစ်	အောင်မြေမင်္ဂလာဘုရား (၁၅ သိန်း)
၅၈။	စဉ့်ကူးမြို့နယ်၊ ဟင်္သာမရွာ	သုံးထပ်ကျောင်းဘုရား (၁၅ သိန်း)
၅၉။	စဉ့်ကူးမြို့နယ်၊ သဲအင်းရွာ	ချမ်းသာရာဘုရား (၁၅ သိန်း)
၆၀။	စဉ့်ကူးမြို့နယ်၊ လက်ပန်ဇင်ရွာ	စိုးရမာန်အောင်ဘုရား (၁၅ သိန်း)
၆၁။	စဉ့်ကူးမြို့နယ်၊ ရွှေဘယက်ရွာ	ငသက်မာန်ဘုရား (၁၅ သိန်း)
၆၂။	စဉ့်ကူးမြို့နယ်၊ လက်ပံကုန်းရွာ	ကိုးတောင်ပြည့်ဘုရား (၁၅သိန်း)
၆၃။	စဉ့်ကူးမြို့နယ်၊ ဆည်ကြီးရွာ	အောင်ချမ်းသာဘုရား (၁၅ သိန်း)
၆၄။	စဉ့်ကူးမြို့နယ်၊ ကျီးပင်သာရွာ	ဆုတောင်းပြည့်စေတီ (၁၅ သိန်း)
၆၅။	စဉ့်ကူးမြို့နယ်၊ ကန်တောင်ရွာ	ဒီဃာယုသေဋ္ဌေလောကမာရဇိန်ဘုရား (၁၅ သိန်း)
၆၆။	စဉ့်ကူးမြို့နယ်၊ ရေမျက်ရွာ	မဟာပြည့်ဝသဒ္ဓါ သစ္စာဘုရား (၁၀.၅ သိန်း)
၆၇။	သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်	နေလစေတီ (၂၄.၃ သိန်း)
၆၈။	သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်	ရွှေမြင်တင်စေတီ (၂၄.၃ သိန်း)
၆၉။	သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်	ပုဏ္ဏားစေတီ (၂၀.၂၅ သိန်း)
၇၀။	သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်	ရွာမစေတီ(၂) (၁၇.၅၅ သိန်း)
၇၁။	သပိတ်ကျင်းမြို့၊ ကဘဲ့ရပ်ကွက်	ရွှေဘုံသာစေတီ (၂၉ သိန်း)
၇၂။	သပိတ်ကျင်းမြို့၊ ကဘဲ့ရပ်ကွက်	သတ္တဌာနစေတီ (၂၇ သိန်း)
၇၃။	သပိတ်ကျင်းမြို့၊ ဝါးဖြူတောင်ရပ်	မြေနီတောင်စေတီ (၁) (၂၀ သိန်း)
၇၄။	သပိတ်ကျင်းမြို့၊ ဝါးဖြူတောင်ရပ်	အောင်ဆုပန်စေတီ(၂၀ သိန်း)
၇၅။	သပိတ်ကျင်းမြို့၊ ဝါးဖြူတောင်ရပ်	ဆုတောင်းပြည့်စေတီ (၁၅ သိန်း)
၇၆။	သပိတ်ကျင်းမြို့၊ ဝါးဖြူတောင်ရပ်	အောင်ချမ်းသာစေတီ(၁၅သိန်း)
၇၇။	သပိတ်ကျင်းမြို့၊ ဝါးဖြူတောင်ရပ်	မြေနီတောင်စေတီ (၂) (၁၀ သိန်း)
၇၈။	သပိတ်ကျင်းမြို့၊ ကျောက်ဖြူရပ်	ကျောက်ဖြူစေတီ(၂) (၂၀.၅ သိန်း)
၇၉။	သပိတ်ကျင်းမြို့၊ ကျောက်ဖြူရပ်	တောင်လယ်စေတီ(၁) (၂၀.၂ သိန်း)
၈၀။	သပိတ်ကျင်းမြို့၊ ကျောက်ဖြူရပ်	တောင်လယ်စေတီ(၂) (၂၀ သိန်း)
၈၁။	သပိတ်ကျင်းမြို့၊ တွင်းငယ်ရပ်	ဝိမုတ္တိစေတီ (၂၉ သိန်း)
၈၂။	သပိတ်ကျင်းမြို့၊ တွင်းငယ်ရပ်	သာသနာ ၂၅၀၀ စေတီ (၂၂ သိန်း)
၈၃။	သပိတ်ကျင်းမြို့၊ ဆယ်ဇင်းကုန်းရပ်	ဆုတောင်းပြည့်စေတီ (၂၅ သိန်း)
၈၄။	သပိတ်ကျင်းမြို့၊ ထွေးပင်မှော်ရပ်	ချမ်းမြေ့အေးစေတီ (၂၁.၆ သိန်း)
၈၅။	သပိတ်ကျင်းမြို့၊ ချောင်းကြီးရပ်	လောကချမ်းသာစေတီ (၂၀.၅ သိန်း)
၈၆။	သပိတ်ကျင်းမြို့၊ လက်ပံကုန်းရပ်	ရွာဦးစေတီ (၁၅ သိန်း)
၈၇။	သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ရွာ	ရွှေစည်းခုံစေတီ(၂၁.၅ သိန်း)
၈၈။	သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ရွာ	ကပ်ကျော်ဆုတောင်းပြည့်စေတီ (၂၀ သိန်း)
၈၉။	သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ရွာ	သိမ်တော်ဦးစေတီ(၁၅.၃၅ သိန်း)
၉၀။	သပိတ်ကျင်းမြို့နယ်၊ ၇ မိုင်ရွာ	ရန်အောင်မြင်ဘုရား (၂၂.၅ သိန်း)
၉၁။	မတ္တရာမြို့၊ အမှတ်(၅)ရပ်ကွက်	ရွှေကြက်ကျစေတီ (၂၀ သိန်း)
၉၂။	မတ္တရာမြို့၊ အမှတ်(၅)ရပ်ကွက်	ရွှေပုထိုးစေတီ (၂၀ သိန်း)
၉၃။	မတ္တရာမြို့၊ အမှတ်(၅)ရပ်ကွက်	ဘုရားနှစ်ဆူစေတီ (၂၀ သိန်း)
၉၄။	မတ္တရာမြို့၊ အမှတ်(၅)ရပ်ကွက်	ရွှေကြက်ယက်စေတီ (၁၅ သိန်း)
၉၅။	မတ္တရာမြို့၊ အမှတ်(၅)ရပ်ကွက်	၁၂ထပ်စေတီ (၁၅ သိန်း)
၉၆။	မတ္တရာမြို့၊ လွန်တောင်းရပ်	ဘုရားငါးဆူကျောင်းရှိ ဘုရားသုံးဆူ (၂၈ သိန်း)
